# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက် | ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ ၁၉ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ်(၀၅၀)


# တောင်တန်းပြည်မ စည်းလုံးညီညွတ်ရေးကို မျိုးစေ့ချမှတ်နိုင်ခဲ့တဲ့ ရှမ်းပြည်နယ်ကြီးမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး ခိုင်မာသာယာဝပြောအောင် ဆောင်ရွက်သွားကြဖို့ တိုက်တွန်းမျှော်လင့်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ထံမှ ရှမ်းနှစ်သစ်ကူးပွဲတော်အတွက် ပေးပို့သော သဝဏ်လွှာ**

(၁၉-၁၁-၂၀၁၇)

၁။ ယခု ကျင်းပတဲ့ ၂၁၁၂ ခုနှစ်၊ ရှမ်းနှစ်သစ်ကူးပွဲတော်မင်္ဂလာအခမ်းအနားမှာ ရှမ်းတိုင်းရင်းသားပြည်သူ မောင်နှမများအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။ အခုလို ဆုတောင်းမေတ္တာသဝဏ်လွှာပေးပို့ခွင့်ရတဲ့အတွက်လည်း ဝမ်းမြောက်ဂုဏ်ယူမိပါတယ်။

၂။ နှစ်သစ်ကူးချိန်ဆိုတာ နှစ်ဟောင်းက ကြိုးပမ်းအားထုတ်မှုတွေ၊ ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေကို ပြန်လည်ဆင်ခြင်သုံးသပ်ပြီး လာမယ့် နှစ်သစ်မှာ ကောင်းကျိုးမျှော်လင့်ခြင်းများကို ရယူနိုင်စေဖို့ ခွန်အားသစ်တွေကို မွေးကြရမယ့် အချိန်ကာလတစ်ခုလည်း ဖြစ်ပါတယ်။

၃။ ယခုလို နှစ်သစ်ကူးပွဲတော်မှာ ရှမ်းတိုင်းရင်းသားတို့ရဲ့ သမိုင်းအဆက်ဆက် ရှမ်းရိုးရာသီချင်းများ၊ ကဗျာများ သီကုံးရွတ်ဆိုကြခြင်း၊ ရိုးရာယဉ်ကျေးမှု အစဉ်အလာများကို ပြန်လည်ဖော်ထုတ် ဆင်နွှဲကြခြင်းများနဲ့အတူ တောင်တန်းပြည်မ စည်းလုံးညီညွတ်ရေးကို မျိုးစေ့ချမှတ်နိုင်ခဲ့တဲ့ ရှမ်းပြည်နယ်ကြီးမှတစ်ဆင့် ပြည်ထောင်စုကြီးတစ်ခုလုံး ခိုင်မာသာယာဝပြောအောင် ဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းမျှော်လင့်ပါတယ်။

၄။ ကျွန်မတို့ ပြည်ထောင်စုကြီးရဲ့ သားသမီးများအားလုံး ခေတ်အဆက်ဆက် သံသယများ၊ ပဋိပက္ခများ အပြီးတိုင် ချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေး အသီးအပွင့်တွေ ခံစားနိုင်တဲ့ ပတ်ဝန်းကျင်ကောင်းတစ်ခု ဖန်တီးထားရစ်နိုင်ခဲ့ဖို့၊ တည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်တဲ့ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုကြီးကို ကောင်းမွေအဖြစ် ပေးအပ်နိုင်ခဲ့ဖို့ မြန်မာ့လွတ်လပ်ရေးသမိုင်းမှာ အထင်ကရရှိလှတဲ့ ပင်လုံစိတ်ဓာတ်ကို အရင်းခံပြီး အောင်မြင်စွာ အတူလက်တွဲလျှောက်လှမ်းကြပါစို့လို့ နှစ်သစ်ကူး ဆုတောင်းမင်္ဂလာ ပို့သလိုက်ပါတယ်။

## (၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၈**

(၁၃)ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၂၀ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၈ နာရီ မိနစ် ၄၀ မှ စတင်၍ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယို အစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးသွားမည်ဖြစ်သည့်အပြင် MRTV Facebook page မှလည်း Live Streaming ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ပြည်တွင်းသတင်း- စာ-၄

## အေဆမ်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

ဆောင်းပါး- စာ-၆

## ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချပြီးနောက် ဆီးရီးယား အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှု စုံစမ်းစစ်ဆေးခြင်းကို အဆုံးသတ်

နိုင်ငံတကာသတင်း- စာ-၁၄




(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပစဉ်။ သတင်းစဉ်

# အေဆမ် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးဆက်လက်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

**မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (ASEM Senior Official's Meeting)ကို ယနေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန-၁ ရှိ မြခန်းမ၌ ဆက်လက်ကျင်းပသည်။**

*စာမျက်နှာ ၃ ကော်လံ ၅* ❄

မြန်မာ့အလင်း

# ဖြစ်ရပ်မှန်ကို မှန်ကန်စွာ လေ့လာဖို့လို

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆင်သည် မြန်မာနိုင်ငံသို့ နိုဝင်ဘာလ ၁၅ ရက်နေ့က တစ်ရက်ကြာခရီး လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့အား သီးခြားစီ တွေ့ဆုံခဲ့သည်။ ဤသည်မှာ အမေရိကန်အစိုးရ၏ တစ်နှစ်တာကာလအတွင်း အဆင့်မြင့်ဆုံး တာဝန်ရှိသူတစ်ဦးအဖြစ် လာရောက်ခြင်းလည်းဖြစ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဦးစွာ တွေ့ဆုံရာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ရက်စ်တေလာဆင်အား ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့သည့် အခြေအနေမှန်များ၊ ဘင်္ဂါလီများ တစ်ဖက်နိုင်ငံသို့ ထွက်ပြေးမှု အကြောင်းရင်းမှန်များ၊ ဥပဒေနှင့်အညီ ပြန်လည်လက်ခံရေး ဆောင်ရွက်မှုများ၊ လူသားချင်း စာနာထောက်ထားသော အကူအညီများ မျှတမှုရှိစေရန် လိုအပ်သည့် အခြေအနေများ၊ အစိုးရနှင့် တပ်မတော် အပြည့်အဝ ပူးပေါင်းဆောင်ရွက်နေမှုများ၊ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနှင့် အကြမ်းဖက်မှု တားဆီးကာကွယ်ရေးတွင် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအား အပြန်အလှန် ဆွေးနွေးခဲ့သည်ဟု သိရပါသည်။

ထို့နောက် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဆက်လက်တွေ့ဆုံခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှု အောင်မြင်ရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုအတွက် ဆက်လက်ကူညီပံ့ပိုးပေးရေး၊ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားနေသော အခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ပါသည်။

တွေ့ဆုံပွဲပြီးနောက် သတင်းစာရှင်းလင်းပွဲပြုလုပ်ရာတွင် ဝန်ကြီးတေလာဆင်က "အရေးယူပိတ်ဆို့မှုများဟာ လက်ရှိအချိန်တွင် မသင့်ကြောင်း၊ မြန်မာနိုင်ငံအောင်မြင်တာကို သူတို့မြင်လိုကြောင်း၊ အရေးယူပိတ်ဆို့မှုများက ပြဿနာအား ဖြေရှင်းနိုင်မည်ဟု ရှုမြင်ရန် ခက်ခဲကြောင်း"ဟု ပြောဆိုသွားသည်ကို တွေ့ရသည်။ ယခု မြန်မာနိုင်ငံ ခေါင်းဆောင်များနှင့် တရားဝင်တွေ့ဆုံရာတွင် ရခိုင်ပြည်နယ်အရေးနှင့် ပတ်သက်၍ အခြေအနေမှန်တချို့ကို ဝန်ကြီး တေလာဆင်အနေဖြင့် သိရှိနားလည်သွားမည်ဟုယူဆရသည်။ မြန်မာ့တပ်မတော်မှ အလွန်အကျွံ အင်အားသုံးစွဲခဲ့သည်ဆိုသော အချက်မှာ အထောက်အထားမရှိသော အချက်သာဖြစ်ပြီး အင်အားသောင်းဂဏန်းနီးပါး ပါဝင်ပတ်သက်နေသူ အကြမ်းဖက်သမားများက မိသားစုများပါ ခေါ်ယူတိမ်းရှောင်ကြခြင်းက အဓိက ဖြစ်ပါသည်။ ထွက်ပြေးသည်ဆိုရာမှာလည်း လုံခြုံရေးတပ်များ(သို့မဟုတ်)အခြား လူ့အသိုင်းအဝိုင်းများမှ အန္တရာယ်ပြုနေ၍ ထွက်ပြေးခြင်းမျိုး မဟုတ်ဘဲ ၎င်းတို့ ဆန္ဒအလျောက် အေးအေးဆေးဆေး ထွက်ခွာပြောင်းရွှေ့နေကြခြင်းသာ ဖြစ်သည်ကို မြေပြင်လက်တွေ့အခြေအနေများအရ တွေ့မြင်နိုင်ပေသည်။

နိုဝင်ဘာလ ၁၆ ရက်နေ့တွင်လည်း ကုလသမဂ္ဂ အထွေထွေညီလာခံ၏ လူ့အခွင့်အရေးကော်မတီက မူဆလင်နိုင်ငံများ တင်သွင်းသော ဆုံးဖြတ်ချက်ကို မဲအများစုဖြင့် အတည်ပြုခဲ့သည်။ ယင်းဆုံးဖြတ်ချက်တွင် ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက ၎င်းတို့အနေဖြင့် အကြမ်းဖက်မှုများကို အကြီးအကျယ် သတိပြုမိကြပြီး မြန်မာလုံခြုံရေးတပ်များက ဘင်္ဂါလီမွတ်စလင်များအပေါ် အလွန်အကျွံ အင်အားသုံးစွဲခဲ့မှုကို သတိပြုမိခဲ့သည် ဟု ဖော်ပြထားသည်ကို တွေ့ရသည်။

ဤသည်မှာ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးအနေဖြင့် မောင်တောအရေးကို တစ်စုံတစ်ရာ နားလည်သဘောပေါက်မှု ရှိခဲ့သည့်တိုင် ကုလသမဂ္ဂနှင့် OIC နိုင်ငံများ နားလည်လက်ခံအောင် ဆက်လက်ရှင်းပြရန်နှင့် လက်တွေ့ အကောင်အထည်ဖော်မှုများဖြင့် ပြသရန် လိုအပ်နေသေးကြောင်း တွေ့မြင်ရခြင်း ဖြစ်ပါသည်။

ဝန်ကြီးတေလာဆင်နှင့် ပူးတွဲသတင်းစာရှင်းလင်းပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "ရခိုင်ပြည်နယ်မှာ မတူညီတဲ့ လူ့အသိုင်းအဝိုင်းတွေ အများကြီးရှိနေတာကို မေ့ထားလို့မရကြောင်း၊ သူတို့အတူတကွ ရေရှည်ငြိမ်းငြိမ်းချမ်းချမ်း ညီညီညွတ်ညွတ် နေစေဖို့ဆိုရင် သူတို့အချင်းချင်း ဆန့်ကျင်အောင်လုပ်လို့ မရကြောင်း၊ သူတို့ကို နောက်ထပ်ကင်းကွာစေမယ့် ကြေညာချက်မျိုး မိမိတို့ထုတ်လို့မရကြောင်း၊ ဒါ့ကြောင့် ပြောခဲ့တာတွေနဲ့ ပတ်သက်လို့ မိမိတို့အလွန်ဂရုစိုက်ခဲ့တာဟာ ဒီအကြောင်းရင်းကြောင့်ပဲဖြစ်ကြောင်း" ပြောကြားခဲ့သည်။ ဤအချက်များအပါအဝင် လက်တွေ့မြေပြင်အခြေအနေများကို ကမ္ဘာ့ကုလသမဂ္ဂနှင့် OIC နိုင်ငံများ အလေးထား လေ့လာစဉ်းစားသင့်ပါကြောင်း တိုက်တွန်းလိုက်ရပါသည်။ ။

# အကြိမ်(၁၀၀)မြောက် စေတိယင်္ဂဏ ပရိယတ္တိ ဓမ္မာနုဂ္ဂဟ စာပြန်ပွဲ ဖွင့်ပွဲကျင်းပ



**ရန်ကုန် နိုဝင်ဘာ ၁၈**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် အကြိမ်(၁၀၀)မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီခွဲတွင် ရွှေတိဂုံစေတီတော် တောင်ဘက် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ သြဝါဒါစရိယ ဆရာတော်များ၊ စေတိယင်္ဂဏ နာယက သြဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက် စာမ ဆရာတော်များ၊ နိဗဒ္ဓသံဃာတော်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ စာပြန်ပွဲ ဝင်ရောက်ဖြေဆိုရန် ကြွရောက်တော်မူလာကြကုန်သော စာဖြေသံဃာတော်များ ကြွရောက်တော်မူကြပြီး ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင် ဒါယကာ ပရိသတ်များ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ရန်ကင်းမြို့နယ် မဟာဓမ္မိကာရုံ ပရိယတ္တိစာသင်တိုက် ကျိုက်ပိကျောင်း ဆရာတော် ဘဒ္ဒန္တ ဂုဏောသန ထံမှ ဂေါပကအဖွဲ့ဝင်များနှင့် ဒါယကာ ပရိသတ်များက ငါးပါးသီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် စာပြန်ပွဲ ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးတင်ဦးက အဖွင့် မင်္ဂလာစကား ပြောကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ၊ ဒွိပိဋကကောဝိဒ ကလေးဝတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဇာဂရာဘိဝံသ ထံမှ သြဝါဒကထာ နာကြားကြပြီး စာဖြေသံဃာတော်များက အာဂုံပြန်ဆိုကြသည်။ **(အပေါ်ပုံ)**

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့သည် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ပွဲကို ၁၃၄၅ ခုနှစ် (၆၇)ကြိမ်မြောက်ကာလမှစ၍ တာဝန်ယူကျင်းပခဲ့ရာ ယခု အကြိမ်သည် အကြိမ် (၁၀၀)မြောက် ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခင် (၉၉) ကြိမ်မြောက် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာနုဂ္ဂဟ စာပြန်ပွဲတွင် သီးခြားစာချတန်းမှ လေးပါးနှင့် သီးခြားစာသင်တန်းမှ ငါးပါး စုစုပေါင်း သံဃာတော် ကိုးပါး အောင်မြင်တော်မူခဲ့ပြီး ယခုနှစ် အကြိမ် (၁၀၀) မြောက် စာပြန်ပွဲတွင် သီးခြားစာချတန်း၌ ၂၇ ပါး၊ သီးခြား စာသင်တန်း၌ ၁၉၂ ပါး စုစုပေါင်း ၂၁၉ ပါးတို့ စာရင်းပေးသွင်းထားကြပြီး ယနေ့မှစ၍ နိုဝင်ဘာ ၂၄ ရက်အထိ သီးခြားစာသင်တန်း အာဂုံပြန် ဖြေဆိုသွားကြမည်ဖြစ်သည်။

ပရိယတ္တိသာသနာတော်ကြီး အရှည်တည်တံ့ခိုင်မြဲစေရန် အဇာတသတ်မင်း၏ ပစ္စယာနုဂ္ဂဟဖြင့် အရှင်မဟာ ကဿပ မထေရ် အကြီးအမှူးပြုသည့် ရဟန္တာ ၅၀၀ တို့က ပထမသင်္ဂါယနာ တင်တော်မူခဲ့သည်မှအစပြု၍ သာသနာ့ဝန်ဆောင် သံဃာတော်များက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြ၍ သာလျှင် ယခုအချိန်အထိ သာသနာတော် စည်ပင်ထွန်းကား ပြန့်ပွားလျက်ရှိသည်ဟု မှတ်သားသိရှိရသည်။

**ကိုကိုဇော်၊ ဓာတ်ပုံ-ဇော်မင်းလတ်**

# ကော့ကရိတ်မြို့၌ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးအတွက် ထရန်စဖော်မာများ ရောက်ရှိတော့မည်

**ကော့ကရိတ် နိုဝင်ဘာ ၁၈**

ကရင်ပြည်နယ် ကော့ကရိတ်မြို့သည် ဘားအံ- မြဝတီ- မဲဆောက်သို့သွားသည့် လမ်းကြောင်းပေါ်တွင် ရှိသော်လည်း ဘားအံ၊ မြဝတီမြို့များထက် စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုမှာ နောက်ကျကျန်နေလျက်ရှိရာ လျှပ်စစ်မီး မရရှိမှုသည်လည်း အရေးကြီးသည့် ကဏ္ဍတစ်ရပ်တွင် ပါဝင်နေသည်။ ကော့ကရိတ်မြို့လျှပ်စစ်မီးလင်းရေးအတွက် နှစ်ပေါင်းများစွာ အစိုးရအဖွဲ့အစည်း၊ ပြည်သူလူထုတို့ ကြိုးစားခဲ့ကြသော်လည်း အခက်အခဲပေါင်းများစွာနှင့် ရင်ဆိုင်ခဲ့ရသည်။

လျှပ်စစ်မီး၏ အရေးပါမှု၊ အကျိုးကျေးဇူးများမှုကို နားလည်သဘောပေါက်ကြသည့် ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်မီးရရှိရေး မျှော်လင့်တောင့်တနေကြသည်မှာ ဆယ်စုနှစ်များပင် ကြာမြင့်နေသည့်အတွက် မကြာမီကာလအတွင်း ၂၄ နာရီ လျှပ်စစ်မီးရရှိမည်ကို သို့လော သို့လောဖြင့် ယုံမှား သံသယများဖြင့် စောင့်ကြည့်နေကြစဉ် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရ၏ အစီအစဉ်ဖြင့် မကြာမီ ၂၄ နာရီ လျှပ်စစ်မီး တပ်ဆင်ပေးနိုင်ရန် နိုဝင်ဘာ ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် မီးစက်ကွန်တိန်နာများ၊ ထရန်စဖော်မာများ ကော့ကရိတ်မြို့သို့ ရောက်ရှိတော့မည်ဖြစ်သည်။ မီးစက်ကွန်တိန်နာများ၊ ၂၄ နာရီ မီးစက်ထရန်စဖော်မာများ ရောက်ရှိပါက ထားရှိမည့် မြေနေရာကိုလည်း တာဝန်ရှိသူများက ဆောင်ရွက်ပြီး ဖြစ်သောကြောင့် ဒေသခံပြည်သူများ အနေဖြင့် မိမိဒေသဖွံ့ဖြိုးရေး လုပ်ငန်းများတွင် တစ်စိတ်တစ်ပိုင်း ပါဝင်ဆောင်ရွက်နိုင်ပြီး တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း ပိုမို ကောင်းမွန်သည့် စီးပွားရေး အခွင့်အလမ်းကောင်းများ ပေါ်ပေါက်လာတော့မည် ဖြစ်ပါသည်။

**ခရိုင်(ပြန်/ဆက်)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၈-၁၁-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၅၅/၇၆၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၆၀/၇၇၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၀၅/၈၁၅ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၇၅/၇၈၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၆ . ၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၀ . ၆ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၄ . ၆ |
| ထိုင်း | တစ်ဘတ် | ၄၁ . ၃၁ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ . ၈၈ |
| တရုတ် | တစ်ယွမ် | ၂၀၅ . ၈၄ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၆ . ၄၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | |
|---|---|
| စာတည်းမှူးချုပ် | - အောင်နိုင်ဦး |
| စာတည်းမှူး | - ဝင်းရွှေ |
| စာတည်းမှူး | - မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၃၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# 8th Model ASEM 2017 လုပ်ငန်းအဖွဲ့များ အကြောင်းအရာအလိုက် ဆွေးနွေးပွဲကျင်းပ

## အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှု၊ ရွှေ့ပြောင်းသွားလာခြင်း၏ စိန်ခေါ်မှုများနှင့်အခွင့်အလမ်း၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရာသီဥတုပြောင်းလဲခြင်းတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများ ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

8th Model ASEM 2017 လုပ်ငန်းအဖွဲ့များ အကြောင်းအရာအလိုက် ဆွေးနွေးပွဲနှင့် အပြန်အလှန်ဆွေးနွေးပွဲများကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ-၂ (MICC-2) ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

**ဆွေးနွေး**

ဆွေးနွေးပွဲတွင် အဓိကအကြောင်း အရာခေါင်းစဉ်သုံးခုဖြစ်သည့် မိတ်ဖက်ပြုမှု၊ ငြိမ်းချမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်စပ်လျဉ်း၍ အာရှ-ဥရောပ နိုင်ငံများ အစည်းအဝေး ဆက်သွယ်မှုကြောင့် တီထွင်ဆန်းသစ်မှုနှင့် သတင်းနှင့် ဆက်သွယ်ရေးနည်းပညာ၊ ပညာရေး၊ ကျွမ်းကျင်မှု၊ လေ့ကျင့်မှုနှင့် အာရှ-ဥရောပ လူငယ်များကဏ္ဍ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှု၊ ရွှေ့ပြောင်းသွားလာခြင်း၏ စိန်ခေါ်မှုများနှင့်အခွင့်အလမ်း၊ ဆင်းရဲနွမ်းပါးမှု ပပျောက်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် ရာသီဥတုပြောင်းလဲခြင်းတို့နှင့် သက်ဆိုင်သည့် အကြောင်းအရာများကို ဆွေးနွေးကြသည်။

**ထုတ်ပြန်ချက်များ အတည်ပြု**

ထို့နောက် 8th Model ASEM လူငယ်များအကြား အပြန်အလှန် ဆွေးနွေးပွဲများ ပြုလုပ်ကြပြီး အုပ်စုတစ်ခုချင်းစီ၏ ဆွေးနွေးချက်များအပေါ်ရရှိသည့် ထုတ်ပြန်ချက်များ အတည်ပြုခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်ကြသည်။

ယနေ့ဆွေးနွေးပွဲသို့ အာရှနှင့် ဥရောပနိုင်ငံများမှ လူငယ် ၉၈ ဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ မြန်မာလူငယ် ၅၆ ဦး တက်ရောက်ကြသည်။ **သတင်းစဉ်**



8th Model ASEM 2017 လုပ်ငန်းအဖွဲ့များ အကြောင်းအရာအလိုက် ဆွေးနွေးပွဲနှင့် အပြန်အလှန်ဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်



❄ ***ရှေ့ဖုံးမှ***

အစည်းအဝေးသို့ ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့မှ အဆင့်မြင့်အရာရှိကြီးများ၊ ဩစတြေးလျ၊ ဩစတြီးယား၊ ဘင်္ဂလားဒေ့ရှ်၊ ဘယ်ဂျီယံ၊ ဘရူနိုင်း၊ ဘူဂေးရီးယား၊ ကမ္ဘောဒီးယား၊ တရုတ်၊ ခရိုအေးရှား၊ ဆိုက်ပရက်စ်၊ ချက်၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂရိ၊ ဟန်ဂေရီ၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ အိုင်ယာလန်၊ အီတလီ၊ ဂျပန်၊ ကာဇက်စတန်၊ ကိုရီးယား၊ လာအို၊ လတ်ဗီးယား၊ လစ်သူယေးနီးယား၊ လူဇင်ဘတ်၊ မလေးရှား၊ မော်လ်တာ၊ မွန်ဂိုလီးယား၊ မြန်မာ၊ နယ်သာလန်၊ နယူးဇီလန်၊ နော်ဝေ၊ ပါကစ္စတန်၊ ဖိလစ်ပိုင်၊ ပိုလန်၊ ပေါ်တူဂီ၊ ရိုမေးနီးယား၊ ရုရှား၊ စင်ကာပူ၊ ဆလိုဗက်ကီးယား၊ ဆလိုဗေးနီးယား၊ စပိန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ထိုင်း၊ အင်္ဂလန်နှင့် ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါ အေဆမ်အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို နိုဝင်ဘာ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် အေဆမ်ဆွေးနွေးဖက်များတွင် ဥရောပသမဂ္ဂ အဖွဲ့ဝင် ၂၈ နိုင်ငံ၊ ဥရောပသမဂ္ဂအဖွဲ့ဝင်မဟုတ်သည့် နိုင်ငံ နှစ်နိုင်ငံ၊ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံ၊ အရှေ့မြောက်နှင့် တောင်အာရှအုပ်စုဝင် ၁၁ နိုင်ငံ စုစုပေါင်း အဖွဲ့ဝင် ၅၁ နိုင်ငံနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများဖြစ်သည့် အာဆီယံ အတွင်းရေးမှူးချုပ်ရုံးနှင့် ဥရောပကော်မရှင်တို့ ပါဝင်ကြောင်း သိရသည်။

**သတင်းစဉ်**

**(၁၃)ကြိမ်မြောက် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစည်းအဝေးဖြစ်သည့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသို့ တက်ရောက်လာကြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။** သတင်းစဉ်

**ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နယ်တွင် ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို ခရိုင်ကျန်းမာရေးဌာနမှ ဆရာဝန်ကြီး ဒေါက်တာသန်းသန်းအေးနှင့်အဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့် အဖွဲ့ဝင်များ မြို့နယ်ရှိ ကျောင်းများနှင့် အောင်ပန်း၊ ဟဲဟိုးမြို့ရှိ ကျောင်းများတွင် နိုဝင်ဘာ ၁၅ ရက်မှစ၍ ကာကွယ်ဆေးထိုးနှံပေးစဉ်။** မြို့နယ် (ပြန်/ဆက်)



# အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတက်ရောက်ရန် ကိုယ်စားလှယ်များ ရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၁၃)ကြိမ်မြောက် အာရှ-ဥရောပနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ရန် ပိုလန်၊ လတ်ဗီးယားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ နိုင်ငံခြားရေးဒုတိယဝန်ကြီးများနှင့် ကာဇက်စတန်နိုင်ငံမှ သံအမတ်ကြီးတို့သည် ယနေ့ညပိုင်းတွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးနှင့် တာဝန်ရှိသူတို့က နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(ယာပုံ)** **သတင်းစဉ်**



# (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

**“ပြည်သူ့သဘောထားများကို ပုံဖော်ခြင်းမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးသောပန်းတိုင်များဆီသို့” ဆောင်ပုဒ်ဖြင့် ကျင်းပသော (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ တံ့ဂပူရီဟိုတယ်၌ ကျင်းပသည်။**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ Asia -Europe Foundation မှ အမှုဆောင်ဒါရိုက်တာ Mr. Karsten WARNECKE နှင့် တာဝန်ရှိသူများ၊ အာရှ - ဥရောပ ဖောင်ဒေးရှင်း အဖွဲ့ဝင်နိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က မြန်မာနိုင်ငံအနေဖြင့် ASEF ဆွေးနွေးပွဲကို ပထမဆုံးလက်ခံကျင်းပခြင်းဖြစ်ပြီး အာဆီယံနိုင်ငံများတွင် တတိယမြောက် လက်ခံကျင်းပသည့် နိုင်ငံဖြစ်ပါကြောင်း။

### ဖွဲ့စည်းရန် သဘောတူညီ

အတိတ်ကို ပြန်ကြည့်ပါက ဥရောပကော်မရှင်နှင့်အတူ အာရှ၊ ဥရောပ ၂၅ နိုင်ငံမှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည့် ပထမဆုံးသော ၁၉၉၆ ခုနှစ် ASEM အစည်းအဝေးသည် ၁၉၉၇ ခုနှစ်တွင် အာရှ - ဥရောပ ဖောင်ဒေးရှင်း တည်ထောင်နိုင်ရန်အတွက် လမ်းခင်းပေးခဲ့ခြင်း ဖြစ်ပါကြောင်း၊ အဆိုပါအစည်းအဝေးတွင် အေဆမ်ခေါင်းဆောင်များသည် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့များ၊ ပြည်သူများနှင့် ပညာရှင်များအကြား ဆွေးနွေးဖလှယ်မှု မြှင့်တင်နိုင်ရေးအတွက် အာရှ၊ ဥရောပနိုင်ငံများမှ အကြံညဏ်များကိုရယူပြီး အာရှ၊ ဥရောပ ဖောင်ဒေးရှင်းတစ်ရပ် ဖွဲ့စည်းရန် သဘောတူညီခဲ့ကြပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၄ ခုနှစ် အောက်တိုဘာလတွင် ကျင်းပသည့် (၅)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေး၌ အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ပါကြောင်း၊ ယခုအချိန်တွင် အေဆမ်၊ အေဆပ် အဖွဲ့ဝင်နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၅၃ ခု ရှိနေပြီဖြစ်ပါကြောင်း။

ယခင်ကချမှတ်ခဲ့သည့် ဦးတည်ချက်များနှင့်အညီ (၁၁) ကြိမ်မြောက် အေဆပ်ဆွေးနွေးပွဲကို ယနေ့ကျင်းပနိုင်တော့မည်ဖြစ်ပါကြောင်း၊ (၁၁)ကြိမ်မြောက် အာရှ - ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲအတွက် ရည်ရွယ်ချက်မှာ **“ပြည်သူ့သဘောထားများကို ပုံဖော်ခြင်းမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးသောပန်းတိုင်များဆီသို့”** ဟူ၍ဖြစ်ပါကြောင်း၊ ၎င်းတို့မှာ ၂၀၃၀ ပြည့်နှစ် အရောက်တွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားသည့် ဦးတည်ချက် ၁၆၉ ချက်ကို ထောက်ပံ့ပေးမည့် ရည်မှန်းချက် ၁၇ ချက်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရည်ရွယ်သည့် ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်များနှင့်မတူသည့်အချက်မှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက်ဆိုသည်မှာ အများပြည်သူ၊ ပုဂ္ဂလိကနှင့် တတိယကဏ္ဍအပါအဝင် အဖွဲ့အစည်းအားလုံး အတူတကွ အလုပ်လုပ်နိုင်ရန် ဖွံ့ဖြိုးပြီး၊ ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးအတွက် ချမှတ်ထားသည့် ရည်မှန်းချက်များဖြစ်ပါကြောင်း၊ အဆိုပါရည်မှန်းချက်များသည် မည်သူ့အတွက်ဟု မေးပါက အားလုံးအတွက်ဖြစ်ပါကြောင်း၊ ယင်းရည်မှန်းချက်များသည် အနာဂတ်စီးပွားရေး၊ လုပ်ငန်းဖွံ့ဖြိုးမှုနှင့် အခြားနယ်ပယ်များ လုံခြုံမှုရှိရေးအတွက် အခြေခံအကျဆုံးဖြစ်သည့်မှတ်တိုင်များ ဖြစ်ပါကြောင်း။

### ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်

ကမ္ဘာပေါ်တွင်ရှိသည့် နိုင်ငံတိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေး ရည်မှန်းချက် (၁၇)ချက်လုံး အောင်မြင်ခဲ့သည့် ကမ္ဘာတစ်ခုကို စဉ်းစားတွေးတောကြည့်မည်ဆိုပါက အောင်မြင်ရေးဆီသွားနိုင်မည့် တာဝန်ယူမှုဆိုသော အစိတ်အပိုင်းတစ်ရပ်ကို ဆောင်ရွက်နိုင်ရန် လှုံ့ဆော်မှုနှင့် စွမ်းဆောင်ရည်သည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ ယခုကဲ့သို့လုပ်နိုင်ရန်အတွက် အများပြည်သူ၏ ပါဝင်မှုသည် အလွန်အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ပါကြောင်း၊ ယင်းကိုမလုပ်နိုင်ပါက မိမိတို့ မအောင်မြင်နိုင်ပါကြောင်း၊ အများပြည်သူပါဝင်လာအောင် လုပ်နိုင်ရန်အတွက် ၎င်းတို့၏ သဘောထားအမြင်နှင့် စိတ်ခံစားမှုကို ပထမဆုံးသိထားရန် လိုအပ်ပါကြောင်း၊ လိုအပ်ပါက ၎င်းတို့၏ စိတ်နေသဘောထားများကို တဖြည်းဖြည်းချင်းပြောင်းလဲရန် လိုအပ်ပါကြောင်း၊ ၎င်းတို့၏ သဘောထားအမြင်နှင့် စိတ်နေစိတ်ထားကို ပုံဖော်ခြင်းသည် အလွန်အရေးကြီးသည့် နေရာဖြစ်လာပါကြောင်း၊ မီဒီယာသည် ၎င်းတို့ကိုပုံဖော်သည့် နည်းလမ်းများထဲကတစ်ခုပင် ဖြစ်ပါကြောင်း၊ သို့သော်လည်း အစွန်းနှစ်ဖက်ရှိသည့် ဓားကဲ့သို့ မီဒီယာသည် ကောင်းအောင်လည်း လုပ်နိုင်သကဲ့သို့ ဆိုးအောင်လည်း လုပ်နိုင်ပါကြောင်း၊ ကောင်းသည့် သဘောထားနှင့် လုပ်နိုင်ရန်အတွက်ဆိုလျှင် မိမိတို့၏ မီဒီယာဝန်းကျင်သည် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ဘက်မလိုက်မှုကိုဖြစ်စေမည့် ကျင့်ဝတ်နှင့်ညီရမည်ဖြစ်ပြီး ပညာရှင်လည်း ပီသရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များကို ပြည်သူများ ပိုမိုနားလည်ပြီး ပါဝင်လာနိုင်အောင် အဆိုပါ ပန်းတိုင်များနှင့် ဆက်စပ်နေသည့် သတင်းများ၊ ကောင်းမွန်တိကျပြီး အသိပညာပေးဆောင်းပါးများ မည်သို့ရေးရမည်ဆိုသည်ကို မဖြစ်မနေ သိရှိရန် လိုအပ်ပါကြောင်း။

### စိတ်ကူးများ မျှဝေ

ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို အစွမ်းကုန် ကြိုးပမ်းအကောင်အထည် ဖော်နေပါကြောင်း၊ တိုးတက်မှုများရှိသကဲ့သို့ ဆက်လက်ဆောင်ရွက်စရာများလည်း များစွာရှိနေသေးသည်ကို မိမိတို့ ဝန်ခံရမည်ဖြစ်ပါကြောင်း၊ ယင်းရည်မှန်းချက်များ အောင်မြင်ရန်ဆိုလျှင် မိမိတို့ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မိမိတို့၏ အတွေ့အကြုံများ၊ စိတ်ကူးများကို မျှဝေရန်လိုအပ်ပါကြောင်း၊ မိမိတို့ကြားတွင် အဆင့်မြင့်သည့် နည်းပညာများ မျှဝေရန်လိုအပ်ပါကြောင်း၊ ထို့ပြင် မိမိတို့တွင်ရှိသည့် အရာ၊ မိမိတို့တွင်မရှိသည့် အရာများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း မျှဝေနိုင်ပါကြောင်း၊ သတင်းအချက်အလက်များအားလုံးကို မီဒီယာအဖွဲ့အစည်းအသီးသီးကနေတစ်ဆင့် မျှဝေနိုင်ပါကြောင်း။

မိမိ အခိုင်အမာယုံကြည်သည့်အတိုင်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များသည် မိမိတို့အနာဂတ်အတွက် အရေးပါသည့် တွန်းအားများဖြစ်သကဲ့သို့ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ကဏ္ဍအားလုံး၏ တာဝန်ယူမှုလည်း ဖြစ်ပါကြောင်း၊ **“ပြည်သူ့သဘောထားများ ပုံဖော်ခြင်းမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးသောပန်းတိုင်များဆီသို့ဆို”** သည့် ရည်မှန်းချက်ကိုပုံဖော်နိုင်ရန် ကြီးကျယ်ခမ်းနားသည့်တာဝန်ကို ဆောင်ရွက်နိုင်သည့်အပေါ် မီဒီယာလောကသားများအတွက်လည်း ဂုဏ်ယူစရာဖြစ်ပါကြောင်း၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်နိုင်ရန် မျှော်လင့်ပါကြောင်း၊ တက်ရောက်လာသူအားလုံးကလည်း အပြုသဘောဆောင်ရွက်ရန် ဆန္ဒရှိကြပြီး ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့မြင်တွေ့လိုသည့် ကမ္ဘာကြီးလက်တွေ့ ဖြစ်လာလိမ့်မည်ဟု လှိုက်လှိုက်လှဲလှဲ ခံစားမိပါကြောင်း ပြောကြားသည်။

### အခက်အခဲများ ဆွေးနွေး

ထို့နောက် Asia-Europe Foundation (ASEF) မှ အမှုဆောင်ဒါရိုက်တာ Mr. Karsten WARNECKE က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ယခုဆွေးနွေးပွဲကို ပံ့ပိုးကူညီပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ASEF သတင်းမီဒီယာကိုယ်စားလှယ်များနှင့် တွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ယခုဆွေးနွေးပွဲမှ အတွေ့အကြုံများစွာ ရရှိမည်ဟု ထင်မြင်မိပါကြောင်း၊ ပထမအကြိမ် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကို ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့ပါကြောင်း၊ အာရှ - ဥရောပ ဆက်သွယ်ဆောင်ရွက်ရေးကို တိုးတက်မှုရရှိစေရန် ကျင်းပခြင်းဖြစ်ပြီး ယခုနှစ်သည် ASEF တည်ထောင်ခြင်း ၂၀ နှစ်ပြည့် ဖြစ်ပါကြောင်း၊ အာရှ - ဥရောပ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရန် အေဆမ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် ASEF မီဒီယာများအနေဖြင့် အတွေ့အကြုံများကို အချင်းချင်း ဖလှယ်ဆွေးနွေးသွားကြမည်ဖြစ်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ရရှိရေးအတွက် ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကိုလည်း ဆွေးနွေးသွားကြမည် ဖြစ်ပါကြောင်း၊ ASEF သတင်းစာဆရာများ အချင်းချင်း Media Network ပိုမိုခိုင်မာအားကောင်းစေရန်နှင့် ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ရရှိရန်ဖြစ်ပါကြောင်း၊ ၂၀၁၃ ခုနှစ် အိန္ဒိယနိုင်ငံတွင် Sustainable Development Reporting နှင့် ပတ်သက်၍ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုနှစ်တွင် ပိုမိုလေးနက်စေရန်နှင့် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂမှ ချမှတ်ထားသည့် ရည်မှန်းချက်များကို ရရှိနိုင်ရေး ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်သွားနိုင်ရန် အားလုံးက ကိုယ်စားပြုဆွေးနွေးသွားကြမည်ဖြစ်ပါကြောင်း၊ ယခုဆွေးနွေးပွဲ နှစ်ရက်တာမှ ကောင်းမွန်သည့် ဆွေးနွေးချက်ရလဒ်များ ထွက်ပေါ်လာမည်ဟု ထင်မြင်မိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများ၊ အာရှ-ဥရောပဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသော သတင်းမီဒီယာများမှကိုယ်စားလှယ်များသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စုံညီအစည်းအဝေးကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။ **သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေမြင့် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။** သတင်းစဉ်

# (၁၁)ကြိမ်မြောက် အာရှ - ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ စတင်ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

**(၁၁)ကြိမ်မြောက် အာရှ -ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကို ယနေ့တွင် နေပြည်တော်ရှိ တုံဂပူရီဟိုတယ်၌ ကျင်းပရာ အာရှ - ဥရောပ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ အဖွဲ့ဝင်နိုင်ငံများမှ မီဒီယာကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှ မီဒီယာကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။**


(၁၁)ကြိမ်မြောက် အာရှ -ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ နံနက်ပိုင်း ဆွေးနွေးပွဲကို တွေ့ရစဉ်။ သတင်းစဉ်

ရှေးဦးစွာ **စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် အပြုသဘောဆောင် သတင်းစာပညာက ပံ့ပိုးမှု လုပ်နိုင်ပါသလား** ခေါင်းစဉ်ဖြင့် Asia - Pacific Broadcasting Union မှ Ms. Natalia ILIEVA၊ Myanmar Press Council မှ ဦးသီဟစော၊ ဂျာမနီနိုင်ငံမှ အလွတ်တန်းသတင်းထောက် Mr. Yermi BRENNER နှင့် ပါကစ္စတန်နိုင်ငံမှ အလွတ်တန်းသတင်းထောက် Ms.Samreen Khan GHAURI တို့က ဆွေးနွေးကြသည်။

ထိုသို့ ဆွေးနွေးရာတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ရာတွင် မီဒီယာအခန်းကဏ္ဍမှ ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ၊ ဂျာနယ်လစ်များ၏ စွမ်းဆောင်ရည် မြင့်မားရေးကိစ္စရပ်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့်ပတ်သက်ပြီး သတင်းရေးသားရာတွင် ရှုပ်ထွေးမှုရှိနိုင်သည့် ကိစ္စရပ်များ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အားကောင်းစေရန် အားလုံးပူးပေါင်းဆောင်ရွက်ရာတွင် အစိုးရသည် အဓိက Stakeholder ဖြစ်ပြီး အခြား အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရေး၊ ဂျာနယ်လစ်များအနေဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ အထူးပြုသတင်း ရေးသားခြင်းများ လိုအပ်နေမှုနှင့် ရိုးရှင်းမှုရှိအောင် အဓိကထား၍ ရေးသားနိုင်ရေး၊ ဂျာနယ်လစ်များအနေဖြင့် အစိုးရ ဆောင်ရွက်ချက်များကို ထောက်ပြပြောဆို ဆွေးနွေးရန်နှင့် လိုအပ်သလို ကူညီပူးပေါင်းဆောင်ရွက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ ပြည်သူများအား ရိုးရှင်းလွယ်ကူသည့် နည်းလမ်းများဖြင့် ဖော်ပြရေးတို့ကို အပြန်အလှန် ဆွေးနွေးကြသည်။

ထို့နောက် World's Best News မှ Ms.Sophie RYTTER က **အပြုသဘောဆောင် သတင်းစာပညာနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ** ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးရာတွင် ကမ္ဘာပေါ်၌ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကြောင့် ယခုအခါ တိုးတက်ပြောင်းလဲလာမှုများ ရှိလာပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ အခက်အခဲများသာမက တိုးတက်ပြောင်းလဲလာသည့် အခြေအနေများကိုလည်း ရေးသားကြရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အခက်အခဲများကို ဖြေရှင်းရန် နည်းလမ်းများကိုပါ ဂျာနယ်လစ်များ အနေဖြင့် ရှာဖွေရေးသားရန် လိုအပ်ပါကြောင်း၊ ထို့အတွက် ကောင်းမွန်သည့် သတင်းအရင်းအမြစ်များကို ရှာဖွေထားရမည်ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရရှိစေရန် မတူညီသည့် အခန်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ သတင်းရေးသားရာတွင် အဆိုးသတင်းများသာမက ကောင်းမွန်သော သတင်းများကိုလည်း ရေးသားတင်ပြရမည် ဖြစ်ပါကြောင်း၊ သို့မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များမှ အကျိုးကျေးဇူးအဖြစ် ရရှိလာသည့် အချက်အလက်များကိုလည်း သိရှိကြမည် ဖြစ်ပါကြောင်း၊ ပြည်သူများ၏ နေ့စဉ်ဘဝနှင့် နီးကပ်မှုရှိနိုင်သမျှ နီးကပ်နိုင်စေရန် ချဉ်းကပ်ရေးသားရမည် ဖြစ်ပါကြောင်း ထည့်သွင်းဆွေးနွေးသည်။


(၁၁)ကြိမ်မြောက် အာရှ -ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲ မွန်းလွဲပိုင်း ဆွေးနွေးပွဲကို တွေ့ရစဉ်။ သတင်းစဉ်

မွန်းလွဲပိုင်းတွင် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သတင်းရေးသားရာတွင် Reactive မှ Proactive ပုံစံ သတင်းရေးသားမှုသို့ ပြောင်းလဲရေးခေါင်းစဉ်ဖြင့် Asia-Europe Foundation (ASEF)မှ Ms. Grazyna PULAWSKA၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဒေါ်သီတာတင်၊ အိန္ဒိယနိုင်ငံမှ အလွတ်တန်း သတင်းထောက် Ms. Sharada BALASUBRAMANIAN နှင့် ဟန်ဂေရီနိုင်ငံမှ အလွတ်တန်း သတင်းထောက် Mr. Mate HALMOS တို့က ဆွေးနွေးကြသည်။

ဆွေးနွေးရာတွင် ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်နှင့် ပတ်သက်၍ သတင်းရေးသားမှုသည် လွယ်ကူခြင်းမရှိဘဲ အခက်အခဲများရှိ၍ Reactive To Proactive ဖြစ်အောင် ဆောင်ရွက်ရေး၊ ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်နှင့် ပတ်သက်၍ မှားယွင်းစွာ သတင်းရေးသားမှုများကြောင့် ထိခိုက်နိုင်မှုများ၊ အစိုးရအနေဖြင့် ရာသီဥတု ပြောင်းလဲမှု ဖြစ်စဉ်များကို ပြည်သူများထံ ဖြန့်ဝေရာတွင် Reactive ထက် Proactive ဖြစ်အောင် ဆောင်ရွက်ရေး၊ အစိုးရ၏ အခန်းကဏ္ဍ သာမက ပြည်သူများ၏ ပါဝင်မှု အခန်းကဏ္ဍနှင့် အသိပညာပေး ဆောင်ရွက်မှုများကို မြှင့်တင်ရေး၊ မြန်မာနိုင်ငံသည် ရာသီဥတု ပြောင်းလဲမှုကြောင့် ထိခိုက်မှု မြင့်မားသည့် နိုင်ငံတွင် ပါဝင်၍ ပြန်ကြားရေး ဝန်ကြီးဌာနအနေဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်သက်၍ သတင်းများ ဖြန့်ဝေရာတွင် Proactive ဖြစ်စေမည့် သတင်းထုတ်ပြန်သင့်သည်များ၊ ထို့ပြင် အစိုးရဌာနများမှ သတင်းများကို ရယူရာတွင် စာပို့ကာ အဆင့်ဆင့် တင်ပြတောင်းခံရသည့် စနစ်မျိုးအား ကျော်လွှား၍ လွယ်ကူလျင်မြန်အောင် ဆောင်ရွက်သင့်အချက်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အရေးကိစ္စများသည် စိန်ခေါ်မှုများစွာ ရှိသည့်အတွက် သတင်းရေးသားရာတွင် Proactive ဖြစ်အောင် ဆောင်ရွက်သွားရန် အရေးကြီးမှု၊ ASEF အနေဖြင့် အာရှ-ဥရောပ အယ်ဒီတာများ ဖိတ်ကြား၍ သဘာဝပတ်ဝန်းကျင်ဆိုင်ရာဖိုရမ်ကို လုပ်ဆောင်သွားမည့် အစီအစဉ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် **သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ သတင်းရေးသားရာတွင် လိုက်နာရမည့် မဟာဗျူဟာများ၊ အပြုသဘောဆောင် သတင်းစာပညာနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များ** ခေါင်းစဉ်နှင့်စပ်လျဉ်း၍ Eco-Business Research မှ Research Director Mr. Tim HILL က ဦးဆောင်ဆွေးနွေးပြီး တက်ရောက်လာကြသည့် အာရှ - ဥရောပ သတင်းစာဆရာများက သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ သတင်းများရေးသားရာတွင် တွေ့ကြုံရသည့် စိန်ခေါ်မှုများ၊ အခက်အခဲများကို ဝိုင်းဝန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၉ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**သတင်းစဉ်**

---

Asia-Europe Meeting

(၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး
၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၀-၂၁
နေပြည်တော်




## အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး ကျင်းပခွင့်ရခြင်းသည် . . .

- အေဆမ်တွင် မိတ်ဖက်နိုင်ငံပေါင်း ၅၁ နိုင်ငံ ရှိသည်။
- နိုင်ငံတစ်နိုင်ငံက အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပပြီးလျှင် နိုင်ငံပေါင်း ၅၀ က နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပပြီးချိန်ကို စောင့်ရမည်။
- အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသည် ထိပ်သီးအစည်းအဝေးနှင့် တစ်နှစ်ခြားစီ အလှည့်ကျ ကျင်းပခြင်းဖြစ်သည့်အတွက် နောက်တစ်ကြိမ် အစည်းအဝေးအတွက် အကြမ်းဖျင်းအားဖြင့် နှစ်ပေါင်း ၁၀၀ စောင့်ရမည်။
- မြန်မာနိုင်ငံတွင် (၁၃) ကြိမ်မြောက် အေဆမ် နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေး လက်ခံကျင်းပခွင့်ရခြင်းသည် ရတောင့်ရခဲ အခွင့်အရေးတစ်ရပ်ပင်ဖြစ်သည်။

## အေဆမ်၏ အဓိက အခြေခံမှု သုံးရပ်

- တန်းတူ မိတ်ဖက်ဆက်ဆံမှု (Equal partnership)၊
- အပြန်အလှန်လေးစားမှု (Mutual respect)၊
- အပြန်အလှန် အကျိုးဖြစ်ထွန်းစေမှု (Mutual benefit)။

## အေဆမ်၏ မဏ္ဍိုင် သုံးခု

- နိုင်ငံရေးမဏ္ဍိုင်၊
- စီးပွားရေးမဏ္ဍိုင်၊
- လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပညာရေးမဏ္ဍိုင်။

# အေဆမ်၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်

**— — — လူလေးဝိုင်း — — —**

(၁၃)ကြိမ်မြောက် အေဆမ်(Asia- Europe Meeting -ASEM) နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးကို နေပြည်တော်မှာ နိုဝင်ဘာလ ၂၀ ရက်ကနေ ၂၁ ရက်နေ့အထိ ကျင်းပတော့မှာပါ။ ဒီတော့ အေဆမ်က ဘယ်လောက် အရေးကြီးသလဲဆိုတာကို ကြည့်ရအောင်ပါ။ အေဆမ်ရဲ့အရေးပါပုံကို ပြောပါဆိုရင် အူလန်ဘာတာ ကြေညာချက် (ULAANBAATAR DECLARATION) ကိုပဲ ညွှန်းရမှာပါ။ မွန်ဂိုလီးယားနိုင်ငံရဲ့ မြို့တော် အူလန်ဘာတာမှာ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၅၊ ၁၆ ရက်တွေမှာ ကျင်းပခဲ့တဲ့ (၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးမှာ ဒီကြေညာချက်ကို အေဆမ်ဖွဲ့စည်းခြင်း နှစ် ၂၀ မြောက် နှစ်ပတ်လည်ကြေညာချက်အဖြစ် ထုတ်ပြန်ခဲ့တာပါ။ ဒါကြောင့် အူလန်ဘာတာ ကြေညာချက်ဟာ အေဆမ်ရဲ့ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်တို့ကို ထင်ဟပ်နေပါတယ်။ ဒီ(၁၁)ကြိမ်မြောက် အေဆမ်ထိပ်သီးအစည်းအဝေးရဲ့ ပင်မအကြောင်းအရာကို "အနာဂတ်အတွက် ချိတ်ဆက်မဟာမိတ်ဖွဲ့ခြင်း (သို့မဟုတ်) အေဆမ်၏ နှစ်(၂၀)ခရီး"ဖြစ်နေတာပါ။

ဒီကြေညာချက်အဖွင့်မှာ အေဆမ်ရဲ့ နှစ် ၂၀ ခရီးအတွင်း လက်တွဲဖော်လက်တွဲဖက် ၂၆ ကနေ ၅၃ အထိ တိုးပွားလာခဲ့တာကို ဖော်ပြပြီး အေဆမ်က အာရှတိုက်နဲ့ ဥရောပတိုက်အကြား သူမတူ တစ်မူထူးခြား၍ အရေးပါသော ဆွေးနွေးညှိနှိုင်းပူးပေါင်းဆောင်ရွက်ရာ စင်မြင့်အဖြစ် ထိထိမိမိ၊ ပီပီပြင်ပြင်၊ အရေးပါပါ၊ သက်သေပြဆောင်ရွက်နိုင်ခဲ့တာကို မီးမောင်းထိုး တင်ပြထားပါတယ်။ ဒေသဆိုင်ရာနဲ့ ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတွေကို တုံ့ပြန်ဆောင်ရွက်ရင်း အေဆမ်ဟာ ကမ္ဘာကြီးရဲ့ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနဲ့ စီးပွားရေးနာလန်ထူရေးတို့ကို အားဖြည့်ရာကတစ်ဆင့် ၂၁ ရာစု ကမ္ဘာကြီးမြင်ကွင်းပုံဖော်ရာမှာ အရေးပါတဲ့ အခန်းကဏ္ဍကနေ ဆက်လက်ပါဝင်နေမှာကိုပါ ထပ်လောင်းဖော်ပြထားပါတယ်။

အူလန်ဘာတာကြေညာချက်မှာ အေဆမ်ရဲ့နှစ် ၂၀ ခရီးအတွင်း စွမ်းဆောင်အောင်မြင်မှုတွေကို ဖော်ပြထားတာဟာ မှတ်သားစရာပါ။ ဖော်ပြထားတဲ့စွမ်းဆောင်အောင်မြင်မှုတွေက ၆ ချက်ရှိပါတယ်။ ပထမအချက်က အာရှတိုက်နဲ့ ဥရောပတိုက်အကြားနက်ရှိုင်းတဲ့ နားလည်မှုကို ပုံဖော်ဖန်တီးနိုင်ခဲ့တာပါ။ ဒုတိယအချက်က နိုင်ငံရေးဆွေးနွေးမှုတွေကို ကျယ်ပြန့်၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်း၊ လူမှု-ယဉ်ကျေးမှု အပြန်အလှန်ဖလှယ်မှုတွေကို တိုးမြှင့်လိုတာပါ။ တတိယအချက်က ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့အဖွဲ့အစည်းတွေရဲ့ အမျိုးမျိုးသောအလွှာတွေအကြား အပြန်အလှန်အကျိုးရှိစေတဲ့ ဆက်စပ်မှုတွေ ပုံဖော်ဖန်တီးပြီး အာရှတိုက်နဲ့ ဥရောပတိုက်အကြားဆက်စပ်မှုကို နက်ရှိုင်းစေတာပါ။ စတုတ္ထအချက်ကတော့ အာရှ- ဥရောပ ဖောင်ဒေးရှင်း( Asia- Europe Foundation- ASEF) ကိုအသုံးချပြီး တိုက်ကြီးနှစ်တိုက်ရဲ့ပြည်သူတွေကြား ပိုမိုကျယ်ကျယ်ပြန့်ပြန့်ထိတွေ့ခွင့်ရစေမယ့် အခွင့်အလမ်းတွေကို ဖန်တီးပေးတာပါ။ ပဉ္စမအချက်ကတော့ တိုက်ကြီးနှစ်တိုက်စလုံး ရင်ဆိုင်နေရတဲ့ စိန်ခေါ်ချက်တွေအပြင် ဒေသဆိုင်ရာနဲ့ ကမ္ဘာ့အဆင့် စိန်ခေါ်ချက်တွေကို ကိုင်တွယ်ဖြေရှင်းပေးခဲ့တာပါ။ ဆဋ္ဌမအချက်ကတော့ နိုင်ငံပေါင်းစုံပူးပေါင်းဆောင်ရွက်တဲ့နည်းလမ်းတွေကို ခိုင်မာစေပြီး ထိရောက်တဲ့ နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးမူဝါဒကို မြှင့်တင်ပေးခဲ့တာပါ။

**"အေဆမ်ရဲ့ အနာဂတ်လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး အူလန်ဘာတာ ကြေညာချက်မှာ တင်ပြထားတာက စိတ်ဝင်စားစရာပါ။ အေဆမ် လုပ်ငန်းစဉ်တွေကို အတိတ်ကာလ အတွေ့အကြုံတွေအပေါ် အခြေခံပြီး ပွင့်လင်းမြင်သာမှုရှိရှိ အပြန်အလှန် ညှိနှိုင်းဆွေးနွေးရာကနေ တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်းချင်း ပုံဖော်ဆောင်ရွက်သွားမယ်လို့ ဆိုထား"**




အေဆမ်ရဲ့ အနာဂတ်လုပ်ငန်းစဉ်နဲ့ပတ်သက်ပြီး အူလန်ဘာတာကြေညာချက်မှာ တင်ပြထားတာက စိတ်ဝင်စားစရာပါ။ အေဆမ်လုပ်ငန်းစဉ်တွေကို အတိတ်ကာလအတွေ့အကြုံတွေအပေါ် အခြေခံပြီး ပွင့်လင်းမြင်သာမှုရှိရှိ အပြန်အလှန်ညှိနှိုင်းဆွေးနွေးရာကနေ တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်းချင်း ပုံဖော်ဆောင်ရွက်သွားမယ်လို့ ဆိုထားပါတယ်။ ဒီလိုတဖြည်းဖြည်းချင်း ပုံပေါ်လာတဲ့လုပ်ငန်းစဉ်တွေဟာ အာရှတိုက်နဲ့ ဥရောပတိုက်အကြား ပိုမိုပူးပေါင်းဆောင်ရွက်ရေးကို အာရုံစိုက်ရမှာဖြစ်ပြီး ပိုမိုကျယ်ပြန့်တဲ့ ဆက်စပ်မှုတွေကိုလည်း မြှင့်တင်ပေးရမယ်လို့ ဆိုထားပါတယ်။ ဒါ့အပြင် အေဆမ်လုပ်ငန်းစဉ်တွေဟာ အပြန်အလှန်အပေးအယူ၊ လိုက်လျောမှုပြုလုပ်တဲ့ စိတ်ဓာတ်ကိုကိုင်ဆွဲပြီး တန်းတူညီမျှမှု၊ အပြန်အလှန်လေးစားမှုနဲ့ အပြန်အလှန်အကျိုးရှိမှုတွေကို တိုးမြှင့်ဖန်တီးပေးရမယ်ဆိုတာကို အူလန်ဘာတာကြေညာချက်က ထပ်ဆင့်အတည်ပြုထားပါတယ်။ အေဆမ်နဲ့ပတ်သက်ပြီး တိုက်ကြီးနှစ်တိုက်ရဲ့ပြည်သူတွေကြား ပိုမိုသိမြင်နားလည်နိုင်စေဖို့ မတ်လ ၁ ရက် (ဒါမှမဟုတ်) မတ်လပထမပတ်ရဲ့သင့်လျော်ရာ နေ့ရက်တစ်ရက်ကို အေဆမ်နေ့အဖြစ်သတ်မှတ်ပေးဖို့ကိုပါ အူလန်ဘာတာကြေညာချက်မှာ ဆုံးဖြတ်ဖော်ပြထားတာကိုလည်း တွေ့ရပါတယ်။

အေဆမ်ရဲ့တတိယဆယ်စုနှစ်ကို အောင်အောင်မြင်မြင် ဦးဆောင်ဖြတ်သန်းနိုင်ဖို့ ရှေ့လမ်းစဉ်တွေ ချမှတ်ထားတာကိုလည်း တွေ့ရပါတယ်။ ပထမရှေ့လုပ်ငန်းစဉ်ကတော့ တိုက်ကြီးနှစ်တိုက်ကြား ပူးပေါင်းဆောင်ရွက်မှုကို အားဖြည့် ခိုင်မာစေတာပါ။ ၂၀၀၀ ပြည့်နှစ် အာရှ-ဥရောပပူးပေါင်းဆောင်ရွက်ရေးမူဘောင် (Asia - Europe Cooperation Framework- AECF 2000) နဲ့ အခြား အေဆမ်စာရွက်စာတမ်းတွေမှာ လမ်းညွှန်ဖော်ပြထားတဲ့အတိုင်း အလွတ်သဘောနိုင်ငံရေးဆွေးနွေးမှုတွေအပါအဝင် စီးပွားရေးနဲ့ လူမှု-ယဉ်ကျေးမှုနယ်ပယ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကို တိုက်ကြီးနှစ်တိုက်ကြား ပူးပေါင်းဆောင်ရွက်မှုတွေရဲ့အုတ်မြစ်အဖြစ် ဆက်လက်ဆောင်ရွက်ဖို့ပါ။ ဒီလိုဆောင်ရွက်တဲ့အခါ အေဆမ်ရဲ့ပင်မဒေါက်တိုင်ကြီးသုံးရပ်ဖြစ်တဲ့ နိုင်ငံရေးဒေါက်တိုင်နဲ့ စီးပွားရေးဒေါက်တိုင်အပါအဝင် လူမှု-ယဉ်ကျေးမှုနဲ့ ပညာရေးဒေါက်တိုင်တို့အကြား ဟန်ချက်ညီထိန်းညှိဆောင်ရွက်မှာပါ။ ဒုတိယရှေ့လုပ်ငန်းစဉ်က ပူးပေါင်းဆောင်ရွက်ရာမှာ သိသာမြင်သာတဲ့ အကျိုးရလဒ်တွေ ဖန်တီးနိုင်ရေးကို အာရုံစိုက်ဆောင်ရွက်ရေးပါ။ အေဆမ်က တိုက်ကြီးနှစ်တိုက်ရဲ့ ဘုံလုပ်ငန်းစဉ်တွေအပေါ် အာရုံစိုက်ဆောင်ရွက်ပြီး အလွတ်သဘောဆွေးနွေးမှုတွေကတစ်ဆင့် တိုက်ကြီးနှစ်တိုက်ရဲ့ ပြည်သူတွေ လက်တွေ့အကျိုးရလဒ်တွေ ဖြစ်ပေါ်စေတဲ့လုပ်ငန်းစဉ်တွေ စဉ်ဆက်မပြတ်ဖြစ်ပေါ်ရေးကို ဆောင်ရွက်မှာပါ။ ဒီဘုံလုပ်ငန်းစဉ်တွေထဲမှာ ပင်လယ်ခေါးပြန်နိမ်နင်းရေးနဲ့ ကမ္ဘာ့ပင်လယ်ရေကြောင်း ကုန်သွယ်မှုလုံခြုံစိတ်ချရရေးပါဝင်သလို ဆိုက်ဘာလုံခြုံရေးကိစ္စရပ်တွေလည်း ပါဝင်ပါတယ်။ လူကုန်ကူးမှုနဲ့ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုတွေလည်း ပါဝင်ပါတယ်။ သတင်းအချက်အလက်နဲ့ ဆက်သွယ်ရေးနည်းပညာကိစ္စလည်း ပါဝင်ပါတယ်။

တတိယရှေ့လုပ်ငန်းစဉ်ကတော့ ဆက်စပ်ဆောင်ရွက်မှုကို ဘက်ပေါင်းစုံကနေ တိုးမြှင့်ဆောင်ရွက်ရေးပါ။ ကဏ္ဍပေါင်းစုံအကြား ဆက်စပ်ဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဟာ အေဆမ်ရဲ့အရေးကြီးတဲ့ ဘုံလုပ်ငန်းစဉ်ပါ။ အေဆမ်ပူးပေါင်းဆောင်ရွက်ရေး မူဘောင်အားလုံးမှာ ဆက်စပ်ဆောင်ရွက်မှုက အဓိကအခန်းကဏ္ဍကနေ ပါဝင်နေတာပါ။ တိုက်ကြီးနှစ်တိုက်အကြားတိုးပွားလာနေတဲ့ အပြန်အလှန်မှီခိုမှုကို အခြေခံပြောမယ်ဆိုရင် ဘယ်လိုအေဆမ်လုပ်ငန်းစဉ်မျိုးမှာမှ အာရှတိုက်နဲ့ ဥရောပတိုက်ကို သီးခြားခွဲထုတ်စဉ်းစားဆက်ဆံလို့ မရပါဘူး။ စတုတ္ထရှေ့လုပ်ငန်းစဉ်ကတော့ အလွတ်သဘောပျော့ပျော့ပျောင်းပျောင်း ချိတ်ဆက်ဆောင်ရွက်မှုတွေကို တိုးမြှင့်ဆောင်ရွက်တာပါ။ ၂၀၀၆ ခုနှစ်အေဆမ်အနာဂတ်ဟယ်လ်ဆင်ကီးကြေညာချက် (Helsinki Declaration on the future of ASEM)ကို ပြန်ရည်ညွှန်းကိုးကားပြီး အေဆမ်အဖွဲ့ဝင်တွေအကြား နက်နက်ရှိုင်းရှိုင်းနားလည်မှုနဲ့အတူ တစ်နိုင်ငံချင်းစီရဲ့ သမိုင်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံနဲ့ မျှော်မှန်းချက်တွေ ခံစားနားလည်နိုင်ဖို့ဆိုတဲ့ ရည်မှန်းချက်တွေနဲ့ အလွတ်သဘောပျော့ပျော့ပျောင်းပျောင်း ချိတ်ဆက်ဆောင်ရွက်မှုတွေကို တိုးမြှင့်ဆောင်ရွက်မှာပါ။

ပဉ္စမလုပ်ငန်းစဉ်ကတော့ အနာဂတ်ဆယ်စုနှစ်အတွက် ပြင်ဆင်ဆောင်ရွက်ရေးပါ။ ပစ္စုပ္ပန်မျိုးဆက်တွေ အပါအဝင် အနာဂတ်မျိုးဆက်တွေအတွက် ငြိမ်းချမ်းသာယာဝပြောတဲ့ အနာဂတ်ဖန်တီးနိုင်ရေးအတွက် အာရှတိုက်နဲ့ ဥရောပတိုက်အကြားအပြန်အလှန်အကျိုးရှိစေတဲ့ မဟာမိတ်ဖွဲ့စည်းမှုကို ထူထောင်သွားမှာပါ။ ဒီမဟာမိတ်ဖွဲ့စည်းထူထောင်မှုမှာ တိုက်ကြီးနှစ်တိုက်စလုံးက ပြည်သူတွေ အကျုံးဝင်ပါဝင်ခွင့်ရှိစေရမှာ ဖြစ်သလို ရေရှည်တည်တံ့မှုလည်း ရှိစေရမှာပါ။ တောက်ပတဲ့အနာဂတ်ကို ဖန်တီးနိုင်စွမ်းလည်း ရှိစေရမှာပါ။

(ဆက်လက်ဖော်ပြပါမည်)



## ပန်းဆိုးတန်းဆိပ်ကမ်းကူးတို့ပြေးဆွဲမှု လက်ရှိ ခေါက်ရေအတိုင်းသာ ပြေးဆွဲမည်

**ရန်ကုန် နိုဝင်ဘာ ၁၈**

ရန်ကုန်မြို့ပန်းဆိုးတန်းဆိပ်ကမ်းမှ တစ်ဖက်ကမ်းဒလဆိပ်ကမ်းသို့ ပြေးဆွဲလျက်ရှိသောကူးတို့သင်္ဘောပြေးဆွဲမှုမှာ ပွင့်လင်းရာသီတွင် ခေါက်ရေတိုးချဲ့ပြေးဆွဲမှု မရှိသေးဘဲ လက်ရှိခေါက်ရေအတိုင်းသာ ပြေးဆွဲသွားမည်ဖြစ်ကြောင်း ရေကြောင်းပို့ဆောင်ရေးဦးစီးဌာနမှ သိရသည်။

"ပန်းဆိုးတန်းကနေ ဒလကိုနေ့စဉ်ခေါက်ရေ ၄၆ ခေါက် ပြေးဆွဲနေပါတယ်၊ ခရီးသည်တွေက အိမ်အနီးအနားရောက်တဲ့၊ မြန်မြန်ဆန်ဆန်ရောက်တဲ့စက်လှေစီးတာလည်းရှိပါတယ်၊ တစ်နေ့ကိုခရီးသည် ၂၅၀၀၀၊ ၃၀၀၀၀ ပို့ဆောင်ရပါတယ်၊ ဂျပန်နိုင်ငံက ချယ်ရီ ၁၊ ၂၊ ၃ သင်္ဘောနဲ့အလှည့်ကျပြေးဆွဲနေပါတယ်၊ ဒလကိုနိုင်ငံခြားသား ၈၀ ကနေ ၁၀၀ ကြားနေ့စဉ်သွားလာပြီး ပန်းဆိုးတန်း-ဒလ၊ ရန်ကုန်- ခနောင်တိုနဲ့ ဝါးတန်း-ဒလဆိုပြီးပြည်တွင်းရေကြောင်း ပို့ဆောင်ရေးကလူ၊ ကုန်ပစ္စည်း၊ ယာဉ်အပါအဝင် အများပြည်သူသွားလာရေးအဆင်ပြေအောင် ပြေးဆွဲပေးနေပါတယ်၊ ဒလဘက်ကမ်းကိုတော့ လက်ရှိခေါက်ရေကနေ တိုးချဲ့ပြေးဆွဲဖို့ တင်ပြထားတာလည်း မရှိပါဘူး"ဟု ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လက်ရှိတွင်ပုံမှန်ခေါက်ရေအတိုင်းသာပြေးဆွဲလျက်ရှိပြီး သင်္ကြန်အကြိုနေ့မှနှစ်ဆန်း တစ်ရက်နေ့အထိသာ တစ်နေ့လျှင် ၂၆ ခေါက်သာပြေးဆွဲကြောင်း၊ ဒလ၊ တွံတေးနှင့် ရန်ကုန်မြစ်ပြင်အလှကို ကြည့်ရှုကြသည့် နိုင်ငံခြားသားများ ပွင့်လင်းရာသီဖြစ်သော ဖေဖော်ဝါရီလတွင် ပုံမှန်ရက်ထက်သွားရောက်လေ့လာမှုများပြီး နိုင်ငံခြားသားတစ်ဦးလျှင် စီးနင်းခ ငွေကျပ် ၂၀၀၀ ပေးဆောင်ရကြောင်း ပန်းဆိုးတန်းကူးတို့ဆိပ်မှ သိရသည်။

**သန်းထိုက်**
**ဓာတ်ပုံ - သန်းစိုး**

# ဒီဆွေးနွေးပွဲက အဖွဲ့ဝင် ၅၁ နိုင်ငံအတွက် အစိုးရအချင်းချင်းကြား ပေါင်းကူးပေးနိုင်ပါတယ်၊ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကိုပါ တွေ့ဆုံဆွေးနွေးနိုင်တယ်

Mr. Vasil Stefanov



Mr. Yermi Brenner
သတင်းစာဆရာ



Ms. Sharmilla Ganesan
အလွတ်တန်းသတင်းထောက်



ဦးမျိုးမြင့်မောင်
အမြဲတမ်းအတွင်းဝန်
ပြန်ကြားရေးဝန်ကြီးဌာန



ဒေါက်တာ ဒေါ်သီတာတင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန



ဦးသီဟစော
အတွင်းရေးမှူး
မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ

**(၁၁) ကြိမ်မြောက် အာရှ-ဥရောပ သတင်းစာဆရာများ နှီးနှောဖလှယ်ပွဲကို နေပြည်တော်ရှိ တုံ့ဂပူရီဟိုတယ်၌ ကျင်းပလျက်ရှိပါသည်။ အဆိုပါနှီးနှောဖလှယ်ပွဲသို့ တက်ရောက်လာသူများ၏ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှု၊ မြန်မာ့မီဒီယာအခင်းအကျင်း၊ ရခိုင်မြောက်ပိုင်းအရေးနှင့် အစိုးရ၏မီဒီယာဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်ချက်အမြင်များအပေါ် မေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည်။**

**Mr. Vasil Stefanov**
**Communications Executive**
**Education Department, Asia-Europe Foundation (ASEF)**

အာရှနဲ့ ဥရောပနိုင်ငံတွေက သတင်းသမားတွေ အားလုံး တက်ရောက်နိုင်အောင် ဒီလိုပွဲမျိုးကျင်းပပေးနိုင်ခြင်းဟာ မြန်မာနိုင်ငံအတွက် ရတောင့်ရခဲတဲ့ အခွင့်အလမ်းတစ်ရပ် ဖြစ်ပါတယ်။ ဒီနှီးနှောဖလှယ်ပွဲကနေ မီဒီယာနယ်ပယ်မှာသာမက စီးပွားရေး၊ လူမှုရေးနဲ့ နိုင်ငံရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးစတဲ့ နယ်ပယ်တွေမှာပါ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေ လုပ်ဆောင်လာနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံအသီးသီးက တက်ရောက်လာသူတွေရဲ့အမြင်နဲ့အတွေ့အကြုံတွေကို ဖလှယ်ကြမှာ ဖြစ်တဲ့အတွက် ပါဝင်တက်ရောက်သူတွေရော၊ မြန်မာနိုင်ငံအနေနဲ့ပါ နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးများစွာ ဖြစ်ထွန်းလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

ဒီပွဲကနေ အပြန်အလှန်နားလည်မှုနဲ့ တက်ရောက်သူတွေအကြား ချိတ်ဆက်မှုတွေမြှင့်တင်နိုင်မှာ ဖြစ်ပါတယ်။ ပြည်ပသတင်းသမား ၂၄ ဦးနဲ့ မြန်မာနိုင်ငံက သတင်းသမား ၁၂ ဦးတို့ အမြင်ချင်းဖလှယ်ကြရာမှာ မြန်မာနိုင်ငံက သတင်းသမားတွေက ၎င်းတို့အမြင်တွေကို ဆွေးနွေးကြပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး အတွေ့အကြုံမရှိခဲ့တဲ့ သတင်းသမားတွေအတွက် အခွင့်အလမ်းတစ်ရပ်ရရှိလာမှာဖြစ်ပါတယ်။ ဒီဆွေးနွေးပွဲကနေ အဖွဲ့ဝင် ၅၁ နိုင်ငံအတွက် အစိုးရအချင်းချင်းကြား ပေါင်းကူးပေးနိုင်ပါတယ်။ ဒ့ါပြင် အစိုးရအဖွဲ့အစည်းတွေသာမက အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတွေကိုပါ အတူတကွ တွေ့ဆုံဆွေးနွေးနိုင်အောင် ဖော်ဆောင်နိုင်ခဲ့ပါတယ်။

**Mr. Yermi Brenner**
**သတင်းစာဆရာ**

ဒီပွဲကနေ ကျွန်တော်ရဲ့လုပ်ငန်းသဘာဝကို ကျွန်တော် ရှင်းပြပြီးတော့ ကုလသမဂ္ဂရဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်နဲ့ ကျွန်တော့်အလုပ် ဘယ်လိုဆက်စပ်မှု ရှိတယ်ဆိုတာ တင်ပြခဲ့ပါတယ်။ SDGs ရဲ့အဓိပ္ပာယ်ကတော့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ဖြစ်ပြီး ဒီရည်မှန်းချက်အောင်မြင်ဖို့အတွက် အစိုးရတိုင်းမှာ တာဝန်ရှိပါတယ်။ ကျွန်တော့်က သတင်းစာဆရာတစ်ဦးဖြစ်တဲ့အတွက် အစိုးရဌာနတွေမှာ လုပ်ဆောင်တာမဟုတ်ဘဲ ပြည်သူလူထုကြား ဖြစ်ပျက်မှုတွေကို ရေးသားဖော်ပြနေပါတယ်။ ဒီဖြစ်ပျက်မှုတွေကလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနဲ့ ဆက်စပ်နေတာ တွေ့ရပါတယ်။ ဒီလိုနိုင်ငံပေါင်းစုံက သတင်းစာဆရာတွေ နေရာတစ်နေရာမှာ လာရောက်တွေ့ဆုံပြီး အမြင်ချင်းဖလှယ်နိုင်ဖို့ ပွဲတစ်ပွဲကျင်းပနိုင်ဖို့က အလွန်ခက်ခဲတယ်ဆိုတာ ကျွန်တော်သဘောပေါက်ပါတယ်။ ဒီလိုဆွေးနွေးခြင်းအားဖြင့် တစ်ဦးနဲ့တစ်ဦး လုပ်ငန်းအခြေအနေနဲ့ လုပ်ငန်းနယ်ပယ်တွေကို တစ်ဦးနဲ့တစ်ဦး သိရှိကြမှာ ဖြစ်ပါတယ်။ လာရောက်တဲ့ ပြည်ပသတင်းစာဆရာတွေကလည်း မြန်မာနိုင်ငံရဲ့အကြောင်း သိရှိခွင့်ရလာမှာ ဖြစ်ပါတယ်။

ကျွန်တော်က မြန်မာနိုင်ငံနဲ့ အတော်အနေဝေးတဲ့အပြင် ကျွန်တော့်ရဲ့လုပ်ငန်းသဘာဝကလည်း ဒုက္ခသည် အရေးကိုသာ ဇောင်းပေးထားတဲ့အတွက် ရခိုင်အရေးနဲ့ပတ်သက်တဲ့ ပြဿနာတွေကိုတော့ ကျွန်တော် ဂဃနဏ မသိနိုင်ပါဘူး။ ကျွန်တော် ဒီနိုင်ငံကို မလာခင်တုန်းက မြန်မာနိုင်ငံနဲ့ ပတ်သက်ပြီး ကြိုတင်လေ့လာဖတ်ရှုထားတာတွေရှိတဲ့အတွက် ရခိုင်အရေးက တော်တော်အရေးကြီးတဲ့ အရေးကိစ္စတစ်ခုလို့တော့ နားလည်ထားပါတယ်။ ခင်ဗျားတို့ ကျွန်တော်တို့အပါအဝင် မည်သူတွေကမျှ ဒုက္ခသည်တော့ မဖြစ်ချင်ပါဘူး။ မည်သူမဆို ကိုယ့်မိသားစုနဲ့အတူ ကိုယ့်အလုပ်နဲ့ကိုယ် အေးအေးချမ်းချမ်း နေထိုင်လိုကြပါတယ်။ ဒါကြောင့် ရခိုင်အရေးက အစိုးရအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နေပါတယ်။ ဒါကြောင့်မို့ အစိုးရအနေနဲ့ ဒီပြဿနာကို ငြိမ်းချမ်းသောနည်းနဲ့ အဖြေရှာရမှာ ဖြစ်ပါတယ်။

လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ကတော့ မရှိမဖြစ်လိုအပ်တာပေါ့။ ခင်ဗျားတို့ ကျွန်တော်တို့လို မီဒီယာသမားတွေအတွက် ပိုလို့တောင်လိုအပ်သေးတယ်။ မြန်မာအစိုးရကို ကျွန်တော် အကြံပြုချင်တာကတော့ ဘယ်သတင်းစာပညာရပ်ကိုမဆို မြှင့်တင်ပေးဖို့ပါဘဲ။ လူတစ်ဦးကျန်းမာဖို့က ဆရာဝန်လိုအပ်သလို လူ့အဖွဲ့အစည်းတစ်ခု ခိုင်မာတောင့်တင်းဖို့က သတင်းစာပညာ လိုအပ်ပါတယ်။ သတင်းစာပညာဖွံ့ဖြိုးမှုမရှိရင် လူ့အဖွဲ့အစည်းကလည်း ခိုင်မာတောင့်တင်းမှုရှိမှာ မဟုတ်ပါဘူး။ ဒါကြောင့်မို့ သတင်းစာပညာဖွံ့ဖြိုးမှုက လူ့အဖွဲ့အစည်းအတွက် မရှိမဖြစ်လိုအပ်ပါတယ်။

**Ms. Sharmilla GANESAN**
**အလွတ်တန်းသတင်းထောက်**

ဒီလိုမြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အစိုးရ၊ ပြည်သူနဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေအားလုံးမှာ သူ့ကဏ္ဍနဲ့သူ တာဝန်ကိုယ်စီရှိကြပါတယ်။ ဒီလိုဒီမိုကရေစီလုပ်ငန်းစဉ်မှာ အစိုးရအနေနဲ့ အခက်အခဲနဲ့စိန်ခေါ်မှုတွေ အဟန့်အတားတွေ များစွာရှိနေတယ်ဆိုတာ သဘောပေါက်ကြမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီအသွင်ကူးပြောင်းရာမှာ တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးဟာ မရှိမဖြစ်လိုအပ်တဲ့အတွက် ဒါကို နိုင်ငံရေး ခံယူချက်ရှိရှိ ဖော်ဆောင်ဖို့ လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာ လက်ရှိဖြစ်ပေါ်နေတဲ့ မီဒီယာအခင်းအကျင်းနဲ့ပတ်သက်ပြီး ကျွန်မအနေနဲ့ မြန်မာနိုင်ငံက မီဒီယာလုပ်ငန်းတွေနဲ့ အလှမ်းဝေးနေတဲ့အတွက် မှတ်ချက်ပြုလို့ မရပါဘူး။ ဒီပွဲကနေရရှိတဲ့ အတွေ့အကြုံအရတော့ မြန်မာသတင်းသမားတွေအပေါ်မှာ အထင်ကြီးလေးစားစိတ်တွေ ဖြစ်ပေါ်လာတာတော့ အမှန်ပါပဲ။ နိုင်ငံအသီးသီးက မတူညီတဲ့ လူတွေဆီက ကွဲပြားတဲ့အမြင်တွေဟာ ဒီမိုကရေစီကို ချိတ်ရာမှာ အကောင်းဆုံးနည်းလမ်းပါပဲ။

**ဦးမျိုးမြင့်မောင်**
**အမြဲတမ်းအတွင်းဝန်**
**ပြန်ကြားရေးဝန်ကြီးဌာန**

ASEM ရဲ့ ရည်ရွယ်ချက်က နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မဏ္ဍိုင် သုံးရပ်ရဲ့အောက်မှာ အကောင်အထည်ဖော်ရမယ့် လုပ်ငန်းတွေ အများကြီးရှိတယ်။ အဲဒီထဲကမှ ASEM ရဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်တာက ASEF ဖြစ်တယ်။ ဒီ ASEF မှာပါဝင်တဲ့ 11th ASEF Journalists' Seminar ကနေ ဘာတွေကို ဖော်ထုတ်နိုင်သလဲဆိုရင် ကျွန်တော်တို့ရဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်တွေကို ပုံဖော်တဲ့အခါမှာ မီဒီယာရဲ့အခန်းကဏ္ဍ ပိုမိုမြှင့်တင်နိုင်ဖို့အတွက် ရည်ရွယ်ပါတယ်။

ဒီလိုအိမ်ရှင်အဖြစ် ကျင်းပတဲ့အချိန်မှာ ကျွန်တော်တို့ အမိအရ ဆုပ်ကိုင်နိုင်တာက မြန်မာနိုင်ငံရဲ့ ပကတိလက်ရှိအခြေအနေတွေ၊ နောက်ပြီးတော့ တိုးတက်ဖြစ်ထွန်းနေမှု ပြယုဂ်တွေ၊ နိုင်ငံတကာကနေပြီးတော့ တချို့ကိစ္စတွေမှာ အထင်အမြင်လွဲနေတာတွေကို နိုင်ငံတကာက မျက်ဝါးထင်ထင်မြင် တွေ့ခွင့်ပေးနိုင်မယ်၊ ရှင်းလင်းပြသနိုင်မယ်။ တစ်ဖက်ကလည်း ကျွန်တော်တို့ ဆောင်ရွက်နေတာတွေကို မြင်သွားပြီး သဘောထားအမြင်ပြောင်းသွားနိုင်တာတွေ ရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ရဲ့ မျှော်လင့်ချက်ပါ။

11th Journalists' Seminar ကို ကျွန်တော်တို့က ASEF နဲ့တွဲပြီး လုပ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့က ASEM ရဲ့မိတ်ဖက်နိုင်ငံတွေရဲ့ ကိုယ်စားလှယ် ၃၃ ဦးပါပါတယ်။ ဒီအခမ်းအနားမှာ ကျွန်တော်တို့နိုင်ငံကတော့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ မိတ်ဖက်ဖြစ်တဲ့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီပါတယ်။ မြန်မာနိုင်ငံ သတင်းစာ ဆရာအသင်းပါတယ်။ Myanmar Journalist Union နဲ့ Myanmar Journalist Network က ကိုယ်စားလှယ် ၅၀ ကျော်တက်ရောက်ပါတယ်။

**ဒေါက်တာ ဒေါ်သီတာတင်**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

ကျွန်မတို့ ဒီနေ့အခမ်းအနားမှာတော့ Panel Discussion နှစ်ခုနဲ့ Trainning Workshop နှစ်ခု ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ အထူးသဖြင့် UN ကနေ ချမှတ်ထားတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင် (SDGs) ကို ဆောင်ရွက်တဲ့အခါ မီဒီယာအပိုင်းကနေ ဘယ်လိုပုံစံနဲ့ အပြုသဘောဆောင်တဲ့ နေရာကနေ ဆောင်ရွက်သွားမလဲ ဆိုတာကို Panel Discussion ပုံစံမျိုး ဆွေးနွေးသွားဖို့ရှိပါတယ်။ ပြီးရင် အဲဒီခေါင်းစဉ်အောက်ကနေ Trainning Workshop ပုံစံဆောင်ရွက်ဖို့ရှိပါတယ်။ နောက်ပြီးတော့ ရာသီဥတုပြောင်းလဲလာမှုနဲ့ပတ်သက်ပြီးတော့ ၂၀၁၅ ခုနှစ်က ပဲရစ်မှာ လုပ်သွားတယ်။ အဲဒီနောက်ပိုင်းဖြစ်ပေါ်တိုးတက်မှုတွေကို ဆွေးနွေးကြတာရှိတယ်။ သတင်းသမားတွေအတွက် Proactive, Reactive ပုံစံမျိုးနဲ့ သတင်းရေးသားဖို့အတွက် ဆွေးနွေးကြပါမယ်။ Reactive ကတော့ တစ်ခုခုဖြစ်ပြီးမှရေးတဲ့ သတင်း၊ Proactive ဆိုတာကတော့ မဖြစ်သေးခင်မှာ ဆောင်ရန်ရှောင်ရန် သဘောမျိုး လူတွေကို Awareness လုပ်တဲ့ ပုံစံမျိုးရေးသားဖို့အတွက် Stratagy အပိုင်းကို သင်တန်းပုံစံမျိုး ဆောင်ရွက်သွားပါမယ်။

**ဦးသီဟစော**
**အတွင်းရေးမှူး**
**မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ**

ဒီနေ့က SDGs ဆိုတာ Sustainable Development Goals၊ ဟိုးအရင်တုန်းကတော့ Millinium Goals လို့ ခေါ်တယ်။ Millennium Goals ဆိုတာ ရည်မှန်းချက်ပန်းတိုင်ဖြစ်တယ်။ အခုကတော့ အသစ် ၂၀၁၅ ခုနှစ်မှာ နိုင်ငံပေါင်း ၂၀၀ ကျော်လက်မှတ် ထိုးထားတယ်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (SDGs) ၁၇ ခုရှိတယ်။ အဲဒီ ၁၇ ခုကို ဘယ်လိုသွားကြမလဲ။ ဘယ်လိုဆောင်ရွက်ကြမလဲဆိုတာတွေ ဆွေးနွေးကြတယ်။ ဒီနေ့မှာ SDGs ဆိုတဲ့ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်တွေကို သွားတဲ့အခါမှာ Journalists တွေက ဘယ်လိုအပေါင်းလက္ခဏာဆောင်မလဲဆိုတာတွေ ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ လုပ်ရမှာတော့ အများကြီးပဲ၊ ဆင်းရဲမှု ပပျောက်ရေးလည်းပါတယ်၊ ကျန်းမာရေး၊ ပညာရေး စတဲ့ပန်းတိုင်တွေကို လုပ်ဖို့ Journalist နေရာက ကြည့်မယ်ဆိုရင်တော့ ကိုယ်က သတင်းပညာကိုပိုပြီးတော့ ကျွမ်းကျင်ဖို့၊ တတ်မြောက်ဖို့လိုမယ် လို့ထင်တယ်၊ ကျွန်တော်တို့ သတင်းပညာကို များများကျွမ်းကျင်လေ၊ တတ်မြောက်လေ လုပ်ရတဲ့အခါ ပိုပြီးတော့ အဆင်ပြေလေဖြစ်မှာပါ။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်တွေကို မသွားခင်မှာ စတုတ္ထမဏ္ဍိုင်ကို ပိုပြီးတော့ ခိုင်အောင်လုပ်ထားဖို့ လိုတယ်ဆိုတာ ဆွေးနွေးခဲ့ပါတယ်။

အခုအချိန်က ကျွန်တော်တို့ နိုင်ငံအတွက် အရေးကြီးတဲ့ အချိန်ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတကာအနေနဲ့ ကျွန်တော်တို့ နိုင်ငံအပေါ် အမြင်တွေ၊ အပြောတွေက အပေါင်းလက္ခဏာသိပ်မဆောင်ဘူး။ အဲဒီကနေ ရုန်းထွက်တဲ့အခါ ကျွန်တော်တို့ ဘာလုပ်ကြမလဲ၊ ဒီလိုနေရာမျိုးတွေမှာ ပြောသင့်တယ်။ ဆွေးနွေးသင့်တယ်လို့ ထင်တယ်။ မြန်မာနိုင်ငံက သတင်းသမားတွေအနေနဲ့လည်း နိုင်ငံတကာကို ဒီလိုပုံစံမျိုးနဲ့ ဝင်ဆံ့အောင်တိုးမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံအတွက် အကျိုးရှိမယ် လို့ထင်ပါတယ်။

**ဦးကျော်စွာမင်း**
**တွဲဖက်အတွင်းရေးမှူး(၂)**
**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

အာရှ-ဥရောပဖောင်ဒေးရှင်းက ဒီနေ့လုပ်တဲ့အခမ်းအနားမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်(SDGs)ကို ဘယ်လို ချဉ်းကပ်မလဲဆိုတာကို အဓိကထား ဆွေးနွေးကြတယ်။ တစ်ခုကောင်းတာကတော့ အာရှကနေ ဥရောပမှာ Journalism မှာ ဘယ်လိုဆောင်ရွက်နေလဲဆိုတာတွေကို ပူးပေါင်းပြီးတော့ လေ့လာခွင့်ရတယ်။ မြန်မာနိုင်ငံအနေနဲ့ဆိုရင်လည်း အခုဆိုပိုပြီးတော့ အခွင့်အရေးတွေရှိတယ်။ အခုဒီမှာ ဂျာမနီကနေပြီးတော့ သူတို့ရဲ့ Media ကို ဘယ်လိုဆောင်ရွက်နေလဲဆိုတဲ့ ပုံစံပြောသွားတယ်။ Media ကို ဖွံ့ဖြိုးတိုးတက်မှု အားကောင်းလာဖို့အတွက် နည်းလမ်းတွေကို သိလာတယ်။ SDGs နဲ့ ပတ်သက်ပြီး မြန်မာ့မီဒီယာလောက က ဘယ်လိုလဲဆိုရင် အခု ၂၀၀၇ ကနေ ၂၀၁၀ နောက်ပိုင်းမှာ မြန်မာ့မီဒီယာလောက အနည်းငယ် ပြောင်းလဲလာတယ်။ ပုဂ္ဂလိကပိုင်းမှာ ဖွံ့ဖြိုးလာတယ်။ အခု ဆိုရင် သတင်းမီဒီယာနဲ့ပတ်သက်တဲ့ အသင်းအဖွဲ့တွေလည်း ပေါ်လာတယ်။ ကောင်စီဆိုတာလည်း ပေါ်လာတယ်။ သတင်းမီဒီယာ အားကောင်းမှသာလျှင် ဒီမိုကရေစီအားကောင်းတဲ့ ပုံစံမျိုးဖြစ်လာမယ်။ အခုလက်ရှိမှာတော့ သတင်းမီဒီယာသည် ၁၀၀ ရာခိုင်နှုန်း အားကောင်းတဲ့ အခြေအနေမရှိသေးဘူး။ SDGs အပိုင်းမှာ အများကြီးလုပ်ဖို့ လိုသေးတယ်၊ နိုင်ငံတကာနဲ့ ရင်ပေါင်တန်းတဲ့အခါမှာ Capacity က အားနည်းနေတာ တွေ့ရတယ်။ Capacity အပိုင်းက ပိုပြီးမြှင့်တင်ပြီး လုပ်ဆောင်မှသာ မြန်မာ့မီဒီယာက နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်မှာ ဖြစ်တယ်။ နောက်တစ်ခုက လက်တွေ့မှာ နိုင်ငံတကာမီဒီယာက အားကောင်းတဲ့အတွက် ရခိုင်ပြည်နယ်ကိစ္စမှာ သင်ခန်းစာယူဖို့ ကောင်းတယ်။ မြန်မာ့မီဒီယာအခန်းကဏ္ဍက မီဒီယာ အားကောင်းမှ နိုင်ငံတကာကို မှန်ကန်တဲ့ သတင်းတွေ၊ နိုင်ငံတကာက မသိသေးတဲ့ အရင်းအမြစ်တွေကို ဖော်ထုတ်နိုင်မှာ ဖြစ်တယ်။

အာရှ-ဥရောပအဆင့်မှာ မြန်မာနိုင်ငံက နှစ်ပေါင်း ၁၀၀ မှာ တစ်ခါသာ ကျင်းပခွင့်ရတယ်လို့ ပြောတယ်။ ကိုယ့်မြန်မာနိုင်ငံက ကျင်းပခွင့်ရတဲ့အတွက် ဒီအပေါ်ကနေ မီဒီယာဘက်က Capacity SDGs နဲ့ပတ်သက်ပြီး တစ်ထောင့်တစ်နေရာက ဘယ်လိုဆောင်ရွက်ရမလဲဆိုတဲ့ အမြင်သစ်တွေကို ရရှိမယ်လို့ မျှော်လင့်ပါတယ်။

စာမျက်နှာ ၉ သို့

# ၂၀၁၇ - ၂၀၁၈ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေ သုံးစွဲရေးဥပဒေပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

ဇယား(၂)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နိုင်ငံခြားရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅,၈၄၈.၁၀၀ | | ၅၀၀.၀၀၀ | ၈၁၈.၆၃၁ | | | | | ၇,၁၆၆.၇၃၁ |
| ၂ | ၃ | ပြည်ထဲရေး | ၎င်း | ၂၀,၃၇၀.၄၁၀ | ၃၁၁.၂၆၉ | ၆.၁၀၂ | ၁၁,၇၂၆.၆၇၃ | | | | | ၃၂,၄၁၄.၄၅၄ |
| ၃ | ၄ | ကာကွယ်ရေး | ၎င်း | ၁၁၀,၃၇၅.၂၃၉ | ၁,၂၃၅.၆၇၀ | | ၁၇၆,၁၄၄.၅၆၄ | | ၂,၃၄၉.၅၃၇ | | | ၂၉၀,၁၀၅.၀၁၀ |
| ၄ | ၅ | နယ်စပ်ရေးရာ | ၎င်း | ၄၃၅.၉၄၄ | | | ၈၁၃.၅၁၇ | | | | | ၁,၂၄၉.၄၆၁ |
| ၅ | ၇ | ပြန်ကြားရေး | ၎င်း | ၉,၉၇၅.၈၄၈ | | | ၆၇၈.၃၉၉ | | | | | ၁၀,၆၅၄.၂၄၇ |
| ၆ | ၈ | သာသနာရေးနှင့်ယဉ်ကျေးမှု | ၎င်း | ၄၅၃.၁၃၃ | | | ၁,၀၅၄.၂၄၇ | | | | | ၁,၅၀၇.၃၈၀ |
| ၇ | ၉ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း | ၎င်း | ၃,၄၃၃.၃၁၃ | ၃,၄၉၉.၂၁၆ | ၁၆,၇၈၅.၅၉၉ | ၄၅,၀၉၃.၁၆၂ | | ၁၂,၄၂၄.၉၃၃ | | | ၈၁,၂၃၆.၂၂၃ |
| ၈ | ၁၀ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး | ၎င်း | ၁၅၀.၀၁၅ | ၂,၄၄၁.၁၁၁ | ၄၂.၁၆၄ | ၁၁,၄၆၇.၉၀၇ | | ၆၀၃.၅၉၃ | | | ၁၄,၇၀၄.၉၉၀ |
| ၉ | ၁၁ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး | ၎င်း | ၂၇၉.၁၀၅ | | ၈၆.၄၄၄ | ၄,၅၂၄.၁၇၃ | | | | | ၄,၈၈၉.၇၂၂ |
| ၁၀ | ၁၂ | လျှပ်စစ်နှင့်စွမ်းအင် | ၎င်း | ၂.၇၄၀ | ၇၉၂.၃၆၁ | | ၈၅,၀၀၇.၈၈၆ | | ၄,၄၀၈.၁၁၃ | | | ၉၀,၂၁၁.၁၀၀ |
| ၁၁ | ၁၃ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | ၄၃၉.၀၉၀ | | | ၇၈.၉၁၆ | | | | | ၅၁၈.၀၀၆ |
| ၁၂ | ၁၄ | စက်မှု | ၎င်း | | | | ၈၀.၈၂၀ | | | | | ၈၀.၈၂၀ |
| ၁၃ | ၁၅ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | ၁၃၇.၉၁၀ | | | ၂,၁၉၈.၇၉၂ | | | | | ၂,၃၃၆.၇၀၂ |
| ၁၄ | ၁၆ | ပညာရေး | ၎င်း | ၁၉,၇၄၇.၆၅၀ | ၀.၀၃၈ | ၁,၈၉၆.၇၀၇ | ၆,၅၄၇.၀၈၁ | | | | | ၂၈,၁၉၁.၄၇၆ |
| ၁၅ | ၁၇ | ကျန်းမာရေးနှင့်အားကစား | ၎င်း | ၁၉,၀၈၇.၈၂၈ | | ၂၀.၀၀၀ | ၂၂,၀၅၃.၆၃၈ | | | | | ၄၁,၁၆၂.၄၆၆ |
| ၁၆ | ၁၈ | စီမံကိန်းနှင့်ဘဏ္ဍာရေး | ၎င်း | ၁၇၄,၆၅၅.၈၈၆ | ၁၃၅,၇၂၉.၂၁၄ | ၅၅,၆၉၅.၄၄၄ | ၃,၉၀၄.၆၄၉ | ၂၃,၁၉၉.၀၀၅ | ၆,၆၁၆.၃၀၉ | ၉,၅၀၀.၀၀၀ | | ၄၀၉,၃၀၀.၆၀၇ |
| ၁၇ | ၁၉ | ဆောက်လုပ်ရေး | ၎င်း | ၄,၇၈၂.၅၆၄ | | ၀.၂၄၈ | ၇၂,၅၄၇.၆၇၆ | | | ၆,၂၉၀.၅၈၉ | | ၈၃,၆၂၀.၀၇၇ |
| ၁၈ | ၂၀ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | ၁,၆၃၆.၇၂၂ | | ၁,၁၉၀.၀၀၇ | ၃၉၀.၀၀၀ | | | | | ၃,၂၁၇.၇၄၉ |
| ၁၉ | ၂၁ | ဟိုတယ်နှင့်ခရီးသွားလာရေး | ၎င်း | ၉၆၅.၇၀၁ | | ၃၃၀.၉၈၅ | ၁၀၃.၁၅၃ | | | | | ၁,၃၉၉.၈၃၉ |
| ၂၀ | ၂၂ | တိုင်းရင်းသားလူမျိုးများရေးရာ | ၎င်း | | | | ၇၄၉.၉၇၄ | | | | | ၇၄၉.၉၇၄ |
| ၂၁ | | တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များသို့ လိုငွေဖြည့်ဆည်းခြင်းအတွက် ထောက်ပံ့ငွေ | ၎င်း | | | ၁၅,၃၄၃.၄၅၆ | | | | | | ၁၅,၃၄၃.၄၅၆ |
| | | ပေါင်း | | ၃၇၂,၇၇၇.၁၉၈ | ၁၄၄,၀၀၈.၈၇၉ | ၉၁,၈၉၈.၃၆၆ | ၄၄၅,၉၈၄.၈၆၈ | ၂၃,၁၉၉.၀၀၅ | ၂၆,၄၀၂.၄၈၅ | ၁၅,၇၉၀.၅၈၉ | | ၁,၁၂၀,၀၆၁.၄၉၀ |

ဇယား(၃)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော ဝန်ကြီးဌာန၊ ဦးစီးဌာနများ

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်အောက်ရှိ လူမှုဖူလုံရေးအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၃,၀၆၇.၇၂၂ | | | ၃၈၅.၁၃၀ | | | | | ၃,၄၅၂.၈၅၂ |
| | | ပေါင်း | | ၃,၀၆၇.၇၂၂ | | | ၃၈၅.၁၃၀ | | | | | ၃,၄၅၂.၈၅၂ |

ဇယား(၄)
(ကျပ်သန်းပေါင်း)

## နိုင်ငံပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ - ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေမှ သုံးငွေများ | | | | | | မိမိဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်မည့် သုံးငွေများ (လုပ်ငန်းသုံးရင်းနှီးငွေ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေပေါင်း | သာမန်သုံးငွေ | ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်၊ဝင်ငွေခွန်နိုင်ငံတော်သို့ထည့်ဝင်ငွေ | ငွေလုံးငွေရင်း သုံးငွေ | သုံးငွေပေါင်း | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀(၅+၆+၇+၈+၉) | ၁၁ | ၁၂ | ၁၃ | ၁၄(၁၁+၁၂+၁၃) | ၁၅(၁၀+၁၄) |
| ၁ | ၁ | ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကတာဝန်ပေးသူ | | | | | | | ၁,၈၃၇.၀၀၀ | ၃၇၄.၆၂၈ | | ၂,၂၁၁.၆၂၈ | ၂,၂၁၁.၆၂၈ |
| ၂ | ၃ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၄၁၄.၇၅၁ | ၉၇,၂၃၆.၀၆၇ | | ၃,၅၃၉.၈၀၄ | | ၁၀၁,၁၉၀.၆၂၂ | ၃၄,၇၄၀.၇၃၂ | | ၃၇,၅၀၉.၄၄၇ | ၇၂,၂၅၀.၁၇၉ | ၁၇၃,၄၄၀.၈၀၁ |
| ၃ | ၄ | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၃.၄၉၉ | | | | | ၃.၄၉၉ | ၁၀,၇၀၆.၂၉၉ | ၆၀,၃၇၂.၁၀၃ | ၃.၁၂၇ | ၇၁,၀၈၁.၅၂၉ | ၇၁,၀၈၅.၀၂၈ |
| ၄ | ၅ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၁၁၅,၇၄၀.၈၀၃ | ၈၇,၁၉၃.၀၄၁ | | ၄၀,၇၀၁.၄၂၉ | | ၂၄၃,၆၃၅.၂၇၃ | ၂၄၂,၇၁၈.၆၉၅ | ၁၅၃,၀၅၃.၅၀၁ | ၂,၃၆၂.၁၂၄ | ၃၉၈,၁၃၄.၃၂၀ | ၆၄၁,၇၆၉.၅၉၃ |
| ၅ | ၆ | စက်မှုဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၆,၁၄၂.၈၆၅ | ၂၀,၁၃၇.၂၀၉ | | ၆၈,၆၄၉.၇၈၂ | | ၉၄,၉၂၉.၈၅၆ | ၈,၆၆၃.၆၄၉ | | | ၈,၆၆၃.၆၄၉ | ၁၀၃,၅၉၃.၅၀၅ |
| ၆ | ၇ | စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနလက်အောက်ရှိ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ | ၎င်း | ၂၁၄,၂၅၉.၁၃၇ | ၂,၇၇၈.၄၃၇ | ၂၃,၄၅၅.၄၅၁ | | | ၂၄၀,၄၉၃.၀၂၅ | | | | | ၂၄၀,၄၉၃.၀၂၅ |
| | | ပေါင်း | | ၃၃၆,၅၆၁.၀၅၅ | ၂၀၇,၃၄၄.၇၃၄ | ၂၃,၄၅၅.၄၅၁ | ၁၁၂,၈၉၁.၀၁၅ | | ၆၈၀,၂၅၂.၂၇၅ | ၂၉၈,၆၆၆.၃၇၅ | ၂၁၃,၈၀၀.၂၃၂ | ၃၉,၈၇၄.၆၉၈ | ၅၅၂,၃၄၁.၃၀၅ | ၁,၂၃၂,၅၉၃.၅၈၀ |

ဇယား(၅)
(ကျပ်သန်းပေါင်း)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ် ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ - ထုတ်ချေးငွေ | ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၄,၀၆၃.၉၆၇ | | | ၁၃,၆၀၀.၈၈၆ | ၁,၂၅၃.၉၀၁ | | | | ၂၈,၉၂၆.၇၅၄ |
| ၂ | ၂ | လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ၎င်း | ၁၆,၂၁၀.၆၂၉ | | | ၆,၅၂၂.၁၃၉ | | | | | ၂၂,၇၃၂.၇၆၈ |
| | | ပေါင်း | | ၃၀,၂၇၄.၅၉၆ | | | ၂၀,၁၂၃.၀၂၅ | ၁,၂၅၃.၉၀၁ | | | | ၅၁,၆၅၁.၅၂၂ |

စာမျက်နှာ ၉ သို့

*စာမျက်နှာ ၈ မှ*

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၆)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | ကာကွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၀.၂၆၅ | | | | | | | | ၅၀.၂၆၅ |
| | | ပေါင်း | | ၅၀.၂၆၅ | | | | | | | | ၅၀.၂၆၅ |

## နေပြည်တော်ကောင်စီ

ဇယား(၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်ကောင်စီ | နေပြည်တော်ကောင်စီဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တာဝန်ပေးသူ | | | | ၇,၀၄၈.၄၄၇ | | | | | ၇,၀၄၈.၄၄၇ |
| | | ပေါင်း | | | | | ၇,၀၄၈.၄၄၇ | | | | | ၇,၀၄၈.၄၄၇ |

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ဇယား(၈)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် နေပြည်တော်စည်ပင်သာယာ ရေးကော်မတီဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၅၉.၈၇၁ | ၁,၅၃၂.၄၂၄ | | | | | ၁,၉၉၂.၂၉၅ |
| | | ပေါင်း | | | | ၄၅၉.၈၇၁ | ၁,၅၃၂.၄၂၄ | | | | | ၁,၉၉၂.၂၉၅ |

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

ဇယား(၉)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | မြန်မာနိုင်ငံတော်ဗဟိုဘဏ် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၅၆,၅၅၃.၇၀၇ | | | ၂၅.၃၂၂ | | | | | ၅၆,၅၇၉.၀၂၉ |
| | | ပေါင်း | | ၅၆,၅၅၃.၇၀၇ | | | ၂၅.၃၂၂ | | | | | ၅၆,၅၇၉.၀၂၉ |

*စာမျက်နှာ ၇ မှ*

### မစ္စတာ ကာစတန်ဝါနက်ကဲ အာရှ-ဥရောပဖောင်ဒေးရှင်း အမှုဆောင်ညွှန်ကြားရေးမှူး

ကျွန်တော်တို့ အေဆက်ဖ်ဂျာနယ်လစ် အစည်းအဝေးကို " Shaping Perceptions and Minds towards Achieving the SDGs " ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပခဲ့တာပါ။ ဒါဟာအရေးကြီးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အာရှ-ဥရောပနိုင်ငံတွေ အတူတကွ လာရောက်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ရည်ရွယ်ချက်ကို ကမ္ဘာ့အဆင့် ဘယ်လိုမျိုး အတူတကွတိုးတက်အောင် ဖော်ဆောင်နိုင်ကြမလဲဆိုတာကို ဆွေးနွေးနိုင်ကြလို့ပဲ ဖြစ်ပါတယ်။ အဲလိုမျိုး အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ဒီအပေါ် ပြည်သူတွေရဲ့ အာရုံစူးစိုက်မှုရှိဖို့ လိုအပ်သလို ဂျာနယ်လစ်တွေရဲ့ အခန်းကဏ္ဍကလည်း မရှိမဖြစ် အရေးပါပါတယ်။ ဒါကြောင့်လည်း အာရှ- ဥရောပမှာရှိတဲ့ ဂျာနယ်လစ်တွေကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာ့အဆင့် ဘယ်လိုမျိုး တိုးတက်အောင် လုပ်မလဲဆိုတဲ့ အဖြေထွက်ပေါ်လာဖို့ အခုလို ဖိတ်ကြားခဲ့ခြင်းပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့လုပ်ခဲ့တာ တစ်ခုကတော့ အာရှ-ဥရောပနိုင်ငံ ပေါင်းစုံက ဂျာနယ်လစ် ၂၅ ယောက်ကို မြန်မာနိုင်ငံကို ဖိတ်ခေါ်ခဲ့ပြီး ပြန်ကြားရေးဝန်ကြီးဌာန အပါအဝင် မြန်မာနိုင်ငံမှာရှိတဲ့ ဂျာနယ်လစ်တွေနဲ့ ဒီကိစ္စတွေကို ဆွေးနွေးခဲ့တာပဲ ဖြစ်ပါတယ်။ အာရှ-ဥရောပ ဂျာနယ်လစ်တွေဟာ မြန်မာနိုင်ငံကို လာရောက်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအပေါ် အချင်းချင်း အတွေ့အကြုံတွေ ဖလှယ်နိုင်ကြဖို့ ကျွန်တော်တို့ မျှော်လင့်ပါတယ်။ ပြီးတော့လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်အကောင်အထည်ဖော်ခဲ့တာတွေ ရောပြီးတော့ အဲဒီပန်းတိုင်ကိုရောက်အောင် ဘယ်လိုမျိုး ဆက်လက်အကောင်အထည်ဖော်ရမလဲဆိုတဲ့အပေါ် မြန်မာဂျာနယ်လစ်တွေပိုမိုသဘောပေါက်နားလည်ဖို့ သူတို့ရဲ့ အတွေ့အကြုံတွေကို လာရောက်ကူညီဖလှယ်ကြတာပါ။ ပြီးတော့ မြန်မာနိုင်ငံကို လာရောက်တဲ့ ဂျာနယ်လစ်တွေအနေနဲ့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွေကို ဘယ်လိုမျိုးအကောင်အထည်ဖော်ရမလဲ။ မြန်မာနိုင်ငံမှာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကို အကောင်အထည်ဖော်ဖို့ဆိုရင် စိန်ခေါ်မှုတွေက ဘာတွေလဲဆိုတာကို လာရောက်စူးစမ်းရှာဖွေကြခြင်းပဲဖြစ်ပါတယ်။ ပြီးတာနဲ့ကျွန်တော်တို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ဘာတွေလုပ်နိုင်သလဲဆိုတဲ့ ဖြစ်နိုင်တဲ့ အမြင်တွေကို ရှာဖွေပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု မြှင့်တင်ဖို့ အာရှ-ဥရောပနိုင်ငံတွေ အတူတကွ ပူးပေါင်း ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။



ဦးကျော်စွာမင်း၊ တွဲဖက်အတွင်းရေးမှူး(၂) မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ



မစ္စတာ ကာစတန်ဝါနက်ကဲ၊ အာရှ-ဥရောပ ဖောင်ဒေးရှင်း အမှုဆောင်ညွှန်ကြားရေးမှူး

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုတွေအပေါ် မီဒီယာရဲ့ အာရုံစူးစိုက်မှု ပိုမိုရရှိလာပါတယ်။ အစည်းအဝေးကျင်းပပြီးတဲ့အခါမှာလည်း ဒီအစည်းအဝေးမှာ ဘာတွေဆွေးနွေးခဲ့တယ်၊ ဘာအတွေ့အကြုံတွေရခဲ့သလဲ၊ ဘာတွေ တွေ့မြင်ခဲ့သလဲ၊ မြန်မာနဲ့ပတ်သက်ပြီး အမြင်တွေ ပြောင်းလဲသွားသလားဆိုပြီး အစီရင်ခံစာတွေ ရေးရပါတယ်။ အဲလိုတွေ ရေးတဲ့အခါ အာရှ-ဥရောပ ဂျာနယ်လစ်တွေအနေနဲ့ ပိုမိုသိမြင်နားလည်နိုင်သလို မြန်မာဂျာနယ်လစ်တွေအနေနဲ့လည်း ဒီလိုပဲ တူညီတဲ့ အကျိုးကျေးဇူးတွေ ရလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ဆိုတဲ့ ရည်မှန်းချက်ဆိုတာက ကုလသမဂ္ဂအဆင့် ဆွေးနွေးအကောင်အထည်ဖော်ထားတဲ့ ရည်မှန်းချက်တစ်ခုပဲ ဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ အခြေအနေတွေ အဆင့်မြင့်တိုးတက်ကောင်းမွန်လာဖို့အတွက် အနာဂတ်ကာလမှာ ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။ အာရှ-ဥရောပ ဖောင်ဒေးရှင်းအနေနဲ့လည်း ဒီစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့ ရည်မှန်းချက် ပေါက်မြောက် အောင်မြင်ရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အခုဆိုရင် ကျွန်တော်တို့ဟာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်တွေကို ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဒီကိစ္စအောင်မြင်ဖို့ ဆိုရင်တော့ ပြည်သူတွေအားလုံး ဒီအပေါ်မှာ အာရုံစူးစိုက်မှု အပြည့်အဝလိုအပ်ပါတယ်။

**တွေ့ဆုံမေးမြန်း-ကျော်သဲအိမ်၊ ကျော်ထိုက်စိုး၊ ဇင်ဦး၊ တင်လင်းအောင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- ဇင်ဦး(မြန်မာ့အလင်း)၊ မင်းသန်း**

# အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံ ကွန်ပျူတာသင်တန်းဆင်း

**ရှားတော နိုဝင်ဘာ ၁၈**

ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှားတောမြို့နယ် စလောင်းကျေးရွာ၌ ကြီးမှူးဖွင့်လှစ်သော အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းအပတ်စဉ် (၂/၂၀၁၇)သင်တန်းဆင်းပွဲကို နိုဝင်ဘာ တတိယပတ်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဦးစီးမှူး ဦးမင်းဦးက အမှာစကားပြောကြားပြီး ဆုရရှိသူ သင်တန်းသား၊ သင်တန်းသူများကို ဆုချီးမြှင့်ခဲ့သည်။ ဆက်လက်၍ သင်တန်းသား၊ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက သင်တန်းဖွင့်လှစ်ပေးခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ရခိုင်ပြည်နယ်သတင်းများ

# မောင်တောဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးအတွက် အလှူငွေကျပ် သိန်း ၄၄၈၀ ထောက်ပံ့ပေးအပ်




**စစ်တွေ နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီထောက်ပံ့ရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ၏ လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရခိုင်ပြည်နယ်အတွင်းရှိ မောင်တောဒေသ ပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် ရခိုင်ပြည်နယ် မောင်တောဒေသအတွင်းရှိ ကိုင်းကြီးကျွန်း၌ မြို တိုင်းရင်းသားများအတွက် အိမ်ရာ ၆၄ လုံး တည်ဆောက်နိုင်ရေးအတွက် လူနေအိမ် တစ်လုံးလျှင် ငွေကျပ် သိန်း ၇၀ နှုန်းဖြင့် ငွေကျပ်သိန်း ၄၄၈၀ ကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့်အဖွဲ့က ပေးအပ်ရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုနှင့် ပြည်နယ် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အဆိုပါ အခမ်းအနားသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးညီပု၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# စစ်တွေမြို့၌ အဝေးပြေးကားဂိတ်သစ် Commercial Park စီမံကိန်း ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနား ကျင်းပ



**စစ်တွေ နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ဧညဂုဏ်ရည် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ အဝေးပြေးကားဂိတ်သစ် Commercial Park စီမံကိန်း ဆောင်ရွက်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စစ်တွေမြို့နယ် ကျေးတောကျေးရွာအနီး အဝေးပြေးကားဂိတ်သစ်နေရာ၌ ကျင်းပသည်။ **(ဝဲပုံ)**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ရခိုင်ပြည်နယ်အနေဖြင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်ရေးအတွက် များစွာလိုအပ်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသော အခြေအနေများနှင့်အညီ ဖွံ့ဖြိုးတိုးတက်မှုများလည်း ရရှိလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရမှလည်း ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုလို ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် လက်တွဲဆောင်ရွက်နေသည့် လုပ်ငန်းရှင်များအတွက်လည်း အခြေအနေကောင်း အခွင့်အခါကောင်း အချိန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယခုလို အခွင့်အရေးကို အခြေခံကောင်းကောင်းဖြင့် တည်ဆောက်ပေးမည်ဆိုပါက နောင်မျိုးဆက်သစ်များအတွက် အခြေခံကောင်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဧညဂုဏ်ရည် ဖွံ့ဖြိုးတိုးတက်ရေးအများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် နာယက CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် Commercial Park စီမံကိန်းဒါရိုက်တာ ဦးမင်းနိုင်က အဝေးပြေးကားဂိတ်သစ် Commercial Park စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရန်အတွက် အလှူငွေကျပ် သိန်း ၁၀၀၀ အား ဧညဂုဏ်ရည် ဖွံ့ဖြိုးတိုးတက်ရေး အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် နာယက CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက လက်ခံရယူသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**



ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေလီလမ်း အမှတ်(၆)ရှိ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ NCA-S EAO ရုံး အဆောက်အအုံ ကို တွေ့ရစဉ်။

■ *ကျောဖုံးမှ*

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် တစ်လျှောက်မှာ နည်းပညာအရ သော်လည်းကောင်း၊ စီမံခန့်ခွဲမှုအရ သော်လည်းကောင်း၊ EAO အချင်းချင်းအကြား စနစ်ကျသည့် အထောက်အကူပြု ယန္တရားအဖြစ် ဖော်ထုတ်နိုင်ပြီ ဖြစ်ပါကြောင်း၊ ယခုရုံးသည် မိမိတို့အကြား ညှိနှိုင်းဆောင်ရွက်မှု အားကောင်းမွန်စေမည် ဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို များစွာ အထောက်အကူပြုမည် ဖြစ်ကြောင်း၊ အဆိုပါရုံးသည် NCA လက်မှတ်ရေးထိုးထားကြသည့် အဖွဲ့အစည်းများ ကိုယ်စား ထူထောင်ထားသော်လည်း ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရနှင့် ပြုလုပ်သည့် ကြားခံ ဆက်သွယ်ရေးယန္တရားတစ်ခု ဖြစ်သလို ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အထောက်အကူပြုသည့် နိုင်ငံတကာ အဖွဲ့အစည်းများနှင့်လည်း ကြားခံ ဆက်သွယ်နိုင်မှာ ဖြစ်ပါကြောင်း ပြောကြားသည်။

**ပြည်သူအားလုံး မျှော်မှန်း**

ယင်းနောက် နိုင်ငံတော် အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက အမှာစကား ပြောကြားရာတွင် ငြိမ်းချမ်းရေးခရီးစဉ် လမ်းသည်ရှည်လျားသော ခရီးစဉ်လမ်းတစ်ခုဖြစ်ကြောင်း၊ ယခုအခါတွင် NCA-S EAO ရုံးသည် အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ရုံးနှင့် အနီးဆုံးနေရာတွင် တည်ရှိနေခြင်းကြောင့် ရှေ့ဆက်သွားရမည့် ငြိမ်းချမ်းရေး လမ်းအရှည်ကြီးကို တစ်စိတ်တစ်ဒေသအားဖြင့် တိုတောင်းနိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ဤရုံးရှိနေခြင်းအားဖြင့် အချိန်မရွေး တစ်ဦးနှင့်တစ်ဦး ဆက်သွယ်နိုင်ပြီး ကြိမ်ဖန်များစွာ ဆက်သွယ်နိုင်ခြင်းသည် တစ်ဦးနှင့်တစ်ဦး ယုံကြည်မှု၊ ရင်းနှီးမှု၊ လေးစားမှုများ ရှိလာနိုင်ခြင်းဖြစ်ပေါ်ပြီး ထိုမှတစ်ဆင့် ငြိမ်းချမ်းရေးခရီးစဉ်အတွက် ကောင်းမွန်သော အနှစ်သာရများ ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအားလုံး မျှော်မှန်းနေသော ဒီမိုကရေစီ ဖယ်ဒရယ် ပြည်ထောင်စုကြီးကို ဆောလျင်စွာ ရရှိပါစေကြောင်း ပြောကြားသည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင်၏ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်ကြည်နှင့် Peace Support Programme Manager Mr. Manuel De Rivera တို့က အမှာစကား ပြောကြားပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ အဖွဲ့ဝင်နှင့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်၏ ဦးဆောင်နာယက ခွန်ဥက္ကာက ကျေးဇူးတင်စကား ပြောကြားသည်။

**တက်ရောက်**

ယနေ့ အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ ငြိမ်းချမ်းရေးကော်မရှင်၏ အကြံပေး အဖွဲ့ဝင်များနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ခေါင်းဆောင်များ၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ပါဝင်ခဲ့သော အဖွဲ့ဝင်ဟောင်းများ၊ အလှူရှင်အဖွဲ့များ၏ ကိုယ်စားလှယ်များ၊ ရန်ကုန်မြို့ရှိ သံရုံးများမှ သံတမန်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။


**သတင်းစာရှင်းလင်း**

အခမ်းအနားအပြီးတွင် အဆိုပါ ရုံးဖွင့်ပွဲနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတစ်ရပ် ပြုလုပ်ရာ မီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ အဖွဲ့ဝင်နှင့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေး အဖွဲ့ချုပ်၏ ဦးဆောင်နာယက ခွန်ဥက္ကာက ပြန်လည်ဖြေကြားသည်။


အခမ်းအနားတွင် NCA-S EAO များက ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုတည်ထောင်ရန် မျှော်မှန်းလျက် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အရှိန်အဟုန် ပိုမိုမြင့်မားလာအောင် ဆောင်ရွက်မည်ဖြစ်ကြောင်း ခိုင်မာသော သန္နိဋ္ဌာန်တစ်ရပ် ချမှတ်ထားကြောင်း၊ NCA မှာ အဆုံးသတ်ပန်းတိုင် မဟုတ်ဘဲ နည်းလမ်းတစ်ခုသာဖြစ်ပြီး လက်ရှိ နိုင်ငံရေး အခင်းအကျင်းတွင် NCA သည် သက်ဆိုင်ရာ ပါဝင်သင့် ပါဝင်ထိုက်သူ အစုအဖွဲ့များအကြား အရေးကြီးသော နိုင်ငံရေးအဖြေများကို ရှာဖွေရာတွင် ရှေ့သို့ ချီတက်ရန် အကောင်းဆုံး နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသားများမှာ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အဓိကအရေးပါသူများဖြစ်ကြောင်း၊ NCA လက်မှတ်မထိုးရသေးသည့် EAO များကို NCA လက်မှတ်ရေးထိုးထားသည့် EAO များက နွေးထွေးစွာကြိုဆိုပါကြောင်း စသည့် အချက်များပါဝင်သော သတင်းထုတ်ပြန်ချက် တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး**

## ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုအခြေအနေ




## ဘဏ္ဍာရေးနှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေ




## သက်ကြီး သတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၈**

မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) က ကြီးမှူး၍ နိုဝင်ဘာ ၂၅ ရက်တွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ပေးအပ်ခြင်းနှင့် ဂုဏ်ပြုလွှာများ ပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရန်ကုန်မြို့ Orchid Hotel ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က အဖွင့်အမှာစကားပြောကြားပြီး အလှူငွေများကို အလှူရှင်များက ပေးအပ်ရာ မြန်မာနိုင်ငံသတင်းစာဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များက လက်ခံပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်သည်။

အလှူရှင်များ၏ ကိုယ်စား စွယ်စုံမီဒီယာဂရု(ပ်)၏ CEO ဆရာ ဒေါက်တာတင်ထွန်းဦးက မုဒိတာစကားပြောကြားသည်။

ထို့နောက် MJA တွဲဖက်အတွင်းရေးမှူး (၂) ဒေါ်လတ်လတ်စိုးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ယခုနှစ် ပြုလုပ်မည့် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ပွဲသည် စတုတ္ထအကြိမ်မြောက်ဖြစ်ပြီး ထူးခြားမှုအနေဖြင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပူဇော်ပွဲအတွက် ငွေကျပ်သိန်း ၃၀ နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က သက်ကြီးသတင်းစာပညာရှင်ကြီး တစ်ဦးလျှင် ငွေကျပ်နှစ်သောင်းစီနှင့် အဝတ်အထည်များကို လှူဒါန်းခဲ့ကြောင်း သိရသည်။

ယနေ့အထိ သက်ကြီးပူဇော်ပွဲ ကျင်းပနိုင်ရန် လှူဒါန်းငွေကျပ် စုစုပေါင်း ၁၁၅ သိန်းကျော်ခန့် ရရှိခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းက ကြီးမှူးပြီး စတုတ္ထအကြိမ် သက်ကြီးသတင်းစာပညာရှင်များ ပူဇော်ကန်တော့ပွဲ အခမ်းအနားကို နိုဝင်ဘာ ၂၅ ရက် (စနေနေ့)နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိ အသက် ၇၅ နှစ်ပြည့်ပြီး သက်ကြီးသတင်းစာပညာရှင် ၁၅၀ ကျော်ကို ပူဇော်ကန်တော့မည်ဖြစ်သည်။ သက်ကြီးသတင်းစာ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ထပ်မံထည့်ဝင်လှူဒါန်းလိုပါက မြန်မာနိုင်ငံသတင်းစာ ဆရာအသင်း အခန်း ၆၀၃ အမှတ် ၁၇၃၊ ၁၇၅ ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၅၁၉၊ ၀၉-၄၂၁၀၉၄၆၅၉ တို့သို့ လူကိုယ်တိုင် ဆက်သွယ်လာရောက် လှူဒါန်းနိုင်ပြီး ငွေသားကို ကမ္ဘောဇဘဏ်ငွေစာရင်း အမှတ် (၁၇၃-၃၀၂-၀၀၇၀၃၇၄၈၀၀၁)သို့လည်း ထည့်ဝင်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ **မြန်မာ့အလင်း**

လူထုဘက်စုံဖွံ့ဖြိုးရေးပွဲတော်
လူထုဘက်စုံဖွံ့ဖြိုးရေးပွဲတော်
၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ (၁၊ ၂၊ ၃)ရက်၊ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

## နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် Eni Foundation တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီခွဲက နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ Eni Foundation၏ ပထမ ၁၀ နှစ်တာကာလအတွင်း ဆောင်ရွက်ချက်ဗီဒီယိုဖိုင်ကိုပြသပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက အမှာစကားပြောကြားကာ Eni Foundation ဥက္ကဋ္ဌ Mr.Domenico Noviello နှင့် အတွင်းရေးမှူး Dr. Filippo Uberti တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သာထွန်းကျော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှထွန်း၊ Eni Foundation ဥက္ကဋ္ဌ Mr.Domenico Noviello နှင့် အတွင်းရေးမှူး Dr. Filippo Uberti တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါ နားလည်မှုစာချွန်လွှာကို Eni Foundation က မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ပေးရေးနှင့် အစာအာဟာရချို့တဲ့မှု ကာကွယ်တားဆီး ပေးနိုင်ရေးတို့တွင် မြန်မာနိုင်ငံအစိုးရအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့နှင့် ပူးပေါင်း ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စာအုပ်လမ်းတွင် ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးစာအုပ်များနှင့် သုတရသစာအုပ်များ ရောင်းချပေး

**ရန်ကုန် နိုဝင်ဘာ ၁၈**

ယနေ့သည် စနေနေ့ အားလပ်ရက်ဖြစ်သည်။ ရန်ကုန်မြို့ သိမ်ဖြူလမ်းတွင် ဖွင့်လှစ် ရောင်းချလျက်ရှိသည့် Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းသည် နံနက်ပိုင်းတွင် ရောင်းသူဝယ်သူများ တိတ်ဆိတ်နေသော်လည်း ညနေပိုင်းတွင် စာပေချစ်မြတ်နိုးသူများ၊ လေ့လာသူများနှင့်အတူ ပြန်လည်စည်ကားလျက်ရှိသည်။

စာအုပ်ဆိုင်ပေါင်း ၁၇၀ ခန့်ဖြင့် ဖွင့်လှစ်ရောင်းချလျက်ရှိသော ရန်ကုန်စာအုပ်လမ်းတွင် စာပေချစ်မြတ်နိုးသူ ပရိသတ်များအတွက် ဘာသာရပ်မျိုးစုံ စာအုပ်များ၊ သုတရသ အဟောင်း အသစ်၊ လုံးချင်းဝတ္ထုတို / ဝတ္ထုရှည် စာအုပ်များ၊ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှုဆိုင်ရာ သုတရသစာအုပ်များ၊ ဆေးပညာဆိုင်ရာ စာအုပ်များ၊ အင်္ဂလိပ် မြန်မာအဘိဓာန် စာအုပ်များ၊ ပုံပြင်စာအုပ်မျိုးစုံ၊ ဇာတ်စာအုပ်မျိုးစုံ၊ ကျောင်းသား ကျောင်းသူ ကလေးငယ်များအတွက် ကျောင်းသုံးစာအုပ်များ၊ မြန်မာစာတန်းဖြင့် ရိုက်နှိပ်ထားသော စပို့ရုပ်အင်္ကျီများနှင့် လွယ်အိတ်မျိုးစုံတို့ကို ခင်းကျင်းရောင်းချလျက်ရှိသည်။ အချို့သောစာအုပ်ဆိုင်များသည် စာအုပ်များကို စျေးနှုန်းချိုသာစွာဖြင့် ရာခိုင်နှုန်းလျှော့ ရောင်းချပေးသောကြောင့် စာပေချစ်မြတ်နိုးသူများ ဝယ်ယူအားပေးလျက်ရှိသည်။

ယခု စနေ-တနင်္ဂနွေစာအုပ်လမ်းကို ပြန်ကြားရေးဝန်ကြီးဌာနက စာအုပ်စာပေဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ပူးပေါင်းကူညီမှုဖြင့် ဒုတိယအကြိမ်မြောက် Yangon Book Street စနေ-တနင်္ဂနွေ စာအုပ်လမ်းကို သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့၊ ဗဟိုပုံနှိပ်စက်ရုံရှေ့၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ရန်ကုန်ရုံးခွဲအရှေ့နှင့် ဗဟိုပုံနှိပ်တိုက်၏ အနောက်ရထာလမ်းဘက်ခြမ်းတို့တွင် ဖွင့်လှစ် ရောင်းချပေးလျက်ရှိသည်။

**သတင်း၊ ဓာတ်ပုံ - ဇော်မင်းလတ်**

## Yangon Book Street ၏ တနင်္ဂနွေနေ့ အစီအစဉ်

ရန်ကုန်မြို့သိမ်ဖြူလမ်းတွင် ဖွင့်လှစ်ထားသော Yangon Book Street ၏ တနင်္ဂနွေနေ့ အစီအစဉ်များမှာ-

- နံနက်၁၀ နာရီတွင် Save the Library စာကြည့်တိုက်များကွန်ရက်အဖွဲ့က စီစဉ်သည့် "စာဖတ်သူများ၏ စကားဝိုင်း" အစီအစဉ်၊
- မွန်းလွဲ ၁ နာရီခွဲတွင် ဆရာကျော်ဇင်ကိုကိုနှင့်ဆရာညိုရင့်တို့စီစဉ်သော"စာရေးသူတို့၏ ရသစာဖတ်ဝိုင်း"အစီအစဉ်၊
- ညနေ ၃ နာရီတွင် ဆရာဦးမြတ်ခိုင် (လျှပ်တစ်ပြက်ဂျာနယ်အယ်ဒီတာချုပ်)စီစဉ်သော "ဝတ္ထုထဲကဇာတ်ကောင်များနှင့် စားပြောခြင်း"အစီအစဉ်၌ 'နေခြည်မှာရွှေရည်လောင်း' ရုပ်ရှင်ဇာတ်ကားတွင်ပါဝင်ကြသည့် ဆရာကြီးလယ်တွင်းသားစောချစ်၊သရုပ်ဆောင် ကျော်ထက်အောင်နှင့်အတူ အနုပညာရှင်များက အမှတ်တရလက်မှတ်ရေးထိုးခြင်း၊ ဓာတ်ပုံရိုက်ကူးခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပါသည်။

စာချစ်သူမိတ်ဆွေအားလုံး စာအုပ်ဆိုင်ပေါင်း ၁၇၀ ခန့် ဖွင့်လှစ်ထားသော သိမ်ဖြူစာအုပ်လမ်းသို့ လာရောက်လေ့လာဝယ်ယူရင်း စာပေအနုပညာရှင်များ၏ လာရောက်ဟောပြောမှုများကို နားထောင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း**

### ❊ ကျောဖုံးမှ

အတွေ့အကြုံရှိသော ကျန်းမာရေးဝန်ထမ်းများကို သင်တန်းပေးခြင်း၊ လိုအပ်သောဆေးပစ္စည်းများကို ကာကွယ်ဆေးထိုးအဖွဲ့တိုင်းတွင် ပြင်ဆင်ပေးခြင်း၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲပြဿနာများကို အလေးထား စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း။

တစ်နိုင်ငံလုံးတွင် အသက် ကိုးလမှ ၁၅ နှစ်အတွင်း ကလေး ၁၄ သန်းကျော်ကို ထိုးနှံရန် ၁၅-၁၁-၂၀၁၇ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ ၁၇-၁၁-၂၀၁၇ ရက်နေ့အထိ စုစုပေါင်း ကလေး ငါးသန်းကျော်ကို ထိုးနှံပြီးခဲ့ကြောင်း။ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲ ပြင်းထန်လက္ခဏာများ ဖြစ်ပွားသော ကလေး သုံးဦးရှိခဲ့ကြောင်း၊ ကနဦးပြုစုကုသခြင်းဖြင့် နှစ်ဦးမှာ ပကတိ ပြန်လည်ကောင်းမွန်ခဲ့ကြောင်း။

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်တွင် အသက် ၁၃ နှစ်အရွယ် ကလေး တစ်ဦးသည် ကာကွယ်ဆေးထိုးနှံပြီးနောက် ပြင်းထန်သော နောက်ဆက်တွဲ လက္ခဏာများ ပေါ်ပေါက်သဖြင့် မြို့နယ်ဆေးရုံတွင် ကနဦးပြုစုကုသမှုပေးပြီးနောက် တောင်ကြီးအမျိုးသမီးနှင့် ကလေးဆေးရုံသို့ လွှဲပြောင်းခဲ့သော်လည်း ၁၆-၁၁-၂၀၁၇ ရက်နေ့တွင် သေဆုံးခဲ့သဖြင့် ဗဟိုတိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းမှ စီမံချက်မန်နေဂျာနှင့်အဖွဲ့သည် ယင်းနေ့တွင်ပင် ကွင်းဆင်း၍ သေဆုံးရသည့်အကြောင်းရင်းကို သိရှိရန်နှင့် ၎င်းအကြောင်းရင်းသည် ကာကွယ်ဆေးနှင့်သက်ဆိုင်ခြင်း ရှိ၊ မရှိ သိရှိရန် ရှမ်းပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများနှင့် အတူ ကွင်းဆင်းစစ်ဆေး၍ ခွဲစိတ်စစ်ဆေးချက်များ ပြုလုပ်ခဲ့ကြောင်း။

၁၈-၁၁-၂၀၁၇ ရက်နေ့တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျွမ်းကျင်ပညာရှင်များ၊ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲဖြစ်ပေါ်သော ပြဿနာများကို စုံစမ်းစစ်ဆေးခြင်းကော်မတီ(Adverse Events Following Immunization- AEFI Management Committee)၊ အမျိုးသားအဆင့် ကာကွယ်ဆေးထိုးလုပ်ငန်းဆိုင်ရာ အကြံပေးကော်မတီတို့က ကွင်းဆင်းအဖွဲ့၏ တင်ပြချက်ကို အစည်းအဝေးပြုလုပ်၍ သုံးသပ်ခဲ့ရာ အတည်ပြုနိုင်ရန်အတွက် ၁၉-၁၁-၂၀၁၇ ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ အထူးကုဆရာဝန်ကြီးများနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့တို့မှ တာဝန်ရှိသူများသည် နည်းပညာဆိုင်ရာစုံစမ်းစစ်ဆေးမှုများကို ကွင်းဆင်းပြုလုပ်၍ သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ အလားတူ ကာကွယ်ဆေးထိုးပြီး နောက်ဆက်တွဲပြဿနာများ ဖြစ်ပွားမှု လျော့နည်းစေရန်နှင့် ဘေးကင်းစိတ်ချရသော လုပ်ငန်းဖြစ်စေရန် ထပ်မံအားဖြည့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုးလုပ်ငန်းနှင့်ပတ်သက်၍ မေးမြန်းစုံစမ်းလိုပါက

(၁) ဒေါက်တာသန်းထွန်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်
ဖုန်း- ၀၉၅၄၀၈၉၇၃ နှင့်

(၂) ဒေါက်တာ ထားထားလင်း၊ စီမံချက်မန်နေဂျာ
ဖုန်း- ၀၉၄၂၈၁၈၈၁၈၈ တို့ကို ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်၌ နှစ်ပေခန့်အရှည် ရှားပါး ပင်လယ်လိပ်ကြီးတစ်ကောင် အသေဖမ်းမိ

**မြိတ် နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် အလယ်မာန်ကျေးရွာတွင် နှစ်ပေခန့် အရှည်အစားရှိ ပင်လယ်လိပ်ကြီးတစ်ကောင်ကို နိုဝင်ဘာ ၁၇ ရက်က ဒေသခံများ၏ ငါးဖမ်းပိုက် အတွင်း အသေဖမ်းဆီးရမိခဲ့ကြောင်း ဒေသခံငါးဖမ်းလုပ်သားများထံမှ သိရသည်။

ဘုတ်ပြင်းမြို့နယ် အလယ်မာန်ကျေးရွာရှိ ဒေသခံ ရေလုပ်သားများသည် ကမ်းနီး ပုစွန်ပိုက်ကို ချထားရာမှ ကမ်းနီး ပုစွန်ပိုက်အတွင်း ငြိတွယ်ပါလာခြင်း ဖြစ်ကြောင်း ဒေသခံများ၏ ပြောပြချက်အရ ဘုတ်ပြင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်သိန်းလှိုင်ထံမှ သိရ သည်။

"ပုစွန်ပိုက်ထဲမှာ ပါလာလို့ အသေ ဖမ်းမိတာပါ၊ အရှည်အစားကတော့ နှစ်ပေခန့်လောက် ရှိပါတယ်၊ ရှားပါးမျိုးစိတ် လိပ်ကြီးပါ" ဟု ဦးအောင်သိန်းလှိုင်က ပြောသည်။

အဆိုပါ ပင်လယ်လိပ်ကြီးသည် နိုဝင်ဘာ ၁၇ ရက်က အလယ်မာန်ရွာအနီး ပုစွန်ပိုက် သွားဖြုတ်ရာမှ တွေ့ရှိခြင်းဖြစ်ပြီး ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**မြင့်ဦး(မြိတ်)**

# ကျိုက်ထီးရိုးရင်ပြင်တော်သို့ အရက်သယ်ဆောင်လာသူအား ဖမ်းဆီးအရေးယူ

**ကျိုက်ထို နိုဝင်ဘာ ၁၈**

ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပနေသည့် ကာလ၌ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်သည့် ဧည့်သည်များဖြင့် နေ့ည မပြတ် စည်ကားလျက်ရှိရာ မလိုလားအပ်သည့် ကိစ္စရပ်များ မဖြစ်ပေါ်စေရန် တာဝန်ရှိသူများက အရက်ဘီယာများ ရောင်းချမှုမရှိစေရေးအတွက် ကြပ်မတ်စောင့်ကြည့် စစ်ဆေးမှုကို ပြုလုပ်လျက်ရှိစဉ် နိုဝင်ဘာ ၁၆ ရက် မွန်းလွဲ ၂ နာရီခွဲတွင် အရက်များ သယ်ဆောင်လာသူတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အရက်သယ်ဆောင်လာသူမှာ ကင်မွန်းစခန်းကျေးရွာနေ ကျော်စိုးဖြစ်ပြီး အရက်၁၄ ဘူး သယ်ဆောင်လာခြင်းဖြစ်သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ကင်မွန်းစခန်းနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# မိတ္ထီလာ၌ ကားဝပ်ရှော့တွင် ပြုပြင်ရန်အပ်နှံထားသည့် မော်တော်ယာဉ်နောက်ဖုံးအတွင်းမှ သတ်ဖြတ်ခံထားရသည့် လူနှစ်ဦး၏ ရုပ်အလောင်းနှစ်လောင်းတွေ့ရှိ

**မိတ္ထီလာ နိုဝင်ဘာ ၁၈**

မိတ္ထီလာမြို့ ဈေးအရှေ့ပြင် ရပ်ကွက် ခြသေ့်ကြီးနှစ်ကောင် တိုက်တန်းအနီး ကားဝပ်ရှော့တွင် ပြုပြင်ရန် အပ်နှံထားသော မော်တော်ယာဉ် နောက်ဖုံးအတွင်းမှ သတ်ဖြတ်ခံထားရသည့် လူနှစ်ဦး၏ ရုပ်အလောင်းအား နိုဝင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီခွဲခန့်က တွေ့ရှိခဲ့ကြောင်း သိရသည်။

"ခြသေ့်ကြီးနှစ်ကောင် တိုက်တန်းအနီး ဖွင့်လှစ်ထားသည့် ကားဝပ်ရှော့ပိုင်ရှင် ဦးမြသိန်းက သူ့ဝပ်ရှော့မှာ ပြုပြင်ဖို့ အပ်နှံထားတဲ့ မော်တော်ယာဉ်နောက်ဖုံးထဲက မသင်္ကာဖွယ်ရာ အနံ့အသက်တွေရတာမို့ ကျွန်တော် မြို့မရဲစခန်းကို ဖုန်းနဲ့ ဆက်သွယ်အကြောင်းကြားခဲ့ပါတယ်၊ ကျွန်တော်နဲ့အတူ စခန်းမှူး ဒုရဲမှူးခင်မောင်စိုးနဲ့ ရဲတပ်ဖွဲ့ဝင်တွေ၊ တာဝန်ရှိသူတွေက အသိသက်သေတွေနဲ့အတူ အဲဒီ မော်တော်ယာဉ်နောက်ဖုံးကို ဖွင့်ကြည့်တဲ့အခါ သတ်ဖြတ်ခံထားရတဲ့ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးတို့ရဲ့ ရုပ်အလောင်းတွေကို တွေ့ရှိခဲ့တာပါ" ဟု ဈေးအရှေ့ပြင်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးရဲအောင်မြင့်က ပြောသည်။

အဆိုပါ မော်တော်ယာဉ်မှာ နိုဝင်ဘာ ၁၇ ရက် နံနက်ပိုင်းက ရတနာမာရ်ရပ်ကွက် ဇွဲရုပ်ရှင်ရုံဟောင်းအနီးရှိ လူထိုင်အုတ်ခုံကို ဝင်တိုက်ထားပြီး မော်တော်ယာဉ်မောင်းသူက ကားပြင်သူ သွားခေါ်မည်ဟုဆိုကာ ထွက်ခွာသွားရာမှ ပြန်လည် ရောက်ရှိလာခြင်းမရှိဘဲ မော်တော်ယာဉ်အား ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်နှစ်ဦးနှင့် တပ်ထိန်းအဖွဲ့မှ လာရောက် စစ်ဆေးကာ ဦးမြသိန်း၏ ကားဝပ်ရှော့တွင် ထားခဲ့သည်။

သက်ဆိုင်ရာ တာဝန်ရှိသူများ၏ စုံစမ်းဖော်ထုတ်ချက်အရ သေဆုံးသူမှာ မန္တလေးမြို့တွင် နေထိုင်သည့် စိုင်းစိုးအောင် (၃၀ နှစ်)ခန့်နှင့် မလင်းလင်းအသက် (၃၀ နှစ်) ခန့်ရှိသည့် ဇနီးမောင်နှံနှစ်ဦးဖြစ်ကြောင်း၊ နစ်ဆန်းယာဉ်မှာ အမှတ် 9 J/----- အဖြူရောင် ဆလွန်းယာဉ်ဖြစ်ပြီး သက်ဆိုင်ရာက ဖြစ်စဉ်နှင့် ပတ်သက်၍ မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**(၀၄၇)**



# ရေပူ ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ပိတောက်ခွားရွှေတုံးများ ဖမ်းမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ရက်၌ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၇ ရက်၌ မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၅၁ စီး ၊ သွင်းကုန် ၈၉၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၃၅ စီး ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၁၇ ရက်၌ ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၅ ဒသမ ၈၈၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၈၆၆ သန်းခန့် စုစုပေါင်းတားဆီးမှု ၂၅ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀ ဒသမ ၇၅၁ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် နိုဝင်ဘာ ၁၇ ရက်၌ မန္တလေးမြို့နှင့် မူဆယ်မြို့များသို့ သွားရောက်မည့်ယာဉ်များအား ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှစစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၈)မိုင် ရေပူကျေးရွာအနီး ရပ်တန့်ထားသော Toyota Probox ယာဉ်အား စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခွားရွှေသစ် ၂၈ တုံး၊ ၀ ဒသမ ၆၃၇၆ တန်နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၅ ဒသမ ၄၁၂ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# မောင်တောမြို့တွင် ငွေကျပ် သိန်း ၁၉၅၀၀ တန်ဖိုးရှိ စိတ်ကြွ ရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၄၆)မောင်တောမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်မွန်းလွဲ ၂ နာရီခွဲက မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် ကင်ရီကျေးရွာ အန်နာယော့တူလာ၏ ကုန်စုံဆိုင်ကို ရှာဖွေရာ ခရီးဆောင်အိတ် နှစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၂၅၀၀ ကို လည်းကောင်း၊ ကွင်းဆက်အရ မွန်းလွဲ ၃ နာရီတွင် မောင်တောမြို့ မြို့မအရှေ့ရပ်ကွက် ကင်ရီကျေးရွာ အီးနူးစ်၏ ဂိုဒေါင်ကို ရှာဖွေရာ ဂိုဒေါင်အတွင်းရှိ ခရီးဆောင်အိတ် ခြောက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၈၂၅၀၀ ကို လည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက ဟိုပုံးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဟိုပုံးမြို့နယ် ပေါင်းလင်းကျေးရွာအုပ်စု နမ့်ပါချီး-ဒုံမီးခိုးကျေးရွာ ကားလမ်းတွင် စိုင်းပိ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ ဘိန်းစိမ်း ၁၅ ဒသမ ၅၁၃၄ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**



အန်နာယော့တူလာ အား ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်

# ပန်းတောင်းမြို့နယ်၌ မီးကြွင်းမီးကျန်မှ လူနေအိမ်နှစ်လုံး မီးလောင်မှုဖြစ်

**ပန်းတောင်း နိုဝင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာအုပ်စု ရွာလယ်လမ်းရှိ ဦးမောင်ကို တောင်ယာထဲသွားနေစဉ် နိုဝင်ဘာ ၁၈ ရက်က မီးကြွင်းမီးကျန်မှ စတင်၍ လောင်ကျွမ်းခဲ့ပြီး ဒေါ်သန်းစော အိမ်အပါအဝင် နေအိမ်နှစ်လုံး မီးလောင် ဆုံးရှုံးခဲ့သည်။

မီးလောင်ရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ နယ်မြေခံ တပ်မတော်သားများနှင့် တာဝန်ရှိသူများ၊ ကျေးရွာနေ ပြည်သူများ၊ မြို့နယ်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဥသျှစ်ပင်မြို့ မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းပေါင်းစုံမှ လူမှုရေးအဖွဲ့ဝင်များ ဝိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**သိန်းတိုး**

# ဒလမြို့နယ်တွင် အမျိုးသားတစ်ဦး မျက်နှာပေါ်ဒဏ်ရာများစွာဖြင့် အသတ်ခံရမှုဖြစ်ပွား

**ဒလ နိုဝင်ဘာ ၁၈**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ် ပျော်ဘွယ်ကြီးနယ်မြေ ရဲစခန်းပိုင် တံတားချောင်းကျေးရွာအုပ်စု စံပြကျေးရွာ ၄ လမ်းရှိ နေအိမ်တစ်အိမ်တွင် နိုဝင်ဘာ ၁၇ ရက်နံနက်က အမျိုးသားတစ်ဦး မျက်နှာပေါ်တွင် ဒဏ်ရာများစွာဖြင့် အသတ်ခံရမှု ဖြစ်ပွားခဲ့သည်။

အသတ်ခံရသူမှာ ဦးဒါကျူး(ခ)အပါဦး(ခ)လှမိုး (၃၂ နှစ်) စံပြကျေးရွာ ၄ လမ်းနေသူဖြစ်ပြီး ဒဏ်ရာများဖြင့် နေအိမ်အရှေ့ခန်းတွင် သေဆုံးနေခြင်းဖြစ်သည်။

ထိုလူသတ်မှုနှင့်ပတ်သက်၍ ဒလမြို့နယ် ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းက အမှုဖွင့် စစ်ဆေးကာ တရားခံကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# ပင်လည်ဘူးမြို့နယ်တွင် မူးယစ်ဆေးဝါးများနှင့် လုပ်သေနတ်နှစ်လက် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၈**

မိချောင်းအင်းရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁၆ ရက် နံနက်ပိုင်းက ပင်လည်ဘူးမြို့နယ် သင်ပေါင်းကျင်းကျေးရွာတွင် ဇော်ဝင်းအား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၁၆ ပြား ၊ လုပ်သေနတ် တစ်လက်၊ ယမ်းမှုန့် တစ်ဘူး၊ ယမ်း နှစ်ခွေ၊ ယမ်းခွက် ခုနစ်ခု၊ ခဲသီး ကျည်ခြောက်လုံးနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အလားတူ ပင်လည်ဘူးမြို့နယ် အောင်းကုန်းကျေးရွာနေ ထွန်းနိုင်ဝင်း၏နေအိမ်ကိုရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၀၂ ဂရမ် ၊ စိတ်ကြွရူးသွပ်ဆေး ငါးပြားနှင့် လုပ်သေနတ်တစ်လက်တို့ကို လည်းကောင်း။

အလားတူ ယင်းနေ့မွန်းတည့် ၁၂ နာရီက မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး(တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်ဆည်မြို့နယ် ပတ္တာကျေးရွာအုပ်စု ထနောင်းပင်လှကျေးရွာကွင်း ရန်ကုန်-မန္တလေးလမ်းဟောင်း Super-9 စားသောက်ဆိုင်ကို ရှာဖွေရာ မင်းသူ(ခ) မင်းကြူ (ခ)အာရာဖတ်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၊ ငွေကျပ် ၅၂၀၀၀ နှင့် မော်တော်ဆိုင်ကယ်တစ်စီးတို့ကို လည်းကောင်း။

ထို့အတူ မွန်းလွဲ ၁၂ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်ကွက် ၅၇ လမ်း၊ လေးမျက်နှာတိုက်တန်း တိုက်အမှတ်(၁၃) ဇီဝကဆေးခန်းကို ရှာဖွေရာ ဆေးခန်းအတွင်းမှ TRAMADOL ဆေးတောင့် ၂၂၀၀ ၊ Diazepam ထိုးဆေး ၈၅၄ လုံးနှင့် Alprazolam ဆေးပြား ၁၄၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# ရုရှားက ဗီတိုအာဏာဖြင့် ပယ်ချပြီးနောက် ဆီးရီးယား အဆိပ်ဓာတ်ငွေ့ဖြင့် တိုက်ခိုက်မှု စုံစမ်းစစ်ဆေးခြင်းကို အဆုံးသတ်




**ဂျီနီဗာ နိုဝင်ဘာ ၁၈**

ဆီးရီးယားနိုင်ငံတွင် အဆိပ်ဓာတ်ငွေ့များ အသုံးပြုကာ တိုက်ခိုက်ခဲ့ခြင်းနှင့်ပတ်သက်၍ အပြစ်ရှိသူအား စုံစမ်းစစ်ဆေးနေမှုကို သောကြာနေ့က အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း သိရသည်။ စုံစမ်းစစ်ဆေးမှုကို ဆက်လက်လုပ်ဆောင်နိုင်ရေးအတွက် အချိန်ကာလ တိုးချဲ့ပေးရန် အမေရိကန်ပြည်ထောင်စုမှ တာဝန်ရှိသူက တောင်းဆိုခဲ့သည်ကို ရုရှားက တတိယအကြိမ် ကန့်ကွက်ပိတ်ပင်ခဲ့ပြီးနောက် ထိုသို့ စုံစမ်းမှုကို အဆုံးသတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ရုရှားသည် ယင်းစုံစမ်းစစ်ဆေးမှုကို ယုံကြည်စိတ်ချရခြင်းမရှိသည့် စုံစမ်းစစ်ဆေးမှုအဖြစ် ပြစ်တင်ရှုတ်ချခဲ့သည်။ ပြီးခဲ့သည့် နှစ်နှစ်အတွင်း ကုလသမဂ္ဂနှင့် ဓာတုလက်နက်ပိတ်ပင်တားဆီးရေးအဖွဲ့တို့ ပါဝင်သည့် ပူးပေါင်းအဖွဲ့၏ စုံစမ်းစစ်ဆေးမှုသည် ပြီးခဲ့သည့် ဧပြီလ တိုက်ခိုက်မှုအတွင်း ဆီးရီးယားအစိုးရက အာရုံကြောထိခိုက်စေသည့် ဆိုင်ရင်းအဆိပ်ငွေ့ကို အသုံးပြုခဲ့ကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် ဆီးရီးယားအစိုးရသည် ကလိုရင်းဓာတ်ငွေ့ကိုလည်း ဓာတုလက်နက်အဖြစ် အကြိမ်ကြိမ်အသုံးပြုခဲ့ကြောင်း တွေ့ရှိခဲ့သည်။

အဆိပ်ဖြစ်စေသည့် ဓာတ်ငွေ့များ အသုံးပြုခဲ့သည်ဟုဆိုကာ အိုင်အက်စ်စစ်သွေးကြွများကိုလည်း အဖွဲ့က ပြစ်တင်ရှုတ်ချခဲ့သည်။

ရုရှားသည် ပြီးခဲ့သည့် သောကြာနေ့က အဆိပ်ငွေ့ဖြင့် တိုက်ခိုက်မှုအား စုံစမ်းစစ်ဆေးခြင်းကို တစ်လထပ်ဆောင်းရန် ဂျပန်က မူကြမ်းရေးဆွဲခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဖြေရှင်းမှုကို ဗီတိုအာဏာဖြင့် ပယ်ချခဲ့သည်။ ပြီးခဲ့သည့် အောက်တိုဘာ ၂၄ ရက်နှင့် ယခုလ နိုဝင်ဘာ ၁၇ ရက်တို့တွင် အမေရိကန်က မူကြမ်းရေးဆွဲခဲ့သည့် ဆောင်ရွက်ချက်ကို ရုရှားက ပိတ်ပင်ခဲ့ပြီးနောက်တွင် ရုရှားက ထပ်မံပိတ်ပင်ခဲ့ခြင်းကြောင့် စုံစမ်းစစ်ဆေးမှု အဆုံးသတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ရိုက်တာ**

## ဗြိတိန်၌ ရဟတ်ယာဉ်နှင့် လေယာဉ်တစ်စင်း ပျံသန်းနေစဉ် တိုက်မိရာ လူအချို့သေဆုံး

**လန်ဒန် နိုဝင်ဘာ ၁၈**

ဗြိတိန်၌ သောကြာနေ့က ရဟတ်ယာဉ်တစ်စင်းနှင့် အပေါ့စားလေယာဉ်တစ်စင်းတို့သည် လေကြောင်းပျံသန်းမှု ပြုလုပ်နေစဉ်အတွင်း တိုက်မိခဲ့ရာ လူအချို့ သေဆုံးသွားကြောင်း သိရသည်။ တောင်ပိုင်း ဗဟိုလူနာတင်ယာဉ်ဝန်ဆောင်မှုအဖွဲ့က အခင်းဖြစ်ပွားမှုတွင် သေဆုံးသူများရှိကြောင်း အတည်ပြုပြောကြားခဲ့သည်။

ရဟတ်ယာဉ်နှင့် အပေါ့စားလေယာဉ်တို့မှ အစိတ်အပိုင်း အပျက်အစီးများကို ဘက်ကင်ဟမ်ရှိုင်းယားရှိ ဝင်ချီဒန်အနီးရှိ သမိုင်းဝင် ဝါဒက်ဆန်မာနာ ရေိယာ အနီးတွင် ရှာဖွေတွေ့ရှိခဲ့သည်။

မျက်မြင်သက်သေများက ၎င်းတို့သည် ကျယ်လောင်စွာ တိုက်မိသည့်အသံကို ကြားလိုက်ရပြီးနောက် လေယာဉ်တိုက်မိခြင်းဖြစ်ကြောင်း သိရှိခဲ့ရကြောင်း ပြောပြခဲ့သည်။ ယင်းယာဉ်နှစ်စင်းလုံးသည် ဝိုင်ကွမ်ဘီလေဆိပ်မှ ထွက်ခွာခဲ့ပြီးနောက် အနိမ့်ပျံသန်းနေစဉ် တိုက်မိခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ ရဲများသည် အခင်းဖြစ်ပွားသည့် မူလအခြေအနေကို သိရှိနိုင်ရေးအတွက် လေယာဉ်တိုက်မိမှု ဖြစ်ပွားခဲ့သည့် နေရာတစ်ဝိုက်ကို ပိတ်ဆို့ထားမှုများ ပြုလုပ်ခဲ့ကြသည်။

အသက်ကယ်နိုင်ရေးသည် ပထမဦးစားပေးဖြစ်ရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူနာတင်ယာဉ်များသည် Aylesbury အနီးရှိ အခင်းဖြစ်ပွားရာသို့ အမြန်ဆုံးရောက်ရှိလာခဲ့ကြကြောင်း Thames Valley ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

အပျက်အစီးများ ကျရောက်နေသည့်နေရာတွင် အသက်ရှင်ကျန်ရစ်သူများ ရှိမရှိ ရှာဖွေရန်အတွက် မီးသတ်တပ်ဖွဲ့ ဒရုန်းယာဉ်ကို ပျံသန်းစေခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။ **ဆင်ဟွာ**



## မြောက်ကိုရီးယားနှင့် ဆက်ဆံမှုကို ဆူဒန်ဖြတ်တောက်

**ဝါရှင်တန် နိုဝင်ဘာ ၁၈**

ဆူဒန်နိုင်ငံသည် မြောက်ကိုရီးယားနှင့် ကုန်သွယ်ရေးနှင့် စစ်ရေးအရဆက်ဆံမှုကို ဖြတ်တောက်သွားရန် ကတိပေးအပ်ခဲ့ကြောင်း အမေရိကန်က ပြောကြားခဲ့သည်။

ဆူဒန် နိုင်ငံခြားရေးဝန်ကြီးဌာနသည် အမေရိကန် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဂျွန်ဆူလီဗန်နှင့် တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ပြီးနောက် မြောက်ကိုရီးယားနှင့် ဆက်ဆံရေးဖြတ်တောက်ရန် ဆုံးဖြတ်လိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုဝင်ဘာ ၁၆ ရက်က ထုတ်ပြန်ကြေညာချက်တွင် ပြောခဲ့သည်။

ဆူဒန်၏ ဆုံးဖြတ်ချက်ကို အမေရိကန်က ဝမ်းသာလှိုက်လှဲ ကြိုဆိုခဲ့ပြီး ဆူဒန်၏ ကတိပေးအပ်မှုအတိုင်း အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေး ဆက်လက် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ခ်ျကေ**

## သမ္မတမူဂါဘီ နုတ်ထွက်တော့မည့်အတွက် ဇင်ဘာဘွေ နိုင်ငံသားများ ပျော်ရွှင်သည့် အထိမ်းအမှတ်ပြုလုပ်

**ဟာရာရီ နိုဝင်ဘာ ၁၈**

ဇင်ဘာဘွေ နိုင်ငံသား ထောင်ပေါင်းများစွာတို့သည် စနေနေ့က ဟာရာရီရှိ လမ်းများပေါ်တွင် ပြည့်နှက်ကာ စုရုံးရောက်ရှိနေကြပြီး သမ္မတရောဘတ်မူဂါဘီ ရာထူးမှ နုတ်ထွက်တော့မည့်အရေးကို ဝမ်းမြောက်ပီတိဖြစ်သည့် အနေဖြင့် နိုင်ငံတော်အလံများကို ကိုင်ဆောင်ဝှေ့ယမ်းကာ ကခုန်ခဲ့ကြကြောင်း သိရသည်။

ပျော်ရွှင်ရလွန်း၍ ကျသည့် မျက်ရည်များပင်ဖြစ်ကြောင်း ဇင်ဘာဘွေအလံကို ကိုင်ဆောင်ထားသည့် အသက် ၃၄ နှစ်ရှိပြီဖြစ်သည့် ဖရန့်မတ်ဆင်ဒီကွာက ရိုက်တာသို့ ပြောကြားခဲ့သည်။ ယခုလို နေ့ရက်မျိုး ရောက်ရှိလာရန် ၎င်း၏ တစ်ဘဝလုံး စောင့်စားနေခဲ့ရကြောင်း၊ နောက်ဆုံးတွင် လွတ်လပ်မှုကို ရရှိခဲ့ပြီဖြစ်ကြောင်း မတ်ဆင်ဒီကွာက ပြောကြားခဲ့ကြောင်း သိရသည်။ **ရိုက်တာ**




## နျူကလီးယားပြဿနာ ဖြစ်ပွားနေချိန်တွင် မြောက်ကိုရီးယားဘက်မှ အချက်ပြဆက်သွယ်မှု မရရှိသေးကြောင်း အမေရိကန်သံတမန်ပြောကြား

**ဆိုးလ် နိုဝင်ဘာ ၁၈**

တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် မြောက်ကိုရီးယား နျူကလီးယားပြဿနာကို ငြိမ်းချမ်းစွာ အဆုံးသတ်နိုင်ရေးအတွက် အတူတကွ ဆက်လက် ဆောင်ရွက်သွားကြရန် သောကြာနေ့တွင် သဘောတူညီခဲ့ကြကြောင်း သိရသည်။

သို့သော် အမေရိကန်သံတမန်က လတ်တလောတွင် နျူကလီးယားအရေးနှင့်ပတ်သက်၍ မြောက်ကိုရီးယားဘက်မှ မည်သည့် အချက်ပြ တုံ့ပြန်မှုမျိုးမျှ ပေါ်ထွက်မလာသေးသည့်အတွက် မှန်းဆရန်ခက်ခဲကြောင်း ပြောကြားခဲ့သည်။

မြောက်ကိုရီးယားသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အရေးယူဆောင်ရွက်မှုများကို ဂရုမစိုက်ဘဲ နိုင်ငံအတွင်း နျူကလီးယားနှင့် ဒုံးကျည် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို ဆောင်ရွက်နေသည့်အတွက် ထိုသို့ ဆောင်ရွက်နေမှုများကို အဆုံးသတ်ရန် နိုင်ငံတကာက ဖိအားပေးမှုများကို ရင်ဆိုင်ရလျက်ရှိသည်။

သို့သော် မြောက်ကိုရီးယားသည် အမေရိကန်ပြည်ထောင်စု၏ ကျူးကျော်ရန်စလာနိုင်မှုကို ရင်ဆိုင်ရန် လိုအပ်သည့်အတွက် ၎င်း၏ နျူကလီးယားနှင့် လက်နက်များ ဖွံ့ဖြိုးရေးဆောင်ရွက်နေမှုကို ဘယ်သောအခါမျှ လက်လျှော့လိမ့်မည်မဟုတ်ကြောင်း ယခင်က အလေးအနက် ပြောကြားခဲ့သည်။

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့ ပြီးခဲ့သည့် ရက်သတ္တပတ်က တွေ့ဆုံခဲ့ပြီးနောက်တွင် ကိုရီးယားငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာများအတွက် တောင်ကိုရီးယား၏ အထူးကိုယ်စားလှယ် လီဒိုဟွန်းနှင့် အမေရိကန်ကိုယ်စားလှယ် ဂျိုးဆက်ဖ် ယွန်တို့သည် တောင်ပိုင်း ဂျယ်ဂျူအပန်းဖြေကျွန်းတွင် တွေ့ဆုံခဲ့ကြသည်။

မြောက်ကိုရီးယား၏ နျူကလီးယားအရေးနှင့်စပ်လျဉ်း၍ သမ္မတနှစ်ဦးစလုံးက ငြိမ်းချမ်းသောနည်းလမ်းဖြင့်သာ အဖြေရှာလိုသည်မှာ သံသယဖြစ်ဖွယ်ရာမရှိကြောင်း ယွန်က သတင်းထောက်များအား ပြောကြားခဲ့ကြောင်း ယွန်ဟတ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ထရန့်သည် မူလက မြောက်ကိုရီးယားနှင့် နောက်ထပ်ဆွေးနွေးရန် မရှိတော့ကြောင်း ပြောကြားခဲ့သော်လည်း ဆိုးလ်သို့ သွားရောက်သည့် ခရီးစဉ်အတွင်း ပျော့ပျောင်းသည့် သဘောထားကို ဖော်ပြခဲ့သည်။

**ရိုက်တာ**

နိုင်ငံတကာ သတင်းတိုထွာ

## လေယာဉ်ပျက်ကျရာတွင် လေးနှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အသက်ရှင်ခဲ့

**မော်စကို နိုဝင်ဘာ ၁၈**

ရုရှားနိုင်ငံ အရှေ့ဖျားဒေသတွင် လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခြောက်ဦးသေဆုံးခဲ့သော်လည်း လေးနှစ်အရွယ်မိန်းကလေးငယ်တစ်ဦး အသက်ရှင်ကျန်ရစ်ခဲ့ကြောင်း ခါဘာရော့ဗ်နယ်မြေ အာဏာပိုင်များက ယမန်နေ့တွင် ပြောခဲ့သည်။

အဆိုပါလေယာဉ်သည် ခါဘာရော့ဗ်မြို့မှထွက်ခွာလာပြီးနောက် ရုရှားအရှေ့ဖျားဒေသ နယ်ခန်ကျေးရွာ၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

လေယာဉ်ပေါ်တွင် ခရီး သည်ငါးဦးနှင့် လေယာဉ်ဝန်ထမ်းနှစ်ဦးတို့ လိုက်ပါလာကြောင်း သိရသည်။

လေယာဉ်ပျက်ကျခဲ့သောနေရာတွင် ကံကောင်းထောက်မ၍ အသက်လေးနှစ်အရွယ်မိန်းကလေးတစ်ဦးကို အသက်ရှင်လျက်တွေ့ရှိခဲ့ကြောင်း၊ ခြေထောက်ကျိုးခြင်းနှင့် ဦးနှောက်ထိခိုက်မှုများ ကုသရန် ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။ လေယာဉ်ပျက်ကျမှုကို စုံစမ်းရန် မော်စကိုမှ အထူးကော်မရှင်တစ်ရပ် ယမန်နေ့က ရောက်ရှိလာခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံ၏ အရန်ငွေကြေးမှာ အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံအထိ မြင့်တက်

**ဟနွိုင်း နိုဝင်ဘာ ၁၈**

ဗီယက်နမ်ဗဟိုဘဏ်က နိုင်ငံ၏ အရန်ငွေကြေးမှာ နိုဝင်ဘာလလယ်လောက်တွင် အမေရိကန်ဒေါ်လာ ၄၆ ဘီလီယံထိ စံချိန်တင်မြင့်တက်ခဲ့ကြောင်း ပြောခဲ့သည်။

လွန်ခဲ့သော အောက်တိုဘာလက အရန်ငွေကြေးမှာ တစ်ဘီလီယံအထိမြင့်တက်လာခဲ့ကြောင်း ဗီယက်နမ်ဗဟိုဘဏ်ဥက္ကဋ္ဌ ငုယင်မင်ဟွမ်က လွှတ်တော်တွင် မေးခွန်းများသွားရောက်ဖြေကြားစဉ် ပြောကြားခဲ့သည်ဟု ဒေသတွင်း ဗန်အိတ်စပရက်သတင်းစာတွင် ယနေ့ဖော်ပြသည်။

လွန်ခဲ့သော ဇွန်လနှောင်းပိုင်းမှ စတင်ကာ အရန်ငွေကြေးသည် လေးဘီလီယံအထိ မြင့်တက်လာခဲ့ကြောင်းနှင့် ၂၀၁၆ခုနှစ်နှောင်းပိုင်းတွင် ငါးဘီလီယံအထိ မြင့်တက်ခဲ့ကြောင်း ဗီယက်နမ်နိုင်ငံဗဟိုဘဏ်၏ ပြောကြားချက်အရသိရသည်။ ပထမ ၁၀ လအတွင်း ဗီယက်နမ်နိုင်ငံ၏ ကုန်သွယ်မှုပို‌ငွေပမာဏသည် ၁ ဒသမ ၂ ဘီလီယံကျော်ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ အကောက်အခွန်ဌာန၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြခဲ့သည်။

ဆင်ဟွာ

# ငလျင်အတွင်းမှ နိုင်ငံရေး အားပြိုင်မှုများ

*တင်လင်းအောင်*




အီရန်အာဏာရ အထက်တန်းလွှာတွေကြား နိုင်ငံရေးအားပြိုင်မှုတွေဟာ သမားရိုးကျပုံစံမှ ဒုက္ခသည်ကယ်ဆယ်ရေးကို အပြိုင်အဆိုင် အင်တိုက်အားတိုက်လုပ်တဲ့ ပုံစံသစ်တစ်မျိုးအဖြစ် ပြောင်းလဲလာခဲ့ပါတယ်။

မကြာသေးမီက အီရန်-အီရတ်နယ်စပ်မှာ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ရာလူပေါင်း ၅၃၀ ထက်မနည်း သေဆုံးခဲ့ပါတယ်။ အဲလို လူပေါင်း ၅၃၀ ထက်မနည်းသေဆုံးခဲ့ပြီး ဒဏ်ရာအများအပြားရခဲ့တဲ့ ငလျင်ကို အကြောင်းပြုပြီး နိုင်ငံရေးနေရာလုမှုတွေကို အီရန်အာဏာရ အထက်တန်းလွှာတွေကြားမှာ အပြိုင်အဆိုင် သူ့ထက်ငါ လုပ်ဆောင်နေကြပြီး အာဏာရရှိရေး ကြိုးစားနေကြတာဟာ ကြားရတာနားဝမှာ မချမ်းသာစရာပါ။

တချို့အတိုက်အခံ မီဒီယာတွေက အကျိုးမျှော်ဝါဒကိုင်ဆွဲကျင့်သုံးနေတဲ့ သမ္မတဟက်ဆန်ရူဟာနီအစိုးရကို လွန်ခဲ့တဲ့ ရက်သတ္တပတ်ကဖြစ်ပွားခဲ့တဲ့ အလွန်ဝမ်းနည်းကြေကွဲစရာကောင်းတဲ့ ငလျင်အပေါ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်မှုနှေးကွေးတယ်လို့ စွပ်စွဲခဲ့ကြပါတယ်။ တစ်ဖက်ကလည်း အာဏာယှဉ်ပြိုင်ဘက်ဖြစ်တဲ့ တော်လှန်ရေးအင်အားစုတွေရဲ့ အကူအညီပေးရေးလုပ်ဆောင်မှုတွေကို မီးမောင်းထိုးဖော်ပြခဲ့ပါတယ်။

ငလျင်ဒဏ်ကြောင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသူ ထောင်ပေါင်းများစွာအတွက် လုံလောက်တဲ့ အကူအညီတွေ ပေးပို့ပြီးဖြစ်တယ်လို့ အစိုးရက ပြော ကြားခဲ့ပေမယ့် ရူဟာနီ အစိုးရရဲ့ ပြိုင်ဘက်တော်လှန်ရေးအင်အားစုတွေနဲ့ နီးစပ်တဲ့ခံယူချက် ပြင်းထန်တဲ့ မီဒီယာတွေကတော့ ငလျင်ဒုက္ခသည်တွေဟာ ချမ်းအေးလွန်းတဲ့ အအေးဒဏ်ကို အန်တုရင်း ခိုလှုံစရာကင်းမဲ့နေတယ်လို့ ဆိုပါတယ်။

အခုကိစ္စက ပြင်ပကမ္ဘာနဲ့ ထိတွေ့ဆက်ဆံမှုတွေပိုလုပ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရမယ်လို့ ကြွေးကြော်ထားတဲ့ သမ္မတနဲ့ အတိုက်အခံအင်အားစုတွေကြား အာဏာလွန်ဆွဲနေမှုအပေါ် အကျိုးသက်ရောက်မှုတွေ ရှိလိမ့်မယ်လို့ ရူဟာနီရဲ့ မိတ်ဖက်တွေက ပြောခဲ့ပါတယ်။

ရူဟာနီဟာ နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်လို့ သူ့ရဲ့မဟာမိတ်တစ်ဦးက ပြောခဲ့ပါတယ်။ အခုလို ဝမ်းနည်းစရာကောင်းတဲ့ ကိစ္စရပ်မှာတောင် ဒီလိုတွေ တွေ့နေရတာ စိတ်မကောင်း ဖြစ်မိပါတယ်။ တကယ်တမ်းတော့ ညီညွတ်ဖို့ လိုအပ်ပါတယ်လို့ ရူဟာနီရဲ့မိတ်ဆွေတစ်ဦးကပြောခဲ့ပါတယ်။ သူတို့ဟာ သူတို့ရဲ့ အစိုးရကို တိုက်ခိုက်နေပြီး အခုလိုအခြေအနေမှာ အစိုးရအနေနဲ့ လူတွေကို ကူညီမှုတွေ လုပ်ဆောင်တာ ညံ့ဖျင်းတယ်ဆိုပြီး ပြောဖို့ကြိုးစားနေကြပါတယ်လို့ ရူဟာနီရဲ့ မိတ်ဆွေတစ်ဦးက ဆက်လက်ပြောကြားခဲ့ပါတယ်။

ငလျင်ပြင်းအား ၇ ဒသမ ၃ ရစ်ချ်စတာစကေးအဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခုလှုပ်ပြီး မကြာမီအချိန်လေးအတွင်းမှာ အီရန်ဟာ ဆယ်စုနှစ်တစ်နှစ်ကျော်အတွင်း သမိုင်းမှာ အဆိုးရွားဆုံး အခြေအနေဆိုက်ရောက်ခဲ့ပါတယ်။ နိုင်ငံပိုင်ရုပ်မြင်သံကြားမှာလည်း အနောက်ဘက်ကာမန်ရှပြည်နယ်အနောက်ပိုင်း ရွာတွေဟာ ငလျင်ကြောင့် ပျက်စီးဆုံးရှုံးခဲ့တယ်ဆိုတာကို သိသိသာသာ ရိုက်ပြထားပါတယ်။

အီရန်ဟာ လက်ရှိအချိန်အထိ နိုင်ငံခြားအကူအညီတွေကို ယဉ်ယဉ်ကျေးကျေးငြင်းပယ်ထားပါတယ်။ လေယာဉ်အပြည့်တင်ထားတဲ့ အဆင်သင့်ဆောက်တဲတွေ၊ စောင်တွေ၊ မွေ့ရာတွေနဲ့ အရေးပေါ်အစားအစာတွေလည်း ငလျင်ဒဏ်ခံဒေသမှာရှိတဲ့ အိမ်ပေါင်းအနည်းဆုံး ၃၀၀၀၀ လောက်ကို ရောက်နှင့်နေပြီလို့ ပြောပါတယ်။ ငလျင်ကြောင့် အချို့ရွာတွေဟာ လုံးဝကိုပျက်စီးသွားခဲ့ပါတယ်။

တချို့အတိုက်အခံ မီဒီယာတွေဖြစ်တဲ့ တက်စ်နင်နဲ့ ဖားစ်မီဒီယာတွေက အရာတိုလာအလီခါမေနီသစ္စာခံအထက်တန်းလွှာအုပ်စုနဲ့ ဘက်စ်ဆစ်ဂျ်အုပ်စုစတဲ့ အတိုက်အခံအင်အားစုတွေဟာ အခုချိန်မှာ ငလျင်ဒဏ်သင့်ဒေသရှိ လူတွေကို ကူညီပေးနေတာကို မီးမောင်းထိုး ရေးသားဖော်ပြခဲ့ကြပါတယ်။

ခါမေနီက နိုင်ငံတော်အဆင့်အေဂျင်စီအဖွဲ့များကို ငလျင်နဲ့ ပတ်သက်တဲ့ ဆောင်ရွက်မှုတွေ အရှိန်မြှင့်လုပ်ဆောင်ဖို့ တိုက်တွန်းပြောကြားခဲ့ပါတယ်။ ဒီဘေးဒုက္ခဟာ အာဏာပိုင်တွေအနေနဲ့ သူတို့ ရဲ့အလုပ်တွေကို အကောင်းဆုံးစွမ်းဆောင်နိုင်လား၊ မစွမ်းဆောင်နိုင်ဘူးလား ဆိုတဲ့ အဖြေကိုသိဖို့ စမ်းသပ်ချက်တစ်ခုပဲဖြစ်ပါတယ်လို့ ခါမေနီကပြောခဲ့ပါတယ်။ သူ့ရဲ့ကိုယ်စားလှယ်ဖြစ်တဲ့ ဘာသာရေးခေါင်းဆောင် အဗ္ဗဒေါ်ဟော့စ်စိန်မိုဇီဟာ ငလျင်ဒဏ်ကို ဆိုးရွားစွာခံစားခဲ့ရတဲ့ ကာမန်ရှာပြည်နယ်ကို သွားရောက်ပြီးနောက် အရေးပေါ်ကူညီထောက်ပံ့မှုတွေ ပိုမိုလိုအပ်နေတုန်းရှိသေးတယ်လို့ နိုင်ငံပိုင်ရုပ်မြင်သံကြားမှာ ပြောခဲ့ပါတယ်။

အတိုက်အခံ မီဒီယာတွေရဲ့ အယ်ဒီတာ့အာဘော်မှာ အစိုးရဟာ ၂၀၀၃ ခုနှစ်ကဖြစ်ပွားခဲ့တဲ့ လူပေါင်း ၃၁၀၀၀ကျော် သေဆုံးခဲ့တဲ့ ဘန်ငလျင်အပေါ် သင်ခန်းစာယူဖို့ ပျက်ကွက်ခဲ့တယ်လို့ စွပ်စွဲရေးသားခဲ့ပါတယ်။

နိုင်ငံပိုင် ရုပ်မြင်သံကြားကလည်း အီရန်အတိုက်အခံ အင်အားစုအဖွဲ့တွေဟာ ငလျင်ဒဏ်ဆိုးရွားစွာခံစားခဲ့ရတဲ့ မြို့တွေထဲက တစ်မြို့ဖြစ်တဲ့ စာပိုအက်ဇာဟက်မြို့ကို ပုံမှန်အခြေအနေအတိုင်း ပြန်ဖြစ်ဖို့ အကောင်းဆုံးလုပ်ဆောင်နေတာကို ဖော်ပြခဲ့ပါတယ်။

ငလျင်လှုပ်ပြီးပြီးချင်း အီရန်အတိုက်အခံအင်အားစုအဖွဲ့ဟာ ငလျင်ဒဏ်ခံဒေသတွေကို အကူအညီပေးဖို့ ချက်ချင်းသွားရောက်ခဲ့တယ်လို့ အဖွဲ့ဒုတိယခေါင်းဆောင် ဗိုလ်မှူးချုပ် ဟော့စိန်ဆလာမီကပြောခဲ့ပါတယ်။ နားခိုစရာတွေ၊ ဆေးခန်းတွေကို ချက်ချင်းဆောင်ရွက်ပေးခဲ့ပါတယ်။ ဒုက္ခရောက်သူတွေနားခိုစရာမရမချင်း ဒီနေရာက မထွက်ခွာသွားပါဘူး၊ အဖွဲ့ခေါင်းဆောင်ဟာလည်း နာရီလက်တံလည်နေတဲ့အတိုင်း ၂၄ နာရီ မရပ်မနားအလုပ်လုပ်နေပါတယ်လို့ သူကဆက်လက်ပြောခဲ့ပါတယ်။


အီရန်မှာစီးပွားရေး အင်ပါယာကြီးတစ်ခုအဖြစ် လုပ်ဆောင်နေတဲ့ အီရန်အတိုက်အခံအင်အားစုတွေရဲ့ ခေါင်းဆောင်တွေက နိုင်ငံတကာပိတ်ဆို့မှုတွေ အတော်များများ ဖြေလျှော့မှုတွေလုပ်ဆောင်ပေးခဲ့ပေမယ့် စီးပွားရေးတိုးတက်မှုတွေကို မဆောင်ကြဉ်းပေးနိုင်တဲ့ ရူဟာနီကို ထပ်တလဲလဲပြစ်တင်မှုတွေ လုပ်ဆောင်လျက်ရှိပါတယ်။


လက်ရှိသမ္မတ ရူဟာနီကလည်း ငလျင်ဒုက္ခသည်တွေအတွက် ကူညီမှုတွေ ပိုမိုလုပ်ဆောင်ပေးမယ်လို့ ပြောခဲ့ပါတယ်။ သူ့အနေနဲ့ အတိုးနှုန်းနည်းတဲ့ ချေးငွေတွေကို ငလျင်ဒုက္ခသည်တွေကို ထုတ်ချေးပြီး သူတို့ရဲ့ အိမ်တွေပြန်လည်တည်ဆောက်နိုင်အောင် ကူညီသွားမယ်လို့ ပြောခဲ့ပါတယ်။ နိုင်ငံပိုင်ရုပ်မြင်သံကြားမှာလည်း နိုင်ငံတစ်ဝန်း အီရန်ပြည်သူတွေကငလျင်ဒုက္ခသည်တွေ ကိုကူညီဖို့ အရေး အစားအစာတွေ၊ အနွေးထည်တွေနဲ့ စောင်တွေကိုလိုက်လံစုဆောင်းနေတာကို ဖော်ပြခဲ့ပါတယ်။

နားခိုစရာတွေပိုမိုလိုအပ်ပါတယ်၊ ရာသီဥတုကလည်း တစ်နေ့တခြား အေးလာပါတယ်၊ သူတို့တွေအနေနဲ့ ယာယီရွက်ဖျင်တဲတွေကို ဝေပေမယ့်လည်း လုံလောက်မှုမရှိပါဘူးလို့ အသက် ၇၅ နှစ်ရှိ ငလျင်ဒုက္ခသည်တစ်ဦးဖြစ်တဲ့ အာမက် အီရန်ဒက်က ပြောခဲ့ပါတယ်။ သူ့ကလေးတွေလည်း အပြင်ဘက်မှာ အလွန်အေးတဲ့ဒဏ်ကို အန်တုရင်း ရက်ပေါင်းအတော်ကြာကြာအိပ်စက်နေရတယ်လို့ သူက ဆက်ပြောပါတယ်။ ငလျင်ဒုက္ခသည်တွေကို ပစ်မထားပါနဲ့၊ ကူညီကြပါလို့ သူက ပြောပါတယ်။


ငလျင်ကို အကြောင်းပြုပြီး နိုင်ငံရေးအားပြိုင်မှုတွေကို အီရန်အာဏာရအထက်တန်းလွှာတွေကြားမှာအပြိုင်အဆိုင်သူ့ထက်ငါ လုပ်ဆောင်နေကြတယ်ဆိုတာ မှန်ပါတယ်။ ဒါပေမယ့်လည်း အာဏာရရှိရေး ကြိုးစားနေရင်းနဲ့ တစ်ဖက်ကလည်း တကယ့်ငလျင်ဒုက္ခသည်တွေကိုပစ်မထားဘဲ သူ့ထက်ငါအပြိုင်အားပေးကူညီထောက်ပံ့မှုတွေလုပ်လျှင်ဖြင့် ငလျင်ဒုက္ခသည်တွေအနေနဲ့ ပိုမိုအဆင်ပြေလာမှာဖြစ်သလို ဘယ်သူ့ကို ထောက်ခံမဲပေးရမလဲဆိုတဲ့ ဆုံးဖြတ်ချက်လည်း ချမှတ်ပြီးသားဖြစ်သွားမှာပါ။ တစ်ဖက်နဲ့ တစ်ဖက် အပြစ်ဖို့မနေဘဲ တကယ့်ငလျင် ဒုက္ခသည်တွေ အကျိုးသယ်ပိုးခြင်းဖြင့် တကယ့်ထိုက်တန်တဲ့နေရာမှန်ရရှိရေးအတွက်အပြောနဲ့မဟုတ်၊ အလုပ်နဲ့ သက်သေပြကြဖို့ လိုအပ်နေပြီ ဖြစ်ကြောင်း။ ။

> **"အခုကိစ္စက ပြင်ပကမ္ဘာနဲ့ ထိတွေ့ဆက်ဆံမှုတွေပိုလုပ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ရမယ်လို့ ကြွေးကြော်ထားတဲ့ သမ္မတနဲ့ အတိုက်အခံအင်အားစုတွေကြား အာဏာလွန်ဆွဲ နေမှုအပေါ် အကျိုးသက်ရောက်မှုတွေ ရှိလိမ့်မယ်လို့ ရူဟာနီ မိတ်ဖက်တွေက ပြောခဲ့"**



HTOO




5121926
6132027









# မြန်မာသဒ္ဒါ သင်ကြားရေး (၂၉)

မောင်ခင်မင်(ဓနုဖြူ)

"ဖွဲ့စည်းတည်ဆောက်ပုံအရ ကြိယာဝိသေသန သုံးမျိုးရှိတယ်လို့ သဒ္ဒါစာအုပ်တွေမှာ ပြထားတာ သိပြီနော်"

"ဟုတ်ကဲ့၊ နှစ်ကြိမ်ထပ် ကြိယာဝိသေသန၊ ပစ္စည်းဆက်ကြိယာဝိသေသန၊ ကာရန်လိုက်ကြိယာဝိသေသနဆိုပြီး သုံးမျိုးခွဲ ပါတယ်"

"ညည်းတို့ကလေးတွေကို သင်တော့ ဒီအတိုင်းသင်ရမှာပေါ့၊ နှစ်ကြိမ်ထပ်တာက 'မြန်မြန်'တို့၊ 'ညီညီညာညာ'တို့ ပစ္စည်းဆက်တာက 'အမြန်'တို့၊ 'မလေးမစား'တို့၊ ကာရန်လိုက်တာက 'ယိုင်တိုင်တိုင်'တို့ ၊'ကိုးရိုးကားရား'တို့"

"ဟုတ်ပါတယ်ဆရာ"

"ဖွဲ့စည်းတည်ဆောက်ပုံအရ ဒီသုံးမျိုးပဲပြထားတော့ ဒီသုံးမျိုးပဲ ရှိတယ်လို့ အဓိပ္ပာယ်သက်ရောက်နေတာပေါ့"

"ဟင်... ဒီသုံးမျိုးအပြင် ရှိသေးလို့လား ဆရာ"

" အဲဒါပြောမလို့လေ၊ ဒီသုံးမျိုးအပြင် ကြိယာဝိသေသနပုံစံတွေ ရှိသေးတာ သဒ္ဒါစာအုပ်မှာ ဘာကြောင့်မပြသလဲမသိဘူး"

"ဘယ်လိုပုံစံမျိုးပါလဲ ဆရာ"

"အခြေခံကျတဲ့ ကြိယာဝိသေသနတစ်မျိုးက ထပ်ခွဲလို့ မရတဲ့ စကားလုံး တစ်လုံးတည်းပါတဲ့ ကြိယာဝိသေသနပဲ"

"ပြောပြပါဆရာ"

"ဆိုပါတော့၊ 'ဒီကောင်လေး မသွားနဲ့ဆိုတာ ဇွတ်သွားတယ်' ဆိုတဲ့စကားမှာ 'ဇွတ်'ဟာ ဘာဖြစ်မလဲ"

"'ဇွတ်'ဟာ 'သွား'ဆိုတဲ့ကြိယာကို အထူးပြုတဲ့စကားမို့ ကြိယာဝိသေသနပါ ဆရာ"

"နောက်... ဒီဝတ္ထု သိပ်ကောင်းတာပဲလို့ပြောရင် 'သိပ်'က 'အများကြီး၊ အလွန်' လို့ အဓိပ္ပာယ်ရတဲ့ ကြိယာဝိသေသနပဲလေ၊ တချို့ဒေသမှာ 'လွတ်ကောင်းတာပဲ' လို့သုံးတယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ၊ 'ခဏလာပါ'၊ 'အလကားပေးမယ်'၊ 'လုံးဝမကြောက်ဘူး' ဆိုတဲ့ စကားတွေမှာ 'ခဏ၊ အလကား၊ လုံးဝ' ဆိုတဲ့စကားတွေဟာ ကြိယာဝိသေသန တွေပဲ မဟုတ်လား၊ ဒီလိုပုံစံတွေက ဖွဲ့စည်းပုံအရ ခွဲတဲ့သုံးမျိုးထဲမှာ မပါဘူးလေ"

"ဟုတ်ကဲ့ပါ"

"'ဒရောသောပါး' တို့၊ 'ဝရုန်းသုန်းကား'တို့ ၊'အင်မတန်' တို့ ဆိုတဲ့ စကားတွဲ တွေကလည်း သီးခြားပုံစံနဲ့ ဖွဲ့စည်းထားတာတွေပဲ၊ အဲဒါတွေလည်း ကြိယာဝိသေသန တွေပဲလေ"

"ဟုတ်ကဲ့ပါ"

"ဒီတော့ မြန်မာစကားမှာ ကြိယာဝိသေသနတွေ ပုံစံအမျိုးမျိုးရှိတာမို့ ကြွယ်ကြွယ်ဝဝရှိပါတယ်၊ တချို့စကားလုံးတွေက ကြိယာတွေ၊ နာမ်တွေကို ကြိယာ ဝိသေသနလို သုံးတာမျိုးရှိတယ်၊ တချို့စကားလုံးတွေက ပုံစံကိုက နာမ်တွေ ကြိယာတွေနဲ့မတူဘူး၊ ကြိယာဝိသေသနလိုပဲ သုံးလို့ရတယ်၊ အမျိုးမျိုးရှိတာပေါ့"

"ဟုတ်ကဲ့ပါ"

"နောက်ဝါစင်္ဂတစ်ခုအကြောင်းမကူးခင် နာမ်တွေ၊ ကြိယာတွေကို အထူးပြုတဲ့ ဝါစင်္ဂနဲ့ ပတ်သက်ပြီး ပြောစရာတစ်ခုကို ပြောဦးမယ်"

"ပြောပါဆရာ"

"နာမ်ကို အထူးပြုတဲ့ပုဒ်ကို နာမဝိသေသနလို့ခေါ်တယ်၊ ကြိယာကို အထူးပြုတဲ့ ပုဒ်ကို ကြိယာဝိသေသနလို့ ခေါ်တယ်လို့ မြန်မာသဒ္ဒါစာအုပ်တွေမှာ ဖွင့်ထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"ပညာရှင်တချို့ကတော့ နာမ်ကို အထူးပြုတာနဲ့ ကြိယာကိုအထူးပြုတာဆိုပြီး သီးသန့်မခွဲဘဲ 'အထူးပြု'လို့ပဲ ဝါစင်္ဂတစ်မျိုးတည်းသတ်မှတ်ကြတယ်"

"ဩော်... ဟုတ်လားဆရာ"

"ဆိုပါစို့၊ 'အမြန်'ဆိုတဲ့ စကားလုံးဟာ 'အမြန်သွားမယ်'လို့သုံးရင် ကြိယာ ဝိသေသန၊ 'အမြန်ရထား'လို့ သုံးရင် နာမဝိသေသနပေါ့၊ အထူးပြုတဲ့အလုပ်က အဓိကပဲလေ၊ အဲဒီလိုပဲ 'အမှတ်တရပေးတယ်' ဆိုရင် ကြိယာဝိသေသန၊ 'အမှတ်တရ စကား' ဆိုရင် နာမဝိသေသနပေါ့၊ ဒါကြောင့် အဲဒီစကားလုံးမျိုးကို အထူးပြုလို့ ခေါ်လိုက်တယ်၊ Qualifier လို့လည်း ခေါ်တယ်၊ Attribute လို့ လည်း ခေါ်တယ်"

"ဩော်"

"နှစ်လုံးထပ်တွေကို ကြိယာရဲ့ရှေ့က အထူးပြုနိုင်သလို နာမ်ရဲ့နောက်ကလည်း အထူးပြုနိုင်တယ်၊ 'ကြီးကြီး' ဆိုတဲ့စကားလုံးကို 'ကြီးကြီးရေးပါ' လို့ သုံးရင် ကြိယာ အထူးပြုဖြစ်တာပေါ့၊ အိမ်ကြီးကြီးလို့ သုံးရင် နာမ်အထူးပြုဖြစ်တာပေါ့"

"ဟုတ်ပါတယ် ဆရာ"

"ဒီနေရာမှာ ဗဟုသုတအဖြစ် 'အထူးပြု'လို့ သတ်မှတ်တဲ့ သာဓကတချို့ ပြောပြမယ်၊ ဘာသာဗေဒပညာရှင် မင်းလတာရဲ့ မြန်မာသဒ္ဒါစစ်တမ်းမှာ ပါတယ်၊ တစ်မျိုးက 'လုံးလုံး၊ စစ်စစ်၊ တော်တော်၊ သေသေချာချာ၊ စဉ်းစဉ်းစားစား' လို နှစ်လုံးဆင့်တွေပေါ့၊ နောက်တစ်မျိုးက 'သိပ်၊ တယ်၊ တော်တော်' ဆိုတာမျိုးတွေ၊ 'အခု၊ အလကား၊ အမြဲ့မြဲ့ ပရဗျစ်၊ နောက်၊ နောင်၊ တချို့ တခွင်ခွင်၊ တန်းလန်း၊ တယ်၊ တော်တော်၊ တွဲလောင်း၊ ရုတ်တရက်၊ ဇဝေဇဝါ၊ စကောစက' ဆိုတဲ့ သာဓကတွေ ပြထားတယ်"

"ဟုတ်ကဲ့ပါ"

"ဘာသာဗေဒပညာရှင် Dr.K.Forbes ဆိုတဲ့ ဆရာမကြီးကတော့ အထူးပြုကို လေးမျိုးခွဲပြတယ်၊ တစ်မျိုးက ကြိယာအထူးပြုပေါ့၊ ကြိယာရဲ့ ရှေ့မှာသုံးတယ်၊ ခုနပြောတဲ့ သာဓကမျိုးတွေပါပဲ၊ 'တစောင်းအိပ်တယ်၊ မြက်ခနဲ နာတယ်၊ ဝေ့လည်လည်ပြောတယ်၊ တအားဆိုးတယ်၊ ခဏခဏကြည့်တယ်၊ တောက်လျှောက် ပြောတယ်' ဆိုတာမျိုးတွေပေါ့၊ နောက်တစ်မျိုးကတော့ 'နာမ်ရှေ့အထူးပြု' တဲ့၊ နာမ်ရဲ့ရှေ့မှာ သုံးရတယ်၊ 'ပြုံးတုံးတုံးမျက်နှာ၊ မနိုင်ဝန်၊ ပင်ပင်ပန်းပန်းအလုပ်၊ ကိုယ်ပိုင်ကား' ဆိုတာမျိုးတွေ၊ နောက်တစ်မျိုးက 'နာမ်နောက်အထူးပြုတဲ့ ၊ နာမ်ရဲ့ နောက်မှာသုံးရတယ်၊ 'ငွေစက္ကူအသစ်၊ အိမ်ကြီးကြီး၊ လူဝဝ၊ ပစ္စည်းမျိုးစုံ၊ ပန်းအမျိုးမျိုး' ဆိုတာ မျိုးတွေပေါ့၊ နောက်တစ်မျိုးက အထူးပြု၏ အထူးပြုတဲ့ အထူးပြုကိုထပ်ပြီး အထူးပြုတဲ့ စကားလုံးပေါ့၊ 'တော်တော်ကျယ်ကျယ်' ဆိုတဲ့ အသုံးမှာ 'ကျယ်ကျယ်' ကို 'တော်တော်' က ထပ်အထူးပြုတာလေ၊ 'မုန့်အချို သက်သက်' မှာ 'သက်သက်' က အချိုကို ထပ်အထူးပြုတယ်၊ 'အလကားသက်သက် ငိုနေတယ်' မှာ 'သက်သက်' က 'အလကား' ကို ထပ်အထူးပြုတယ်၊ အဲဒါမျိုး တွေပေါ့"

"စဉ်းစားစရာတွေရပါတယ် ဆရာ၊ ဗဟုသုတလည်းတိုးပါတယ်"

"ဟုတ်ပါတယ် ဆရာ"

"မြန်မာသဒ္ဒါသင်တဲ့ ဆရာ ဆရာမတွေ ထောင့်စေ့အောင် စဉ်းစားနိုင်ဖို့ပါ၊ ကဲ... တစ်ခုမေးရဦးမယ်၊ နာမဝိသေသနနဲ့ ကြိယာဝိသေသနမှာ ဘယ်ဝါစင်္ဂက ဖွဲ့စည်းတည်ဆောက်ထားတဲ့ ပုံသဏ္ဌာန်ပိုပြီး ထင်ရှားတယ်ထင်ကြသလဲ"

"ကြိယာဝိသေသနက ပိုပြီးထင်ရှားပါတယ် ဆရာ"

"ဟုတ်ပါတယ်၊ တချို့ကြိယာတွေကို ကြိယာဝိသေသနလို သုံးတာရှိပေမယ့် ကြိယာဝိသေသနအများစုက နာမ်နဲ့လည်း မတူဘူး၊ ကြိယာနဲ့လည်း မတူဘူး၊ ကြည့်လိုက်တာနဲ့ပဲ ဒါ ကြိယာဝိသေသနပဲလို့ ချက်ချင်း သိနိုင်တယ်၊ 'ဒယိမ်း ဒယိုင်' လို့ တွေ့လိုက်တာနဲ့ ဒါ နာမ်လည်း မဟုတ်ဘူး၊ ကြိယာလည်း မဟုတ်ဘူးဆိုတာ ဖွဲ့စည်းတည်ဆောက်ပုံအရ ထင်းခနဲမြင်သာတယ်၊ 'ဒယိမ်းဒယိုင်တယ်' လို့ ကြိယာကို သုံးလို့ မရဘူး၊ 'ဒယိမ်းဒယိုင်က၊ ဒယိမ်းဒယိုင်ကို' ဆိုပြီး နာမ်လိုလည်း သုံးလို့မရဘူး၊ ကြိယာဝိသေသနတွေမှာ တွေ့ရတဲ့၊ ပစ္စည်းနှစ်ခုရှေ့မှာ ဆက်ထားတဲ့လေးလုံးတွဲ ကြိယာဝိသေသနရဲ့ ပုံစံ ကွဲကွဲပြားပြားပေါ်နေတယ်"

"ဟုတ်ကဲ့ပါဆရာ"

"နာမဝိသေသနကျတော့ ဒါနာမဝိသေသနပဲဆိုပြီး အဲဒီလို ထင်းခနဲ ပေါ်မနေဘူးလေ၊ နာမဝိသေသနလို့ သတ်မှတ်ထားတဲ့ စကားလုံးတွေအားလုံး ဂုဏ်ရည်ပြကြိယာတွေဖြစ်နေတာ တွေ့တယ်မဟုတ်လား၊ အားလုံးကြိယာလို သုံးလို့ရတယ်၊ ပြီးတော့ ရှေ့မှာ ပြောခဲ့တဲ့အတိုင်း အညွှန်းနာမဝိသေသနတို့၊ အမေး နာမဝိသေသနတို့၊ သင်္ချာနာမဝိသေသနတို့မှာ အရင်းခံစကားလုံးတွေက နာမ်တွေ၊ နာမ်စားတွေဖြစ်နေတယ်လေ၊ နာမ်တွေ၊ နာမ်စားတွေကို နာမဝိသေသနအဖြစ် သုံးတာတွေဖြစ်နေတယ်၊ မင်းတို့လည်း တွေ့ခဲ့ပြီးပြီ"

"ဟုတ်ပါတယ် ဆရာ"

"ဒါကြောင့် ဘာသာဗေဒပညာရှင်တွေထဲမှာ ကြိယာဝိသေသနကို ဝါစင်္ဂ တစ်ခုအဖြစ် လက်ခံတဲ့ ပညာရှင်တွေ ရှိပေမယ့် နာမဝိသေသနကို ဝါစင်္ဂတစ်ခုအဖြစ် လက်ခံတဲ့ ပညာရှင်မရှိသလောက်ပဲလေ၊ နာမဝိသေသနကို ကြိယာမျိုးခွဲ တစ်ခုလို့ ယူဆကြတယ်၊ အဲ... တချို့ကတော့ နာမဝိသေသနနဲ့ ကြိယာဝိသေသနကို တစ်ခုစီ မခွဲတော့ဘဲ 'အထူးပြု'ဆိုပြီး တစ်ပေါင်းတည်း သတ်မှတ်ကြတယ်"

"ဟုတ်ကဲ့ပါ"

"ဒါပေမယ့် ဆရာ့အမြင်ကတော့ အဲဒီအထူးပြုတွေထဲမှာ ကြိယာအထူးပြုအဖြစ် သုံးနိုင်တာက ပိုများပြီး နာမ်အထူးပြုအဖြစ် သုံးနိုင်တာက ဒီလောက်မများဘူး၊ ဒါကြောင့် ကြိယာအထူးပြုက ပဓာနကျတယ်လို့ ထင်တယ်"

"ဟုတ်ကဲ့ပါ ဆရာ"

"နောက်တစ်ခုက ကြိယာနဲ့ နာမဝိသေသနဟာ မြန်မာစာ ပေါ်စကလည်း ပြတ်ပြတ်သားသား၊ ကွဲကွဲပြားပြားရှိမနေဘူးလေ၊ ကြိယာကို နာမဝိသေသနလို သုံးတာလည်းရှိတယ်၊ ရှေ့မှာပြခဲ့ပြီးပြီ၊ ဒါပေမယ့် ကြိယာဝိသေသနကတော့ ဖွဲ့စည်းပုံပြတ်ပြတ်သားသားရှိတာ ပုဂံခေတ်ကတည်းကပဲ၊ ကျောက်စာတွေထဲမှာ 'ဖတ္တလတ်' ဆိုတဲ့ စကားရှိတယ်၊ ရုတ်တရက်လို့ အဓိပ္ပာယ်ရတယ်။ အဲဒီစကား လုံးကို ဒေသိယစကား တချို့မှာလည်း 'ဖတ်တလတ်'လို့ သုံးတယ်၊ ပုံစံကို ကြည့်လိုက်တာနဲ့ 'တ'ကြားဆက် ဆက်ထားတဲ့ ကြိယာဝိသေသနပဲလို့ သိနိုင်တယ်၊ အခုသုံးတဲ့ 'ဖတ်ခနဲ' ဆိုတာမျိုးပေါ့၊ 'ဖတ်ခနဲ ကောလပြောလိုက်တယ်' ဆိုတာမျိုး အခုလည်း သုံးတယ်၊'ပေါရာဏ စကားတွေထဲမှာ 'ပတေပတာ' ဆိုတဲ့စကားရှိတယ်၊ 'မိဘကို ပတေပတာ လုပ်ကျွေး၏' လို့ သုံးတယ်၊ စကားအဆက်အစပ်အရ 'ရိုရိုသေသေ' ဆိုတဲ့ အဓိပ္ပာယ်မှန်း သိသာပါတယ်၊ ပုံသဏ္ဌာန်ကိုကြည့်ရင်လည်း 'ပ' ရှေ့ဆက်နှစ်ခု တစ်ပြိုင်တည်းဆက်တဲ့ ကြိယာဝိသေသနပုံစံဆိုတာ ဖြစ်နိုင်ပါတယ်၊ ဆိုလိုတာက ကြိယာဝိသေသနဟာ ပုဂံခေတ်ကတည်းက အစဉ်အဆက် ဖွဲ့စည်း တည်ဆောက်ပုံရော၊ ကြိယာကို အထူးပြုတဲ့သဒ္ဒါ တာဝန်ရော ကွဲပြားခဲ့တဲ့ ဝါစင်္ဂ ဖြစ်တယ်လို့ ဆိုလိုတာပါ၊ ကဲ... ကြိယာဝိသေသနအကြောင်း ဒီလောက်ဆိုရင် ထင်ရှားလောက်ပါပြီကွယ်"

"ကျေးဇူးကြီးလှပါတယ် ဆရာ"

> **"ဘာသာဗေဒပညာရှင်တွေထဲမှာ ကြိယာဝိသေသနကို ဝါစင်္ဂတစ်ခုအဖြစ် လက်ခံတဲ့ ပညာရှင်တွေ ရှိပေမယ့် နာမဝိသေသနကို ဝါစင်္ဂတစ်ခုအဖြစ် လက်ခံတဲ့ ပညာရှင် မရှိသလောက်ပဲလေ၊ နာမဝိသေသနကို ကြိယာမျိုးခွဲ တစ်ခုလို့ ယူဆကြတယ်၊ အဲ... တချို့ကတော့ နာမဝိသေသနနဲ့ ကြိယာဝိသေသနကို တစ်ခုစီ မခွဲတော့ဘဲ 'အထူးပြု' ဆိုပြီး တစ်ပေါင်းတည်း သတ်မှတ်ကြတယ်"**

# အသက်ကြီး ပထမဆုံးကိုယ်ဝန်ဆောင်များ ခွဲမွေးခြင်းက မိခင်ရော ကလေးပါ ဘေးကင်းစိတ်ချရ

ကလျာမိုးမြင့်

ကိုယ်ဝန်ဆောင်မိခင်တွေကို မွေးဖွားဖို့ သတ်မှတ်ထားသည့် နေ့ရက်အတိအကျမှာ ကလေးမွေးဖွားစေခြင်းက ကလေးအသေမွေးဖွားခြင်းနဲ့ မွေးဖွားပြီး ကလေးငယ် သေဆုံးနိုင်တဲ့ အန္တရာယ်ကို လျှော့ချနိုင်လိမ့်မယ်လို့ ဆေးပညာရှင်တွေက ယုံကြည် ထားကြပါတယ်။

ကိုယ်ဝန်ဆောင်ကာလ ရက်သတ္တပတ်ပေါင်း လေးဆယ်ရှိတဲ့အထိ သဘာဝ မဟုတ်သော နည်းလမ်းနဲ့ ကလေးမွေးဖွားစေခြင်းက မိခင်ရော ကလေးငယ်အတွက်ပါ ဘေးကင်းစိတ်ချရတဲ့ အချိန်ကာလတစ်ခု ဖြစ်တယ်လို့ လေ့လာမှု အသစ်တွေမှာလည်း အကြံပြုထားပါတယ်။

PLOS Medicine မှာ ပြုလုပ်ခဲ့တဲ့ လေ့လာမှုမှာ အသက် ၃၅ နှစ်နဲ့ အထက်ရှိတဲ့ ပထမဆုံး ကိုယ်ဝန်ဆောင်တာဖြစ်တဲ့ မိခင်တွေကို လေ့လာခဲ့ပါတယ်။ ဒီအသက်အပိုင်းအခြားဟာ ကလေးမွေးဖွားမှုဆိုင်ရာ နောက်ဆက်တွဲပြဿနာတွေ ဖြစ်ပွားနိုင်မှုအများဆုံးလို့ ယေဘုယျသတ်မှတ်ထားတဲ့ မိခင်လောင်းအုပ်စု ဖြစ်ပါတယ်။

ယခုအခါ ဗြိတိန်မှာရှိကြတဲ့ မိခင်လောင်းတွေအနက် ၁၄ ရာခိုင်နှုန်းဟာ အသက် ၃၅ နှစ်နဲ့ ၃၅ နှစ်ကျော်လွန်ချိန်မှာ စပြီး ကိုယ်ဝန်ဆောင်တဲ့ အမျိုးသမီးတွေဖြစ်ကြပြီး ဒီအရေအတွက်ဟာ ယခင်ကထက် ပိုပြီးများပြားလာတဲ့ အရေအတွက်ဖြစ်ပါတယ်။ ယခုစမ်းသပ်မှုမှာလည်း အဲဒီအရေအတွက်ရှိတဲ့ မိခင်အုပ်စုကို အဓိက လေ့လာခဲ့ပါတယ်။

သဘာဝမဟုတ်သော နည်းလမ်းဖြင့် မွေးဖွားစေခြင်း ဥပမာ ခွဲမွေးခြင်းက လိုအပ်သည်ထက်ပို၍ အချိန်ကြာမြင့်စွာ ကိုယ်ဝန်ဆောင်ခြင်းကြောင့် ကလေးအသေ မွေးဖွားခြင်းဖြစ်စေတဲ့ အန္တရာယ်ကို ရှောင်တိမ်းနိုင်မှာ ဖြစ်ပါတယ်။ ဗြိတိန်မှာဆိုရင် ကိုယ်ဝန်ဆောင်သုံးဦးမှာ တစ်ဦးလောက်ဟာ ဒီနည်းလမ်းအတိုင်း မွေးဖွားနေကြ ပါတယ်။

ဒီတော့ ကိုယ်ဝန်ဆောင်ကာလ ရက်သတ္တပတ်ပေါင်း ၄၁ နဲ့ ၄၂ ပတ်အတွင်းရှိတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတွေကို မွေးဖွားရမယ့်ရက်ထက် တစ်ပတ် သို့မဟုတ် နှစ်ပတ်ကျော်လွန်သွားရင် သဘာဝအတိုင်းမဟုတ်တဲ့ မွေးဖွားနည်းနဲ့ မွေးဖွားဖို့ လမ်းညွှန်မှုတွေ ပြုလုပ်ထားပါတယ်။

ဒါပေမယ့် လေ့လာမှု အသစ်တွေအရ အကယ်၍ အသက် ၃၅ နှစ်ကျော် အမျိုးသမီးတွေဟာ မွေးဖွားရမယ့်သတ်မှတ်ရက်ထက် ကျော်လွန်ခြင်းမရှိဘဲ မွေးဖွား ရမယ့်နေ့ရက်မှာ မွေးဖွားနိုင်အောင် အကူအညီပေးခဲ့မယ်ဆိုရင်တော့ ကလေးငယ် တစ်ယောက်မှ သေဆုံးခြင်းမရှိအောင် ကာကွယ်နိုင်လိမ့်မယ်လို့ ဆေးပညာရှင်တွေက အကြံပြုထားပါတယ်။

ဘီဘီစီ



ခ ရီး သွား ဆောင်း ပါး

# ဆောင်းခိုငှက်တွေနဲ့အတူ

သတင်းဆောင်းပါး - မောင်မောင်မြင့်ဆွေ



မြောက်ပြန်လေကြောင့် နံနက်စောစော အေးစိမ့်စိမ့်ဖြစ်နေသည်။ ဆောင်းရောက်ပြီဖြစ်သော်လည်း အအေးဓာတ်က သိသိသာသာ မလွှမ်းခြုံ သည်ကြားထဲ မုန်တိုင်းကြောင့် မိုးကပြတ်သွားသည်မရှိသဖြင့် ဆောင်းရာသီက မပီသဖြစ်နေသည်။ မန္တလေးမှ နံနက်စောစော ကားဖြင့်ထွက်လာသော ကျွန်တော်တို့ စဥ့်ကိုင်မြို့နယ်အတွင်းရောက်သည့်တိုင် လမ်းဘေးဝဲယာကျေးရွာများ သစ်ပင်များပေါ်တွင် နှင်းမှုန်များကိုပင် မတွေ့ရ။ ရာသီဥတုဖောက်ပြန်မှုကြောင့် ဆောင်းပင်ပျောက်ပြန်ပြီလား မသိတော့။

ကျွန်တော်တို့မော်တော်ယာဉ်သည် မန္တလေးမြို့အနောက်တောင်ဘက် စဥ့်ကိုင်မြို့နယ်အတွင်း ဝင်ရောက်လာခဲ့ပြီးနောက် ပလိပ်အင်းရှိရာသို့ ဦးတည်လာခဲ့ရာ လမ်းတစ်လျှောက်မော်တော်ယာဉ်မျိုးစုံ မောင်းနှင်သွားလာနေကြပြီး ကျေးလက်နေ ပြည်သူများလည်း တစ်နေ့တာလုပ်ငန်းခွင်ဝင်ရန် စတင်ပြင်ဆင်နေကြသည်ကို တွေ့ရသည်။ စိုက်ပျိုးရေးကိုအခြေခံသော စဥ့်ကိုင်မြို့နယ်က လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းမွန်မှုကြောင့် တိုးတက်လာသည်ကို တွေ့ရသည်။

တကယ်တော့ကျွန်တော်တို့က မန္တလေးမြို့ရောက်ခိုက် ပလိပ်အင်းသို့ ဆောင်းခိုငှက်များကြည့်ရှုရန်လာရောက်ခြင်းဖြစ်ရာ ပလိပ်အင်းသို့ရောက်ရှိရန်သာ စိတ်အားသန်နေခြင်းဖြစ်သည်။ ပလိပ်အင်းသို့တစ်ကြိမ်မျှ မရောက်ဖူးသေးသောကျွန်တော့်အတွက် ခရီးစဉ်သစ်တစ်ခုဖြစ်ပြီး မြင်ကွင်းအသစ်အဆန်းများဖြင့် စိတ်အာရုံကို ဖမ်းစားနိုင်မည်ဟု တွေးနေမိသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ကျွန်တော်တို့ ပလိပ်အင်းသို့ရောက်ရှိခဲ့လေသည်။ ကျွန်တော်တို့ရောက်ချိန်တွင် ပြည်ပခရီးသွားအချို့ရောက်ရှိနေသည်ကို တွေ့ရပြီး နံနက်စောစောအချိန်တွင် ဆောင်းခိုငှက်များကို လာရောက်ကြည့်ရှုကာ ဓာတ်ပုံမှတ်တမ်းများပင် ရိုက်ကူးနေကြသည်ကို မြင်ရသည်။

ကျွန်တော်တို့ ပလိပ်အင်းရောက်ချိန်တွင် ထူးထူးခြားခြား ရေပြင်ပေါ်နှင့်သစ်ပင်၊ မြက်ပင်များပေါ်၌ နှင်းငွေ့တွေဝေနေသည်ကို တွေ့လိုက်ရသည်။ မန္တလေးမြို့မှ စတင်ထွက်လာကတည်းက မြူနှင်းများကိုရှာဖွေနေသော ကျွန်တော့်အတွက် ပျောက်သောသူကို ရှာတွေ့သလိုခံစားရသဖြင့် ရင်ထဲချမ်းမြေ့သွားသည်။ ဆောင်း၏အေးမြခြင်းနှင့် နှင်းတို့ဝေ့ဝဲကျဆင်းခြင်းက အမြဲဒွန်တွဲလျက် ရာသီလက်တွဲဖော်များအဖြစ် တည်ရှိနေမှ ပြည့်စုံသည်ဟု ခံစားမိသည်က အမှန်ပင်။

ပလိပ်အင်းက မိုးကုန်စအချိန်မို့လားမသိ၊ ရေပြည့်နေဆဲဖြစ်သည်။ ခပ်လှမ်းလှမ်းတွင် သစ်ပင်အချို့ကိုတွေ့ရပြီး အချို့နေရာများမှာ ရေပြင်၊ အချို့နေရာများမှာ ရေစပ်စပ်၊ ကိုင်းပင်စပ်စပ်အဖြစ် တွေ့မြင်ရသည်။ အချို့ကိုင်းပင်လိုလို မြက်ပင်လိုလိုများက ရေပြင်ပေါ်တွင်ထိုးထိုးထောင်ထောင် ထွက်ပေါ်နေကြသည်။ အမျိုးအမည်မသိ ငှက်တချို့ပျံဝဲနေကြသည်ကိုတွေ့ရပြီး အချို့က ပလိပ်အင်းအတွင်း ကုန်းမြေပေါ်သည့်နေရာများ၌ ရပ်နားနေကြသည်။

ကျွန်တော်တို့ စကားမပြောနိုင်ကြဘဲ လွတ်လပ်စွာ နေထိုင်ကျက်စားနေကြသည့် ငှက်များကို တိတ်ဆိတ်စွာ ကြည့်ရှုလေ့လာနေမိသည်။ ပျံသန်းလာသော ငှက်တို့မှာ ရက်စက်ပြင်းထန်သော ဆောင်းရာသီကို ကျော်ခိုင်းစွန့်ခွာကာ ပူနွေးသောအာရှနိုင်ငံများဆီသို့ ဆောင်းခိုရန် ပျံသန်းရောက်ရှိလာကြခြင်းဖြစ်သည်။ မိုင်ပေါင်းထောင်ချီကာ ပျံသန်းလာခဲ့ရသော ဆောင်းခိုငှက်များက လမ်းခရီးတွင် ပျံသန်းရင်းသေဆုံးမှုများရှိသလို ငှက်မုဆိုးတို့၏လက်ချက်ကြောင့် အသက်ဆုံးရှုံးခဲ့ရသည်များလည်း ရှိနေသည်။

ငှက်တစ်အုပ် ရုတ်တရက် ထပျံသွားသဖြင့်လှမ်းကြည့်လိုက်ရာ အမွေးအတောင်အဖြူရောင်၊ ဦးခေါင်းတွင် အရောင်သဲသဲကွဲကွဲ မရှိသည့် ပုံသဏ္ဍာန်ရှိသောငှက်မျိုးဖြစ်သည်။ ခန္ဓာကိုယ်အရွယ်အစားက ခိုငှက်ကဲ့သို့ဖြစ်ရာ မည်သည့်ငှက်မျိုးစိတ်မှန်း မဝေခွဲနိုင်။ ထိုအချိန်တွင် ငန်းရိုင်းတစ်အုပ်ကို မြက်ပင်များအကြားမှ ရေပြင်သို့ ထိုးထွက်လာသည်ကို တွေ့လိုက်ရသည်။ ရေပြင်တွင် အေးအေးလူလူ ကူးခတ်သွားလာကာ အစာရှာလျက်ရှိရာ စုစုပေါင်း ခြောက်ကောင်ဖြစ်ကြောင်း ရေတွက်နေမိသည်။

ပလိပ်အင်းသို့ ရောက်ချင်ဇောဖြင့် ကသုတ်ကရက် ထလာခဲ့သည်ဖြစ်ရာ ကျွန်တော်တို့တွင် ငှက်ကြည့်ရန် မှန်ပြောင်းများ မပါလာခဲ့။ ငှက်ကြည့်မှန်ပြောင်းပါရှိလျှင် ဆောင်းခိုငှက်များကို အနီးကပ်မြင်တွေ့လေ့လာနိုင်သည့်အခွင့်အရေး ရရှိမည်ဖြစ်သည်။ ယခုတော့ မျက်စိတစ်ကမ်းအကွာအဝေးမှ သွားလာပျံသန်းကျက်စားနေကြသော ငှက်များကိုကြည့်ကာ လေ့လာနေရသည်။ သို့သော် ကျေနပ်ပါသည်။ ပလိပ်အင်းအတွင်းကျက်စားနေသော ကျေးငှက်များ၏ လွတ်လပ်မှုနှင့် သဘာဝဆန်မှုကို ပကတိအတိုင်း မြင်တွေ့လေ့လာခွင့်ရရှိသဖြင့် စိတ်ဆန္ဒပြည့်ဝသည်ဟု ခံစားရသည်။

ပလိပ်အင်းမှာ ငှက်ကြည့်ဝါသနာရှင်များအတွက် ခရီးစဉ်ကောင်းတစ်ခုပင်ဖြစ်သည်။ ခရီးလမ်းကလည်းမဝေး၊ ပလိပ်အင်းသည် မန္တလေးမြို့အနောက်ဘက် ၉မိုင် ၃ ဖာလုံခန့်အကွာတွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်ထက် ၈၉ ပေမြင့်သော နေရာတွင် တည်ရှိနေသော သဘာဝအင်းဖြစ်ပြီး အရှည် ၂ ဒသမ ၃ ကီလိုမီတာ အကျယ် ၂ ဒသမ ၁ ကီလိုမီတာရှိကာ မိုးရာသီကာလတွင် အင်းရေပြင်ဧရိယာမှာ ၃၂၇ ဒသမ ၇၆ ဟက်တာရှိကြောင်းသိရသည်။ နွေရာသီတွင် ပလိပ်အင်းအတွင်း ရေအဝင်နည်းသဖြင့် အင်းရေပြင် အကျယ်သည် ၄၀ ဒသမ ၄၇ ဟက်တာသာရှိရာ ကျွန်တော်တို့ရောက်ရှိချိန်မှာ အင်းရေပြင်မှာ ၃၂၀ ဟက်တာခန့်ရှိကြောင်းသိရသည်။ ပလိပ်အင်းအတွင်းသို့ ဧရာဝတီမြစ် လက်တက်တစ်ခုဖြစ်သော မြစ်ငယ်မြစ်မှ ရေများအဝင်အထွက်ရှိနေခြင်းဖြစ်ရာ ပလိပ်အင်းရေမှာ ညစ်ညမ်းမှုနည်းသည်ဟု အတူလိုက်ပါလာသူ မန္တလေးမြို့သား ကိုဉာဏ်မြင့်က ပြောပြသည်။

ပလိပ်အင်းအကြောင်းတွေးနေရာမှ ဟိုမှာကြည့် ရေညှောင့်ငှက်မဟုတ်လားဟု မိတ်ဆွေတစ်ဦးအသံကြောင့် အတွေးပြတ်သွားသည်။ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်တော့မည့် ငှက်အမျိုးအစားစာရင်းတွင် ပါဝင်နေသည့် နှုတ်သီးဝိုင်းရေညှောင့်ငှက်တစ်ကောင်ကို မလှမ်းမကမ်း၌တွေ့မြင်ရခြင်းဖြစ်သည်။ ကျွန်တော်တို့ ကင်မရာများထုတ်ကာ ဓာတ်ပုံရိုက်ကူး မှတ်တမ်းတင်လိုက်သည်။ ခန္ဓာကိုယ်အရွယ်အစားမကြီးမားသည့် ဖွဲ့စည်းမှုပုံသဏ္ဍာန်က ထူးခြားသော ငှက်မျိုးအစားဖြစ်ကြောင်း သတိပြုမိသည်။

ကျွန်တော်တို့ပလိပ်အင်းရေပြင်ကို အနီးကပ်ကြည့်ရှုမိရာ အင်းရေပြင်တွင် ကြာလင်ပန်းများပေါက်ရောက်နေသည်ကိုတွေ့ရ သည်။ ရေပြင်တွင် အရွယ်အစားလိုက်ပေါ်နေသော ကြာလင်ပန်းများက ရေပြင်ပေါ်သို့လည်း ထိုးထွက်မပေါက်ရောက်၊ ကြာပန်းလည်းမပွင့်သည့် ကြာအမျိုးအစားဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ပလိပ်အင်းအတွင်း ကြာလင်ပန်းများရှိသည်က ပနာတင့်မှုတစ်ရပ်ပင်ဖြစ်သည်။ ရေမှော်၊ ကနဖော့၊ ရေကန်စွန်းပင်များနှင့် မြက်ပင်တို့ ပေါက်ရောက်နေသည်ဖြစ်ရာ ကျေးငှက်တို့ ပျော်မြူးရာ၊ သဘာဝပေါက်ပင်များရှင်သန်ရာ သဘာဝအင်းတစ်ခုဖြစ်သည်။

ပလိပ်အင်းအတွင်း ရေပျော်ငှက်မျိုးစိတ် ၃၇ မျိုး၊ အခြားငှက်မျိုးစိတ် ခုနစ်မျိုး၊ ငါးမျိုးစိတ် ရှစ်မျိုးခန့် ကျက်စားနေထိုင်ပြီး သဘာဝအင်းတစ်ခုဖြစ်ရာ ငှက်ကြည့်ဝါသနာရှင်များ၊ ဓာတ်ပုံရိုက်ဝါသနာရှင်များ စိတ်ကြိုက်တွေ့စရာ ခရီးစဉ်တစ်ခုလည်းဖြစ်သည်ဟု တွေးနေမိသည်။ ယခုဆောင်းရာသီအစ ကာလမှာပင် ဆောင်းခိုငှက်မျိုးစိတ် ၁၁ မျိုးခန့် ရောက်ရှိနားခိုကာ ကျက်စားနေကြောင်း သိရသည်။

ပလိပ်အင်းသို့ ပြည်တွင်းပြည်ပ ခရီးသွားအချို့ ထပ်မံရောက်ရှိလာသည်ကို တွေ့ရသည်။ ကင်မရာတကိုင်ကိုင်ဖြင့် ဓာတ်ပုံရိုက်ရန် ဟန်ပြင်နေသော နိုင်ငံခြားသား အချို့ကိုလည်း မြင်ရသည်။ သူတို့လည်း ဆောင်းခိုငှက်များ စတင်ဝင်ရောက်သောပုံကို ဓာတ်ပုံရိုက် မှတ်တမ်းတင်ရယူရန်နှင့် ကိုယ်တိုင် လေ့လာကြည့်ရှုရန် ရောက်လာကြခြင်းဖြစ်မည်ဟု တွေးမိသည်။

ပလိပ်အင်းတွင် နေမြင့်သည်အထိ အတန်ကြာလေ့လာပြီးနောက် ကျွန်တော်တို့ ပြန်ထွက်လာခဲ့ကြသည်။ မန္တလေးတိုင်းဒေသကြီးအတွင်း ရေမျက်ကြီးအင်း၊ တောင်သမန်အင်းစသည်တို့တွင်လည်း ဆောင်းခိုငှက်များ စတင်ရောက်ရှိလာပြီဖြစ်ရာ ငှက်ကြည့်ဝါသနာရှင်များအတွက် အကြိုက်တွေ့စေတော့မည်ဖြစ်သည်။

ကျွန်တော်တို့ စဥ့်ကိုင်မြို့နယ်အတွင်း ကားဖြင့်ဖြတ်သန်းလာစဉ် စဥ့်ကိုင်မြို့အကြောင်း အတွေးဝင်မိသည်။ အင်းဝခေတ်က စဥ့်ကိုင်သည် မက္ခရာနယ်မြေအတွင်း တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ခဲ့သည်။ စဥ့်ကိုင်မှာ တရုတ်ဘာသာစကားဖြစ်ပြီး စဥ့်မှာ သစ်လွင်သော၊ ကိုင်မှာ ဈေးဟု အဓိပ္ပာယ်ရှိရာ စဥ့်ကိုင်မှာ ဈေးသစ်ဟု အဓိပ္ပာယ်ရလေသည်။ ကိုလိုနီခေတ်ဦးတွင် မူလ စဥ့်ကိုင်တွင် နေထိုင်သူများက ရထားလမ်း၊ ဘူတာလမ်းနှင့် နီးစပ်ရာသို့ ပြောင်းရွှေ့လာခဲ့ကြရာမှ စဥ့်ကိုင်ကြီး၊ စဥ့်ကိုင်လေးဟု ခွဲခြားခေါ်ဆိုခဲ့ကြပြီး စဥ့်ကိုင်လေးမှာ ယခု စဥ့်ကိုင်မြို့ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ရာဇဝင်ဆရာ ဦးကုလား၏ ဇာတိမြေလည်းဖြစ်ပြီး ဦးကုလားကို စဥ့်ကိုင်သူဌေး ဒေဝသေဋ္ဌနှင့် အမိဖြစ်သူ မဏိသြဃတို့က မွေးဖွားခဲ့ခြင်းဖြစ်သည်။ မဟာရာဇဝင်ကြီး၊ ရာဇဝင်လတ်နှင့် ရာဇဝင်ချုပ်တို့ကို ရေးသားပြုစုခဲ့သူ ပညာရှိတစ်ဦးပင်ဖြစ်သည်။

ပလိပ်အင်းတည်ရှိရာ စဥ့်ကိုင်မြို့နယ်အတွင်း ကားဖြင့်ဖြတ်သန်းစဉ်အချိန်မှာ အတွေးများဝေမိနေခြင်း ဖြစ်သည်။ တကယ်တော့ ပလိပ်အင်းသည် ကုန်းတွင်းရေတိမ်ဒေသတစ်ခုဖြစ်ရာ မပျက်စီး၊ မတိမ်ကောရန်၊ ငါးဖမ်းမှု၊ ငှက်ဖမ်းမှုများ မပြုလုပ်ရန် ထိထိရောက်ရောက် တားဆီးရမည်သာ ဖြစ်သည်။ သို့မှသာ ငှက်မျိုးစိတ်၊ ငါးမျိုးစိတ်များ ကျက်စားရှင်သန် နေထိုင်နိုင်မည် ဖြစ်သည်။ အတွေးရပ်ကာ ပလိပ်အင်းဘက် မျှော်မှန်းကြည့်ရင်း ယခုအချိန်မှာ ပလိပ်အင်းဆီသို့ ဆောင်းခိုငှက်များ ပျံသန်းလာနေဦးတော့မည်ဟု မှန်းဆနေမိပြန်သည်။ ။



# ရင်ထဲက အမှတ်တရ မိုင်းကိုင်

**မြင့်စိုး (နတလ)**



မိုင်းကိုင်မြို့၏ အထင်ကရ ရှေးဟောင်းသမိုင်းဝင် ရွှေမြင်ထင်မွေတော်ဘုရားကြီး

၁၉၈၂-၁၉၈၃ ခုနှစ်များဆီကစ၍ ရေတွက်လျှင်ပင် အနှစ် ၃၀ ကျော်ကြီးများတောင် ကျွန်တော် လွမ်းမောတသခဲ့ရသော မြို့ကလေး။ မိုင်းကိုင်ဟု ပြောလိုက်သည်နှင့် သာသနာသက္ကရာဇ် ၂၃၅ ခုနှစ်၌ သီရိဓမ္မာသောကမင်းကြီး၏ စေတီပေါင်း ၈၄၀၀၀ တွင် တစ်ဆူအပါအဝင် တည်ထား ကိုးကွယ်ခဲ့သော ရွှေမြင်ထင်မွေတော်ဘုရားကြီးကို မှန်းဆဖူးမြော်မိသလို၊ မြို့အနောက်ယွန်းယွန်းဆီက မှိုင်းပျပျဆင်တောင်ကြီးကိုလည်းကောင်း၊ မြို့မြောက်ဘက်ပန်ကေတုဒေသထွက် လိမ္မော်ရန်နံ့များကိုလည်းကောင်း ပြေး၍အမှတ်ရမိပါသည်။ ယခုတော့ ပြန်လည်ရောက်ခွင့်ကြုံခဲ့ပါပြီ။ တောင်ကြီးမှ လွိုင်လင်မြို့အထိ လမ်းခရီးက သိပ်မစိမ်းလှ။ ၂၀၁၄ ခုနှစ်တွင် သွားရောက်ခဲ့သော ဟိုမိန်းမြို့ခရီးစဉ်၌ လွိုင်လင်ကိုဖြတ်ခဲ့ရသောကြောင့်ဖြစ်၏။ ယခုမိုင်းကိုင်ခရီးစဉ်တွင်မူ လွိုင်လင်မှ ထွက်သည်နှင့် ပင်လုံမြို့လေးသည်လည်းကောင်း၊ ထို့မှမိုင်းပွန်မြို့လေးသည်လည်းကောင်း၊ ကျွန်တော်နှင့် တော်တော်လေး စိမ်းစိမ်းကားကားဖြစ်သွားပြီဆိုတာကို လက်မခံချင်၍မရတော့ပါ။

ဒါ့အပြင် နောက်ထပ် ခပ်စိမ်းစိမ်းမြို့လေးတစ်မြို့ကို ဖြတ်ကျော်ရဦးမည်ဆိုတာကိုလည်း အလိုလိုသိနေပါသည်။ ထိုခပ်စိမ်းစိမ်းမြို့လေး၏ အမည်သညာခေါ်စရာကား လဲချားမြို့ဟူ၍ ဖြစ်ပေသတည်း။ မိုင်းကိုင်မြို့လိုပင် အနှစ် ၃၀ ကျော်၊ ၃၅ နှစ်ထဲရောက်လို့မှတစ်ခေါက် ပြန်မရောက်ဖြစ်ခဲ့။ ၁၉၈၁ ခုနှစ် စစ်တက္ကသိုလ် ကျောင်းဆင်းစ ဒုတိယဗိုလ်ဘဝမှာ ပထမဆုံး ရောက်ဖူးခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း)ဒေသမှ မြို့လေးတစ်မြို့ဖြစ်သည်။ လဲချားမြို့မှာ တပ်မမှူး ဗိုလ်မှူးကြီးဖုန်းမြင့် (နောင်တွင် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြင့်)၏ ရှေ့တန်းအမှတ်(၅၅) တပ်မဌာနချုပ် အခြေပြုခဲ့သည်။ ခလရ(၆၄)ဝင်းထဲမှာဖြစ်၏။ တပ်ရင်းမှူးကြီးက ဒုတိယဗိုလ်မှူးကြီး ကောင်စစ်ဖြစ်သည်။ ကျွန်တော်တို့က တပ်မကွန်မန်ဒိုတပ်ခွဲ(၂) ခွဲရှိသည့်အနက် နေမျိုးစည်သူ ကွန်မန်ဒိုတပ်ခွဲမှ တပ်စုတစ်စု။ ဖွဲ့စည်းပုံ ၃၅ ယောက်အပြည့်နှင့် နေခဲ့ဖူးသောကာလတစ်ခု။ ယခုခရီးနှင့်အတူ လိုက်ပါလာသော တပည့်ကျော်မောင်ဇင်ငြိမ်းထူးကို ကြိုတင်မှာထားမိသည်မှာ လဲချားမြို့မရောက်ခင် နောင်လိုင်ဆိုသောရွာလေးတစ်ရွာရှိသည်။ ထိုရွာလေးကိုဖြတ်လျှင်ပြောပါ ဟူ၍။ နောင်လိုင်ရွာနှင့် လဲချားမြို့အကြားက ကားလမ်းဝဲယာ တောင်ကုန်းကြီးငယ်တို့သည် တစ်ချိန်က ကျွန်တော်တို့တပ်စု လမ်းလုံခြုံရေးယူခဲ့ဖူးသော နေရာများဖြစ်နေသောကြောင့်ပင်။

လဲချားမြို့နှင့် ခလရ(၆၄)ကြား၌လည်း ကျွန်တော့်ဘဝအတွက် အမှတ်တရနေရာတစ်ခု ရှိနေပါသေးသည်။ ကျွန်တော်တို့တပ်ခွဲအခြေပြုခဲ့သည့် ဘုန်းတော်ကြီးကျောင်းကြီးတစ်ကျောင်း။ ယခင်ကတော့ သစ်သားဆောင်ကျောင်းအိုကြီး၊ ယခုပြန်ရောက်ချိန်မှာ မြင်ရသည်က သစ်လွင်တောက်ပခံ့ညားထည်ဝါလှသည့် ကျောင်းဆောင်သစ်ကြီးတစ်ဆောင် ဖြစ်လို့နေပေပြီ။ တိုက်အုပ် ဆရာတော်၏ မိန့်ကြားချက်အရ ဤကျောင်းဆောင်သစ်ကြီးကို အောက်စ်ဖို့ဒ်ဆရာတော်ဟု ထင်ရှားကျော်ကြားနေသည့် အရှင်ပါမောက္ခ ဒေါက်တာဘဒ္ဒန္တဓမ္မသာမိ၏ ဦးဆောင်ညွှန်ပြမှုဖြင့် ပြန်လည်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မိမိတို့ရှေ့ကတပ်ခွဲနှင့် တပ်ချင်းလဲပြီး နှစ်ရက်မှ မပြည့်သေးခင် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးမြင့်အောင် (ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်-ကွယ်လွန်) လာရောက်စစ်ဆေးချိန် ပြောစရာတွေ တော်တော်များများ တွေ့သွားသဖြင့်၊ တပ်ခွဲမှူးရော၊ မိမိတို့ တစ်ပွင့်၊ နှစ်ပွင့် တပ်စုမှူးတွေပါ သတိကိုမတ်နေအောင်ဆွဲရင်းအဆူခံရတာကို ယနေ့ထိမမေ့သေးပါ။ စိန်ပြောင်းကျင်းတူးထားတာကလည်း တိမ်တိမ်လေးဖြစ်နေသောကြောင့် ကျွန်တော့်ကိုဆူရင်း သူနှင့် ပါလာသည့် ဗိုလ်ကြီးမောင်ဦး (ဗိုလ်ချုပ်မောင်ဦး-ပြည်ထဲရေးဝန်ကြီး - ငြိမ်း) ဘက်သို့လှည့်ပြီး "မောင်ဦး..မင်းတို့တုန်းက ငါဒီလိုသင်ထားသလား"ဟု မေးလိုက်သေးသည်။ ဟိုကလည်း ပြန်ဖြေပါသည်"မတတ်ထားပါဘူးခင်ဗျ.."တဲ့။ အဆူခံနေကြရင်း မတ်တတ်စိတ်ထဲမှာ တွေးလိုက်မိတာက ဒုတပ်မမှူးလည်း စစ်တက္ကသိုလ်မှာ နည်းပြဆရာ လုပ်ခဲ့ဖူးတာပဲဟူ၍။ ဘုန်းကြီးကျောင်းထဲလှည့်ပတ်ကြည့်ရင်း ဆရာသမားများနှင့်လုပ်ဖော်ကိုင်ဖက် တပည့်အကြပ်စစ်သည်များကို သတိရမိပါသည်။ ရွှေကျားပျံ မရွှေဝါ ဆေးပေါ့လိပ်အား စတင်သောက်ခဲ့ဖူးတာလည်း အနီးလဲချားမြို့ကလေးမှာပင်။

လဲချား-မိုင်းကိုင် ကားလမ်းသည်ကား ဟိုတုန်းကအခြေအနေနှင့် နှိုင်းယှဉ်ပြောလျှင် ကိုးဆယ်ဆမက ကွာခြားသွားလေပြီတကား။ တောင်ကြီးမှ လွိုင်လင်၊ လွိုင်လင်မှ ပင်လုံ-မိုင်းပွန်-လဲချား-မိုင်းကိုင်အထိ အလွန်ကောင်းနေပေပြီ။ လဲချားနှင့် မိုင်းကိုင်မြို့အကြားက ခမ်းနားဟု အမည်ရသည့် ကျေးရွာလေးသို့ မရောက်မီ ၄၉ မိုင်တိုင်ကွေ့ကို ယခင်ကတော်တော်မြင့်သည်ဟု ထင်ခဲ့မိသည်။ ယခုကားလမ်း ကောင်းနေသောအခါ၊ တောင်ထိပ်သို့အရောက် ခပ်ပြေပြေလေးပဲ မောင်းသွားရင်း ကျော်ဖြတ်ခဲ့သည်။ တပ်မကွန်မန်ဒိုတွင် တာဝန်ပြီးဆုံး၍ မိခင်တပ်ရင်းပြန်ရောက်တော့လည်း မိုင်းကိုင်ဒေသဘက်သို့ စစ်ဆင်ရေးပြန်ဝင်ရသဖြင့် အဆိုပါခမ်းနားရွာလေး၌ စခန်းထိုင်ခဲ့ဖူးသေးသည်။





ခမ်းနားရွာအလွန်မှ လှမ်း၍တွေ့မြင်ရသော ဆင်တောင်ကြီး

လမ်းစဉ်ပါတီခေတ်ဖြစ်၍ ပါတီ၊ ကောင်စီမှ တွဲပေးထားသော ဆရာဦးစံထွန်း၊ ဆရာဦးစိုးမြင့်တို့နှင့်အတူနေထိုင်ရင်း စည်းရုံးရေးဆင်းကြရ၊ သတင်းယူကြရတာကိုလည်း ပြန်လည်သတိရမိသေးတော့ ...။ ထိုရွာလေးမှာ စခန်းထိုင်စဉ် ၄၉ မိုင်တိုင်ကွေ့၌ အတက်ကားများကိုမကြာခဏ ခားပြတိုက်ခြင်းနှင့်လည်း ကြုံရသည်။ ဟိုးအဝေးဆီက တအီအီနှင့်တက်လာသော ကားသံသဲ့သဲ့နားစွင့်နေရင်းက ရုတ်တရက်ကားသံပျောက်သွားပြီဆို ကြပါစို့။ ထိုကား ခားပြတိုက်ခံနေရပြီဆိုတာ ဗေဒင်မေးစရာမလိုတော့ပေ။ သည့်နောက်မှာတော့ ၄၉ မိုင်တိုင်တစ်ဝိုက်မှာ ကင်းပုန်းဝပ်ရင်း ခရီးသည်တင်ယာဉ်များ ခားပြရန်မှကင်းဝေးအောင် ဆောင်ရွက်ပေးခဲ့တာကိုလည်း အမှတ်ရမိသည်။

၄၉ မိုင်တိုင်ကွေ့ကို ဖြတ်နေစဉ် ရှေးဟောင်းနှောင်းဖြစ်များကိုသတိရရင်း အတွေးရေယာဉ်ကြော မြောနေမိသောကြောင့် ခမ်းနားကျေးရွာသို့ ရောက်လို့ရောက်မှန်းပင် မသိလိုက်။ ခမ်းနားကျေးရွာလေးသည်ပင်လျှင် ဟိုတုန်းကလို တည်ငြိမ်အေးချမ်းမှုကင်းမဲ့သော ပုံသဏ္ဌာန်မျိုးမဟုတ်တော့၊ ဘုန်းတော်ကြီးကျောင်း၊ စာသင်ကျောင်းတို့ဖြင့် အေးချမ်းသောအရိပ်အာဝါသကို အမိအရ ဆုပ်ကိုင်ထားနိုင်ပြီဆိုသည့် ပြယုဂ်ပင်တည်း။ ခမ်းနားရွာမှဆက်ထွက်ပြီး မကြာမီမှာပင် ရှေ့ကသွားနေသည့်ကား တံ့ခနဲ ရပ်လိုက်တာတွေ့ရသည်။ ထိုကားပေါ်မှလိုက်ပါလာသည့် တပည့်ကျော် စိုင်းရန်စင်ငြိမ်းက ကျွန်တော်ရှိရာသို့ပြန်လျှောက်လာပြီး အဝေးတစ်နေရာကို လက်ညှိုးထိုးပြသည်။ သူညွှန်ပြရာသို့ကြည့်လိုက်မိသောအခါ...အလို.. ဟုတ်ပေသားပဲ၊ ဟိုအဝေးဆီမှာမြင်နေရသည်က ကျွန်တော်မကြာခဏသတိရနေမိသော ဆင်တောင်ကြီးပါပေတကား။ မိုင်းကိုင်မြို့၏ အနောက်ဘက်ယွန်းယွန်းလောက်ဆီက မှိုင်းပျပျမြင်ကွင်းအောက်မှာ ဣန္ဒြေရရကြီး ဝပ်စင်းလို့ရှိနေပါပကောလား။ အဝေးကလှမ်းကြည့်ရင်း ဟိုဟာကတော့ ဦးခေါင်းပိုင်း၊ ဒီဘက်ခြမ်းက ကိုယ်ထည်နှင့်အမြီးပိုင်း စသည်ဖြင့် ကွဲကွဲပြားပြားပုံဖော်၍ရသော တောင်တစ်တောင် ဖြစ်သဖြင့် မိုင်းကိုင်ဒေသတစ်ခုလုံးက ဆင်တောင်ဟု အမည်ပေးထားခြင်းဖြစ်ပေမည်။ ရှမ်းဘာသာစကားဖြင့်ဆိုလျှင် လွိုင်စန့်ဟု ခေါ်ရမည်ထင်ပါသည်။ ငယ်စဉ်တပ်မတော်သားဘဝမှာ ဤမည်သော ဆင်တောင်ကြီးကို အမြီးပိုင်းက ကျော်လိုက်၊ ခေါင်းပိုင်းကကျော်လိုက်ဖြင့် ဆင်တောင်တစ်ဖက်ခြမ်းက လွတ်ကုန်း၊ လွတ်ကန်း စသော ရွာများဘက်သို့ စစ်ဆင်ရေးဝင်ခဲ့ဖူးသည်။ အတက်အဆင်း မြင့်မားသော်လည်း မောသည် ပန်းသည်ဟူ၍ မထင်မှတ်ခဲ့။ ယခုအဝေးဆီမှသူ့ကို လှမ်း၍ငေးရင်း နှုတ်ဆက်ရုံမှလွဲ၍.....။

ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြန်လည်၍ရောက်ခဲ့ပါပြီ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသက အနှစ် ၃၀ ကျော်ကြာ ဝေးကွာခဲ့ရသော မိုင်းကိုင်ဆိုသည့်မြို့ကလေး။ မြို့အဝင်မှာကိုက ရပ်ကွက်အသစ်တစ်ခု တိုးနေပြီဖြစ်ကြောင်း သတိပြုမိသည်။ တစ်ချိန်တုန်းကတော့ ၂၅ ခုတင်ဆံ့ ဆေးရုံဝင်းသည် မြို့၏တောင်ဘက် အနားသတ်ဧရိယာဖြစ်လို့နေသည်။ ဆေးရုံဟောင်းကလေးကတော့ ယခင်ကအတိုင်း မပြောင်းမလဲတည်ရှိနေဆဲ။ သူ့ဘေးမှာ ယှဉ်လျက်တွေ့လိုက်ရသည်က ခံ့ညားထည်ဝါလှသော မိုင်းကိုင်မြို့နယ် ဆေးရုံသစ်ကြီး တစ်ရုံဖြစ်သည်။ ထိုဆေးရုံသစ်ကြီးအတွက် မိုင်းကိုင်မြို့နယ် ဇာတိဖွားလုပ်ငန်းရှင်ကြီးများ၏ အလှူဒါနများလည်း များစွာပါဝင်ခဲ့သည်ဟု သိရသည်။

ရှေးဦးစွာ မိုင်းကိုင်မြို့၌ မိမိတို့ဦးစီးဌာနက ဖွင့်လှစ်ထားသော မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်၍ ဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်ခဲ့သည်။ မိမိတို့ရုံးနေရာလေးမှ လှမ်းမျှော်ကြည့်လျှင်ပင် တစ်ချိန်က ရှေ့တန်းနည်းဗျူဟာရုံးစိုက်ခဲ့သော ဗျူဟာကုန်းကလေးကို တွေ့မြင်နေရသည်။ ထိုစဉ်က နည်းဗျူဟာမှူးများမှာ ဗိုလ်မှူးကြီးတင်ဦး (ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး-အတွင်းရေးမှူး-၂ )၊ ဗိုလ်မှူးကြီးညဏ်မြင့်၊ ဗိုလ်မှူးကြီးအောင်ခင် (သာသနာရေးဝန်ကြီး-ငြိမ်း) စသော ပုဂ္ဂိုလ်ကြီးများဖြစ်သည်။ အချို့ကား ကွယ်လွန်သွားခဲ့ကြပေပြီ။ မိုင်းကိုင်သင်္ကြန်မှာ အကနှင့် သီချင်းများတိုက်ဖို့ သူ့အား ကူညီလုပ်ကိုင်ပေးရန် ပြောကြားခဲ့သူ ဗိုလ်မှူးမင်းလွင် (ဗိုလ်သင်တန်း အပတ်စဉ် -၂၁) ပင်လျှင် ကွယ်လွန်ခဲ့တာ ၁၀ စုနှစ်မက ရှိခဲ့ပြီတည်း။

အဆိုတော် စိုင်းဆိုင်မောဝ်၏ ကျွန်တော့်ရဲ့စိမ်းသီချင်းကို ကျောပိုးအိတ်လွယ်ရင်း ဟန်ပါပါသီဆိုသရုပ်ဆောင်ခဲ့သည့် ရဲဘော်ခင်မောင်သိန်း တစ်ယောက်လည်း ဘယ်အရပ်ဘယ်ဒေသသို့ ရောက်နေပြီလည်း မသိ။ မှတ်မှတ်ရရ မြို့ထဲက အိမ်တစ်အိမ်မှာ သူ့သီချင်းကို သီဆိုဇာတ်တိုက်နေတုန်း သောင်းကျန်းသူအဖွဲ့က ဗျူဟာကုန်းအား လောင်ချာဒုံးသီးနှင့်လာပစ်သဖြင့် ကျွန်တော်တို့အားလုံး ဗျူဟာကုန်းပေါ်သို့ အပြေးပြန်တက်ခဲ့ကြရသည်ကို ယနေ့တိုင်မမေ့ခဲ့။ သူလည်း ဗိုလ်မှူးမင်းလွင်၏ လက်ရင်းတပည့်ကြီးဖြစ်သည်။

မိုင်းကိုင်မြို့ကိုရောက်ပြီဆိုလျှင်ဖြင့် မဖြစ်မနေ ကျွန်တော်သွားရောက် ဦးခိုက်ရမည့် တစ်နေရာရှိနေပါသည်။ ထိုနေရာသည်ကား ရွှေမြင်ထင် မွေတော်ဘုရားကြီး ကိန်းဝပ်စံပယ်ရာအရပ်ဆီသို့ပဲ ဖြစ်၏။ ယခင်စေတီဟောင်းများကို အသစ်ပြန်လည်ပြုပြင်မွမ်းမံ၍ ကုသိုလ် ယူထားကြသည့်အပြင် ပေါ်တော်မူရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကိုလည်း ဖူးမြော်ခွင့်ရခဲ့ ပြန်ပါသည်။ မွေတော်ဘုရားမှ ဝမ်ဖွီးရွာ(ကဖွီးရွာ)ဘက်သို့ လှမ်းမျှော်ကြည့်လိုက်မိသေး၏။ ယခင်ကတည်းက ကားလမ်းတော့ရှိသည်။ လှည်းလမ်းသာသာ လမ်းကြမ်းမျှသာ၊ ယခုမူ ကတ္တရာလမ်းအဖြစ် ပြောင်းလဲသွားပြီဖြစ်သည်။

ဝမ်ဖွီးရွာကဲ့သို့ပင် ဟိုအထက်နားဆီက ပန်ကေတု၊ တံ့လော၊ ခဲအွန်အွေ့၊ မိုင်းယွန်း စသော ကျေးရွာများသည်လည်း အသီးသီးအသက ပြောင်းလဲတိုးတက်နေမည်ဟု ကျွန်တော်အသေအချာယုံကြည်မိပါသည်။ ပန်ကေတုဘက်မှ တိုက်ခတ်လာသော လေပြည် လေညင်းထဲမှာ လိမ္မော်ရနံ့တွေပါလာသယောင် ခံစားလိုက်ရပြန်၏။ ဖြစ်နိုင်လျှင် ထိုရွာများအထိ သွားကြည့်ချင်ပါသေးသည်။ နေ့ချင်းပြန်ခရီးမို့ ဘယ်လိုမှမဖြစ်နိုင်တော့ပါ။ တိုးတိုးဖွဖွနှုတ်ဆက်ရင်း ပြန်လည်ထွက်ခွာခဲ့ရသည်။ နေရစ်ခဲ့တော့ မိုင်းကိုင်မြို့လေးရေ...။ နှုတ်ဆက်ခဲ့ပါတယ် ဆင်တောင်ကြီးရေ.....။ ။

## အမ်းမြို့နယ် ဒေသဖွံ့ဖြိုးရေးအတွက် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ ညှိနှိုင်းဆွေးနွေး

**အမ်း နိုဝင်ဘာ ၁၈**

ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးအတွက် မြို့နယ်အစိုးရဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များ၏ နှစ်ပတ်လည် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် အမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ်က အမှာစကား ပြောကြားပြီး လူသရမ်ဝေါလ်ဖက်ဒရေးရှင်း(The Lutheran World Federation)မှ စီမံကိန်းလုပ်ငန်း ဆောင်ရွက်ချက်များကို ဒေါက်တာမျိုးဝင်းက ရှင်းလင်းပြောကြားသည်။ ထို့နောက် အစည်းအဝေးတက်ရောက်လာသော ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအကြောင်းကို ငါးယောက်တစ်ဖွဲ့ဖွဲ့၍ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ဆွေးနွေးခဲ့ကြသည်။

လူသရမ်ဝေါလ်ဖက်ဒရေးရှင်း စီမံကိန်းအနေဖြင့် အမ်းမြို့နယ်အတွင်း၌ ပြည်သူ့အကျိုးပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယခင် ၂၀၁၆ ခုနှစ်က ကျေးရွာ ၁၆ ရွာတွင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ကျေးရွာငါးရွာ၌ ဆောင်ရွက်နေကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## မြန်မာနိုင်ငံသတင်းစာဆရာအသင်း သက်ကြီးပူဇော်ကန်တော့ပွဲအတွက် ငွေလှူဒါန်း

**တောင်ငူ နိုဝင်ဘာ ၁၈**

တောင်ငူ သတင်းထောက် ဦးကျော်လှ၊ ဇနီး ဒေါ်ဒေဝကီးဒေဝီနှင့် (သမာဓိ) မိသားစုမှ မြန်မာနိုင်ငံသတင်းစာဆရာအသင်း စတုတ္ထအကြိမ် သက်ကြီးသတင်းစာပညာရှင်ကြီးများ ပူဇော်ကန်တော့ပွဲအတွက် လှူဒါန်းငွေကျပ် တစ်သိန်းကို နိုဝင်ဘာ ၁၇ ရက်က တောင်ငူမြို့ကန်တော်ကြီး ဓာတုကလျာလမ်းရှိ သမာဓိဂေဟာ၌ မြန်မာနိုင်ငံသတင်းစာဆရာအသင်း အတွင်းရေးမှူး ဦးကျော်စွာမင်းထံသို့ ပေးအပ်လှူဒါန်းလိုက်သည်။ (အပေါ်ပုံ) **၁၄၃**



ရန်ကုန်တိုင်းဒေသကြီး အောင်မင်္ဂလာအဝေးပြေးယာဉ်ရပ်နားစခန်းတွင် မူးယစ်ဆေးဝါး ပညာပေးပြခန်းယာဉ်ဖြင့် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါး ကာကွယ်ရေးအတွက် စာတမ်းများ၊ မှတ်တမ်းဓာတ်ပုံများနှင့် လုပ်သားပြည်သူခရီးသွားများအား ရှင်းလင်းပြသစဉ်။ ကျော်ဇေယျ(သတင်းစဉ်)

## လွိုင်လင်လေးမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ ဖော်ဆောင်ရေး ကွင်းဆင်းကြည့်ရှု

**လွိုင်ကော် နိုဝင်ဘာ ၁၈**

လက်ရှိအခြေအနေတွင် မြို့အဖြစ်သတ်မှတ်ပြီးဖြစ်သည့် လွိုင်လင်လေးမြို့အတွက် မြို့အဝင်အထွက် ဆိုင်းဘုတ်များ စိုက်ထူဆောင်ရွက်နိုင်ရေးအတွက်လည်း ယခုဘဏ္ဍာရေးနှစ်တွင် ပါဝင်ပြီးဖြစ်ရာ မြို့ဆိုင်းဘုတ်စိုက်ထူနိုင်ရေး၊ မြို့အတွင်းရှိ ရပ်ကွက်များ စနစ်တကျဖြစ်စေရေးအတွက် ကယားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့ ပါဝင်သောအဖွဲ့က လွိုင်လင်လေးမြို့သို့ နိုဝင်ဘာ ၁၆ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

လွိုင်လင်လေးမြို့အဖြစ် အဆင့်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်ရေးဆွဲပြီး စနစ်တကျ အကောင်အထည် ဖော်ဆောင်ရွက်ရန်နှင့် မြို့အုပ်ချုပ်ရေးမှူးရုံး (ယာယီ)ဖွင့်လှစ်ပေးရန်၊ စုပေါင်းရုံးဆောက်လုပ်ပေးရန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဌာန၊ ကိုယ်စားလှယ်များ ရပ်မိရပ်ဖများ၊ ပြည်သူများ ပူးပေါင်း၍ ဟန်ချက်ညီညီဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားရန် ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်မှာကြားခဲ့သည်။

ကယားပြည်နယ်အတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများက လိုလားတောင့်တလျက်ရှိသလို မြေပြင်တွင်လည်း မြို့အဆင့်တိုးမြှင့်ရန် သင့်လျော်သည့် လွိုင်ကော်မြို့နယ်မှ လွိုင်လင်လေးကျေးရွာနှင့် ဒီမော့ဆိုမြို့နယ်မှ နန်းမယ်ခုံကျေးရွာအုပ်စုတို့ကို မြို့အဆင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြခဲ့သည်။



ထိုသို့ တင်ပြမှုအရ လွိုင်ကော်မြို့နယ် လွိုင်လင်လေးကျေးရွာအုပ်စုရှိ လွိုင်လင်လေးကျေးရွာကို ရပ်ကွက်သုံးရပ်ကွက် ပါဝင်သည့် လွိုင်လင်လေးမြို့အဖြစ်လည်းကောင်း၊ ဒီမော့ဆိုမြို့နယ် နန်းမယ်ခုံကျေးရွာအုပ်စုကို ရပ်ကွက် လေးရပ်ကွက်ပါဝင်သော နန်းမယ်ခုံမြို့အဖြစ်လည်းကောင်း ပြင်ဆင်ဖွဲ့စည်းခွင့်ပြုခဲ့သည်။

လွိုင်လင်လေးမြို့ သတ်မှတ်ရာတွင် မူလလွိုင်လင်လေးကျေးရွာအတွင်းရှိ မြေဧရိယာ ၆၈၈ ဧကမှ မြေဧရိယာ ၂၈၉ ဧကကို အောင်တေဇရပ်ကွက်၊ အောင်သိဒ္ဓိရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက် စသည့် ရပ်ကွက်သုံးရပ်ကွက်ပါဝင်သော မြို့အဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ပြီး ကျန်စိုက်ပျိုးမြေ ၃၉၉ ဧကကို ပိန်းချစ်ကျေးရွာအတွင်းသို့ ထည့်သွင်းဖွဲ့စည်းခြင်း၊ မူလလွိုင်လင်လေးကျေးရွာကို ပယ်ဖျက်ပြီး ကျန်ရှိသည့် ကျေးရွာ ၁၂ ရွာဖြစ်သည့် ပိန်းချစ်၊ ခုတ်လော၊ ဒေါတနော၊ နန်းနောက်၊ အိုင်စန့်၊ ဝမ်ကုန်း၊ ထီရိ၊ ကုန်းဆွတ်၊ ကျောက်ကြီး (မြောက်)၊ တနောင်ညွှန့်၊ သာယု၊ နန်းလွှာ ကျေးရွာတို့အား စုစည်းပြီး ပိန်းချစ်ကျေးရွာအုပ်စုအဖြစ် ပြုပြင်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မြို့အဖြစ် အဆင့်တိုးမြှင့် ပြင်ဆင်ဖွဲ့စည်းခွင့်ရခဲ့ပြီး ဖြစ်သော ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ လွိုင်လင်လေးမြို့နှင့် ဒီမော့ဆိုမြို့နယ်မှ နန်းမယ်ခုံမြို့တို့အား မြို့အင်္ဂါရပ်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် အုပ်ချုပ်ရေးရုံးများ၊ လိုအပ်သည့်ဌာနများ ဖွင့်လှစ်နိုင်ရေးအတွက် ဘဏ္ဍာငွေများလည်း လျာထားဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## ကချင်ပြည်နယ်၌ ယခုနှစ်အတွင်း လူကုန်ကူးခံရသည့် မှုခင်း အရေအတွက် ပိုများနေ

**မြစ်ကြီးနား နိုဝင်ဘာ ၁၈**

ကချင်ပြည်နယ်တွင် လူကုန်ကူးခံရသည့် မှုခင်းဖြစ်စဉ်များသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်ပါက ယခုနှစ်အတွင်း များပြားလာကြောင်း မြစ်ကြီးနားမြို့လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

လူကုန်ကူးခံရသည့်အမှု စုစုပေါင်းမှာ ၂၀၁၅ ခုနှစ်တွင် ၁၅ မှု၊ ၂၀၁၆ ခုနှစ်တွင် ၁၃ မှုနှင့် ၂၀၁၇ ခုနှစ်တွင် နိုဝင်ဘာ ၁၅ ရက်အထိ ၂၇ မှုရှိနေခြင်းဖြစ်သည်။ "လူကုန်ကူးမှု တိုးလာတဲ့အကြောင်းက လွန်ခဲ့တဲ့ ငါးနှစ်လောက်ကတည်းက လူကုန်ကူးခံထားရတာပေါ့၊ ကျွန်တော်တို့က ကျေးရွာတွေအထိ လူကုန်ကူးမခံရအောင် အသိပညာသွားပေးရင်းနဲ့ အခုမှအမှုဖွင့်လာတာတွေပေါ့၊ အဲဒါကြောင့် တိုးလာတာပါ၊ အရင်တုန်းကတော့ လူကုန်ကူးမှုအဖြစ်များဆုံးလမ်းကြောင်းက တရုတ်ပြည်ကိုသွားတဲ့ လိုင်ဇာလမ်းပေါ့၊ အခုက လိုင်ဇာလမ်းပိတ်သွားတော့ ကန်ပိုက်တည်၊ လွယ်ဂျယ်လမ်းက အဖြစ်အများဆုံးပါ"ဟု မြစ်ကြီးနားမြို့လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တပ်ဖွဲ့စု(၁၂)မှ ရဲမှူးအောင်မင်းကြည်က ပြောသည်။

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်လှိုင်စိုးက "လူကုန်ကူးမှုဖြစ်ပွားခဲ့တဲ့ လူတွေထဲမှာ သာမန်အရပ်သားတွေအပြင် ကျောင်းသူ ကျောင်းသားတွေလည်း ပါတယ်၊ အသက် ၁၈ နှစ်ကနေ ၂၅ နှစ်ကြား အမျိုးသမီးငယ်တွေ ပိုအဖြစ်များနေပါတယ်၊ လူကုန်ကူးခံရတဲ့ လူမျိုးတွေကတော့ အစုံပဲ၊ ရှမ်း၊ ကချင်၊ ဗမာတွေပေါ့၊ ကချင်ကတော့ အများဆုံးပါ"ဟု ပြောသည်။ ၂၀၁၅ ခုနှစ်တွင် အမှုပေါင်း ၁၅ မှုဖြစ်၍ လူကုန်ကူးခံရသူ ၂၀ ရှိပြီး ၂၀၁၆ ခုနှစ်တွင် အမှုပေါင်း ၁၃ မှုနှင့် လူကုန်ကူးခံရသူ ၁၇ ဦးရှိကာ ၂၀၁၇ ခုနှစ်တွင် နိုဝင်ဘာ ၁၅ ရက်အထိ အမှုပေါင်း ၂၇ မှု ဖြစ်ပွားခဲ့၍ လူကုန်ကူးခံရသူ ၃၉ ဦးအထိ ရှိနေသည်ဟု သိရသည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အသိပညာပေးဟောပြောပွဲများကိုလည်း မြစ်ကြီးနားမြို့နယ်အတွင်းရှိ ကျောင်းများ၊ စစ်ရှောင်စခန်းများ၊ ရပ်ကွက်များတွင် လစဉ်ပြုလုပ်ပေးနေကြောင်း လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့တပ်ဖွဲ့စု(၁၂) မြစ်ကြီးနားမှ သိရသည်။

အဆိုပါ ဟောပြောပွဲများတွင် လူကုန်ကူးသူ လူပွဲစားများ၏ စည်းရုံးပုံနည်းလမ်းများ၊ ဖြစ်ပွားခဲ့သော လူကုန်ကူးမှု မှုခင်းဖြစ်စဉ်များ၊ ရွှေ့ပြောင်းသွားလာခြင်းမှ လူကုန်ကူးမှု ဖြစ်ပေါ်လာပုံနှင့် လူကုန်ကူးမှုအကြောင်း ဥပဒေဆိုင်ရာ သိကောင်းစရာများကို ပညာပေးဟောပြောပြီး ယခုနှစ်အတွင်း ဟောပြောပွဲပေါင်း ၁၃၂ ကြိမ် ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

## ဟားခါးခရိုင်အတွင်း စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲပြုလုပ်

**ဟားခါး နိုဝင်ဘာ ၁၈**

ကျေးရွာစာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်က ဟားခါးခရိုင် ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ပုမ်ခန့်နွမ်က အမှာစကားပြောကြားပြီး ဟားခါးခရိုင် ဦးစီးအရာရှိ ဒေါ်မျိုးမျိုးသွယ်နှင့် ဒုတိယဦးစီးမှူး ဒေါ်နီလာဝင်းတို့က စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် အချက်များ၊ စာကြည့်တိုက်စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်မှူးများနှင့် ကျောင်းစာကြည့်တိုက် တာဝန်ခံများက ဆောင်ရွက်နေသည့် စာကြည့်တိုက်လုပ်ငန်းများနှင့် ကြုံတွေ့ရသည့် အခက်အခဲများကို တင်ပြကြကာ ဟားခါးခရိုင်ဦးစီးအရာရှိက ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ပြီး ဆက်လက်၍ စာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သင့်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို အဖွဲ့လိုက် ဝိုင်းဝန်းအကြံပြု ဆွေးနွေးတင်ပြခဲ့ကြသည်။

**ခရိုင် (ပြန်/ဆက်)**

## ကိုယ်ဝန်ဆောင်မိခင်လောင်းများအား ကျန်းမာရေးအသိပညာပေးပြီး မွေးလူနာများအား ထောက်ပံ့ငွေနှင့် အာဟာရများလှူဒါန်း

**မြိတ် နိုဝင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာအေးနှင့် အဖွဲ့ဝင်များသည် နိုဝင်ဘာ ၁၆ ရက်က မြိတ်မြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းတွင် ကိုယ်ဝန်ဆောင်များအား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုနှင့် ကျန်းမာရေးစစ်ဆေးပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ကိုယ်ဝန်ဆောင် မိခင်လောင်းများအား ကိုယ်ဝန်ဆောင်စဉ် မိမိသန္ဓေသားနှင့် မိမိကျန်းမာရေးကိုဂရုစိုက်ကြရန်၊ အာဟာရပြည့်ဝမျှတသော အစားအစာများကို စားသုံးကြရန်နှင့် ဆောင်ရန် ရှောင်ရန်များကို အသိပညာပေး ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် အသင်းပိုင်သားဖွားခန်းတွင် လာရောက်မွေးဖွားကြသည့် မွေးလူနာများအား အားပေးစကားများပြောကြားခဲ့ပြီး ထောက်ပံ့ငွေများနှင့် အာဟာရများ လှူဒါန်းခဲ့ကြကာ သားဖွားခန်းတွင် အသုံးပြုရန်အတွက် ကျပ် ၁၅၀၀၀၀ တန်ဖိုးရှိ စတီးတွန်းလှည်းခုတင်တစ်လုံးကိုလည်း ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြိတ်ပြည်သူ့ဆေးရုံ မိခင်နှင့်ကလေးကုသဆောင်တွင် ကလေးမွေးဖွားနေကြသည့် ချို့တဲ့ မွေးလူနာများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားပြောကြားကြကာ ထောက်ပံ့ငွေများနှင့် အာဟာရများ လှူဒါန်းခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းတွင် ဆရာဝန်တစ်ဦးနှင့် သူနာပြုဆရာမ လေးဦးဖြင့် ကလေးလာရောက်မွေးဖွားသည့် မွေးလူနာများအား ဂရုတစိုက် မွေးဖွားပေးလျက်ရှိပြီး အပတ်စဉ်ကြာသပတေးနေ့တိုင်းတွင် ကိုယ်ဝန်ဆောင်အသစ်များနှင့် အပတ်စဉ် သောကြာနေ့တိုင်းတွင် ကိုယ်ဝန်ဆောင်အဟောင်းများအား ကျန်းမာရေးစစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**



# တနင်္သာရီမြို့နယ်မှ ခြေတုလက်တု တပ်ဆင်ရသူများအား ခြေတုများ အခမဲ့ ကွင်းဆင်းလဲလှယ်ပေး



**တနင်္သာရီ နိုဝင်ဘာ ၁၈**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဘားအံခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ တာဝန်ရှိသူများက တနင်္သာရီမြို့နယ်အတွင်းမှ မသန်စွမ်းသူများအား ခြေတုလက်တု လဲလှယ်တပ်ဆင်ပေးခြင်းကို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတစ်ရပ်အဖြစ် နိုဝင်ဘာ ၁၆ ရက်က တနင်္သာရီမြို့နယ် ကြက်ခြေနီအသင်း(ယာယီ)ရုံး၌ ဆောင်ရွက်ပေးခဲ့ကြသည်။

ခြေတုလက်တု လဲလှယ်တပ်ဆင်ပေးခြင်းကို ဘားအံမြို့ ခြေတုလက်တုဆိုင်ရာ ပြန်လည်သန်စွမ်းရေးဌာနမှ ကွင်းဆင်းအရာရှိ ဒေါ်အိသူဇာချို၊ အကြောအဆစ်ပညာရှင် ဒေါ်ကော်ကေနှင့် ပညာရှင်များအဖွဲ့က ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပြီး တနင်္သာရီမြို့နယ်အတွင်းမှ ခြေတုလဲလှယ်သူ ၁၄ ဦးနှင့် လက်တုအသစ်တပ်ဆင်သူ နှစ်ဦး စုစုပေါင်း ၁၆ ဦးအား လက်တွေ့စမ်းသပ်တိုင်းထွာ၍ ခြေတု လက်တုများ နေ့ချင်းပြီး အခမဲ့ ပြုလုပ်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

ခြေတုလက်တု လဲလှယ်တပ်ဆင်ပေးခြင်းကို တနင်္သာရီမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောမောင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြပြီး တနင်္သာရီမြို့နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်အောင်၊ မြို့နယ်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှူး ဦးရွှေဝင်းနှင့် တပ်ဖွဲ့ဝင်များကလည်း လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# ရှမ်းနှစ်သစ်ကူးပွဲတော်အထိမ်းအမှတ် ကောက်သစ်မိတ်ဆုံစားပွဲကျင်းပ

**တာချီလိတ် နိုဝင်ဘာ ၁၈**
တာချီလိတ်မြို့နယ် ရှမ်းတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းက ကြီးမှူး၍ ၂၁၁၂ နှစ်မြောက် ရှမ်းတိုင်းရင်းသားများရိုးရာ နှစ်သစ်ကူးကြိုဆိုပွဲနှင့် ကောက်သစ်မိတ်ဆုံစားပွဲကို တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု ဆေးခမ်းရပ်ကွက်ရှိ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းဝင်းအတွင်း၌ နိုဝင်ဘာ ၁၆ ရက် ညပိုင်းက ကျင်းပခဲ့သည်။

နှစ်သစ်ကူးကြိုဆိုပွဲ ဖွင့်ပွဲတွင် ရှမ်းပြည်နယ် စည်ပင်သာယာရေးရာဝန်ကြီး ဦးစိုင်းစွံဆိုင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ဝင်းရွှေ၊ ဗိုလ်မှူးကြီးအေးမင်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထိန်ဝင်း၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းနာယက ဦးစိုင်းယီဆာနှင့် ဥက္ကဋ္ဌ ဦးစိုင်းမုံနွှန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ရှမ်းရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များက ရှမ်းတေးသီချင်းများသီဆို၍ မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ရှမ်း၊ အာခါ၊ လားဟူစသည့် တိုင်းရင်းသားယဉ်ကျေးမှု အဆိုအကများဖြင့် ဖျော်ဖြေခြင်းတို့ဖြင့် ရှမ်းနှစ်သစ်မင်္ဂလာ အခါသမယကို ကြိုဆိုကြသည်။ ရှမ်းနှစ်သစ်ကူးချိန်မှာ နိုဝင်ဘာ ၁၈ ရက် ည ၁၂ နာရီဖြစ်ရာ ထိုအချိန်တွင် မီးရှူးမီးပန်းများပစ်ဖောက်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခြင်း၊ ရှမ်းရိုးရာ ဝတ်စားဆင်ယင်မှု Fashion Show နှင့် ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာကြိုဆိုမည်ဖြစ်ကြောင်း သိရသည်။



ရှမ်းနှစ်သစ်ကူးကြိုဆိုပွဲမှ ဖျော်ဖြေရေးအစီအစဉ်တစ်ခု

ရှမ်းနှစ်သစ်ကူးပွဲတော်ဖြစ်ပေါ်လာရခြင်းမှာ သာသနာသက္ကရာဇ် ၄၅၀ ပြည့်နှစ် နတ်တော်လဆန်း ၁ ရက်နေ့တွင် ရှမ်းတိုင်းရင်းသားများနေထိုင်ရာဒေသသို့ ဗုဒ္ဓသာသနာရောက်ရှိချိန်မှ စတင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်မှစ၍ ရှမ်းသက္ကရာဇ်စတင်ခဲ့ကာ နှစ်စဉ်နတ်တော်လဆန်း ၁ ရက်နေ့ကို ရှမ်းနှစ်ဆန်း ၁ ရက်နေ့အဖြစ်သတ်မှတ်၍ ရှမ်းနှစ်သစ်ကူးပွဲတော်ကို တန်ဆောင်မုန်းလကွယ်နှင့် နတ်တော်လအတွင်း နှစ်စဉ်ကျင်းပခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# မွေးကင်းစ ကလေးငယ်များအား စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေး ဆွေးနွေး

**မကွေး နိုဝင်ဘာ ၁၈**
မကွေးတိုင်းဒေသကြီးအတွင်း မွေးကင်းစကလေးငယ်များအား စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်က မကွေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမတွင် ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို က အမှာစကားပြောကြားပြီး မွေးကင်းစကလေးငယ်များအား စွန့်ပစ်ခြင်းမှ ကာကွယ်တားဆီးရေးအဖွဲ့ဝင် ပါမောက္ခ ဒေါက်တာမြသီတာက မွေးကင်းစကလေးငယ်များအား စွန့်ပစ်ခြင်းကို ကာကွယ်တားဆီးရေးဆိုင်ရာများကိုလည်းကောင်း၊ ပွင့်ဖြူမြို့နယ်မှ ဒေါ်ညိမ်းညိမ်းအေးက မွေးစကင်းစကလေးငယ်များစွန့်ပစ်ခြင်း အခြေအနေများကိုလည်းကောင်း၊ မကွေးဆေးတက္ကသိုလ်ကမ်းဆင့်လက်အဖွဲ့မှ ဦးရဲရင့်မျိုးတင့်နှင့် ဦးဇင်ကိုလှိုင်တို့က သားဆက်ခြားနည်းလမ်းများနှင့် Family planningအကြောင်းကို လည်းကောင်း၊ မကွေးမြို့မှ ဒေါ်အေးအေးသင်းက ကူးစက်ရောဂါများအကြောင်းနှင့် ကိုယ်ဝန်ဆောင်ဖြစ်စဉ်နှင့် ပြဿနာများအကြောင်းကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် မျိုးဆက်ပွားကျန်းမာရေး လက်ကမ်းစာစောင်များ၊ အသိပေးဆွေးနွေးရာတွင်သုံးရန် လမ်းညွှန်ကတ်များကိုလည်း ဆွေးနွေးပွဲတက်ရောက်သူများထံ ဖြန့်ဝေပေးခဲ့ကာ ဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ ကိုယ်စားလှယ် ၆၀၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေး၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန ခေတ္တဦးစီးမှူး ဒေါ်နွယ်နွယ်အောင်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်တို့ တက်ရောက်ခဲ့ကြသည်။ **ခရိုင် (ပြန်/ဆက်)**

# သားပျက် သားလျှော ကာကွယ်ကုသခြင်းလုပ်ငန်း ဆန်းစစ် ဆွေးနွေးပွဲပြုလုပ်

**ရန်ကုန် နိုဝင်ဘာ ၁၈**
မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် IPPF တို့ ပူးပေါင်း၍ ပြည်သူလူထုအတွင်း အန္တရာယ်ရှိသော သားပျက်၊ သားလျှောခြင်းမှ ကာကွယ်ကုသခြင်းဆိုင်ရာ လုပ်ငန်းဆန်းစစ် ဆွေးနွေးပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ နိုဝင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒေါက်တာ ဦးစိုးမြင့်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်ဝင်းအိခိုင်က မြို့နယ်အတွင်းရှိ ရပ်ကွက် (၅) ရပ်ကွက်နှင့် ကျေးရွာအုပ်စုငါးအုပ်စုတို့၌ သားပျက်၊ သားလျှောခြင်းမှ ကာကွယ်ကုသခြင်းဆိုင်ရာ အခြေခံအချက်အလက်များနှင့် စီမံဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း IPPF စီမံချက်မှ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဦးကိုကိုမော်က လုပ်ငန်းဆန်းစစ်ခြင်း အကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ ဒေါက်တာ ဦးစိုးမြင့်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသို့ ထောက်ပံ့ငွေပေးအပ် လှူဒါန်းခဲ့သည်။ **နိုင်လင်းကျော်(ဒလ)**



မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီး ဘိုဘိုဦး၏ဦးဆောင်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ဝင်းစိန်၊ မြို့မ စခန်းမှူးဒုရဲမှူး ချစ်ကိုကိုနှင့်အဖွဲ့ နိုဝင်ဘာ ၁၃ ရက်က ဘီးလင်းမြို့ အလူးကျေးရွာရှိ ပြည်သူများအား မှုခင်းကျဆင်းရေး အသိပညာပေးပြခန်းယာဉ်ဖြင့် ပညာပေးပြသစဉ်။ ကို(ရဲ)

# အောင်ချမ်းသာ ပင်မ ဓာတ်အားခွဲရုံတွင် 100MVA ထရန်စဖော်မာ တပ်ဆင်မည်

**မုံရွာ နိုဝင်ဘာ ၁၈**
မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပင်မဓာတ်အားခွဲရုံတွင်ရှိသည့် 45MVA ထရန်စဖော်မာကို 100MVA အဖြစ်သို့ အင်အားတိုးမြှင့်တပ်ဆင်သွားမည်ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဧပြီလထဲတွင် အပြီးတပ်ဆင်ဆောင်ရွက်ရန် လျာထားကြောင်း မုံရွာမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးဇော်ဇော်ထံမှ သိရသည်။

"မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပြည်ထောင်စုဘတ်ဂျက်နဲ့ 45MVA ကနေ 100 MVA ထရမ်စဖော်မာ အဖြစ် အင်အားတိုးမြှင့်တပ်ဆင်သွားမှာပါ၊ အခုလက်ရှိမှာ ကြိုတင်ဆောင်ရွက်ရမယ့် အကာအကွယ်စနစ်တွေကို တပ်ဆင်နေတာဖြစ်သလို 100MVA တပ်ဆင်ပြီးရင်တော့ လက်ရှိသုံးစွဲနေတဲ့ လျှပ်စစ်ဓာတ်အားထက် နှစ်ဆရရှိစေမှာဖြစ်ပါတယ်"ဟု မြို့နယ်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။

မုံရွာမြို့ အောင်ချမ်းသာရပ်ကွက် ပင်မဓာတ်အားခွဲရုံတွင် လက်ရှိတပ်ဆင်အသုံးပြုနေသော 45MVA ထရန်စဖော်မာဖြင့် မုံရွာမြို့နယ် ချောင်းဦးမြို့နယ်နှင့် ဘုတလင်မြို့နယ်များရှိ မြို့ပေါ်နှင့် ကျေးလက်ဒေသများအထိ ဓာတ်အားပေးပို့နေရကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ရေး သုံးပွင့်ဆိုင် ဆွေးနွေး

**ဂန့်ဂေါ နိုဝင်ဘာ ၁၈**
အလုပ်သမားများအတွက် အနည်းဆုံးလုပ်ခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို နိုဝင်ဘာ ၁၆ ရက်က ဂန့်ဂေါမြို့ မြစ်သာခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး၏ အနည်းဆုံးလုပ်ခကြေးငွေ အဆိုပြုနှုန်းထားသတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး ဒေါ်မို့မို့သွင်က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်း တင်ပြသည်။ ထို့နောက် တင်ပြချက်နှင့်စပ်လျဉ်း၍ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များ၊ တက်ရောက်လာကြသူများနှင့် ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်နိုင်တို့က ဖြည့်စွက်ဆွေးနွေးခဲ့သည်။ **၁၀၁**

## ရခိုင်သဟာယအသင်း(ရန်ကုန်)သို့ ၂၀၁၇-၂၀၁၈ပညာသင်နှစ်အတွက် တက္ကသိုလ်ပညာသင်ဆု လျှောက်ထားနိုင်

တက္ကသိုလ်ပညာသင်ကြားရန် အမှန်တကယ်အခက်အခဲရှိနေသည့် ရခိုင်ပြည်နယ် အပါအဝင်တစ်နိုင်ငံလုံးမှ ရခိုင်လူမျိုး ကျောင်းသား/ကျောင်းသူများအနေဖြင့် ရခိုင်သဟာယအသင်း(ရန်ကုန်)မှ ချီးမြှင့်မည့် တက္ကသိုလ်ပညာသင်ဆုအား လျှောက်ထားနိုင်ပြီဖြစ်သည်။ လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ မြို့နယ်ပညာရေးမှူးရုံးများ၊ အသင်းမြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ် ၆၇၊ ပထပ်၊ လှည်းတန်းလမ်း၊ လမ်းမတော်မြို့နယ်ရှိ ရခိုင်သဟာယအသင်း(ရန်ကုန်)ရုံးခန်း၌ရယူနိုင်ပြီး ပြည့်စုံစွာရေးသားဖြည့်စွက်ကာလျှောက်လွှာများကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၃၁ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ရဖြစ်ပါသည်။

တက္ကသိုလ်ပညာသင်ဆုအား လှူဒါန်းလိုသော အလှူရှင်များအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြပါသည်။

ဦးရွှေသိန်းကျော်-ဖုန်း-၀၉-၅၀၀၂၇၉၅၊ ဦးဦးမြင့်ကျော်-ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးထွန်းနိုင်-ဖုန်း-၀၉-၂၅၄၃၁၁၀၇၁၊ ဒေါက်တာတင်မာအောင်-ဖုန်း-၀၉-၅၁၅၉၄၅၇၊ ဒေါ်စုစုသိန်း-ဖုန်း-၀၉-၉၇၁၈၇၅၁၆၂၊ ဦးသာမြကျော်-ဖုန်း-၀၉-၅၁၅၅၄၁၉၊ ဒေါ်အေးလှိုင်ဦး-ဖုန်း-၀၉-၇၈၅၅၅၄၉၃၁၊ ဒေါက်တာမြနှင်းအေး-ဖုန်း-၀၉-၅၀၂၁၄၃၂၊ ဦးစောအောင်-ဖုန်း-၀၉-၅၀၈၂၄၃၉နှင့် အသင်းရုံးဖုန်း-၀၁-၂၂၀၆၄

## (YMBA)ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ် (၂၉)ကြိမ်မြောက်သက်ကြီးပူဇော်ပွဲနှင့် မြန်မာစာ ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနားဖိတ်ကြားခြင်း

(YMBA)ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းချုပ်မှ(၂၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ မြန်မာစာတွင် ဂုဏ်ထူးနှင့်အမှတ်အများဆုံး ရရှိသော(YMBA)အသင်းခွဲများ၏ ကျောင်းသားကျောင်းသူတို့အား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၃၇၉ခုနှစ်၊ နတ်တော်လပြည့်နေ့ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာ ၃ရက် (တနင်္ဂနွေနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၉ နာရီတိတိ

**ကျင်းပမည့်နေရာ** - အမှတ်(၇၇)၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၂၀၉၄၀၉၊ ၂၉၁၃၄၇၊ ၂၉၆၄၆၈၊ ၂၉၉၇၁၄

သက်ကြီးအပူဇော်ခံအသင်းသားများအနေဖြင့် (YMBA)အသင်းချုပ်သို့ ၁၈-၁၁-၂၀၁၇ရက်မှစ၍ ဆက်သွယ်သတင်းပို့၍ ဖိတ်စာများထုတ်ယူပါရန်နှင့် ဖိတ်စာနှင့်တကွ ကြွရောက်ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**အမှုဆောင်အဖွဲ့(၂၀၁၆-၂၀၁၈)**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ အိတ်ဖွင့်တင်ဒါ(Open Tender )ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျုံပျော်မြို့နယ်၊ အထောင်မြို့၌ သာမန်အချိန်တွင် မူကြိုကျောင်းအဖြစ်လည်းကောင်း၊ သဘာဝဘေးကျရောက်ချိန်တွင် ဘေးခိုလှုံရာ အဆောက်အဦအဖြစ်လည်းကောင်း အသုံးပြုရန်(School Cum Shelter)(၁)လုံး(၆၀×၆၀×၂၉)ပေဆောက် လုပ်ခြင်းလုပ်ငန်းအား ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများသည် သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ လူမှု ရေးဝန်ကြီးဌာနရုံးတွင် ၂၀-၁၁-၂၀၁၇ရက်မှ စတင်ရောင်းချပါမည်။ တင်ဒါပိတ်သိမ်းမည့် ၂၀-၁၂-၂၀၁၇ရက် (၁၆:၃၀)နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါ တင်သွင်းရန် သိရှိလိုသည့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၁၀၁၃သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5E/ 7811 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/5640 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### ယာဉ်မှတ်ပုံတင် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/5151 BMWx6 S/W (4x4)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစံဖောင်း ၁၃/ပပက(နိုင်) ၀၀၂၄၇၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(ကျိုင်းတုံ)**

### ဖခင်အမည်မှန်

